ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ပညာဆီမီးကိုရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြှိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Sunday, 18 September 2016 (စ၆၈၈)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့သို့ရောက်ရှိရာ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့သို့ ရောက်ရှိ

နယူးယောက် စက်တင်ဘာ ၁၇

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ဝါရှင်တန်မြို့ Union Station မှ မီးရထားဖြင့် ထွက်ခွာခဲ့ပြီး နယူးယောက်မြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နယူးယောက်မြို့ Penn Station ၌ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

မြန်မာအထူးစီးပွားရေးဇုန်ပဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူ သီလဝါအထူးစီးပွားရေးဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာအထူးစီးပွားရေးဇုန် ပဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန် ဇုန်-A အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဇုန်-B ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Japan Thilawa Development Limited (MJTD) ၏ President and CEO Mr.Takashi Yanai က သီလဝါ အထူးစီးပွားရေးဇုန်သည်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

သီလဝါအထူးစီးပွားရေးဇုန်ရှိ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကို မြန်မာအထူးစီးပွားရေးဇုန်ပဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားအကျိုးစီးပွားနှင့် ရဲရင့်သတ္တိရှိသော ခြေလှမ်းများ

သမ္မတ အိုဘားမားဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့က မြန်မာနိုင်ငံ အပေါ် ချမှတ်ထားသော လက်ကျန် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု အားလုံးကို ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါသည်။ ဤကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးဩဇာအရှိန်အဝါအပေါ် အလေးအနက်ထား ထည့်သွင်းတွက်ချက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးဩဇာအရှိန်အဝါဆိုသည်မှာလည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ် ယုံကြည်ကိုးစားသောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ ယုံကြည်ကိုးစားခြင်းသည်လည်း ဒေါ်အောင်ဆန်းစုကြည်၏ တိုင်းပြည်ဒီမိုကရေစီအရေးအတွက် မဆုတ်မနစ် ရဲရဲရင့်ရင့်သတ္တိရှိရှိ ဦးဆောင်ရုန်းကန်ကြိုးပမ်းခဲ့ခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော လက်ကျန်စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုအားလုံးရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းသည် လွယ်ကူသော ဆုံးဖြတ်ချက် မဟုတ်သည်မှာ ထင်ရှားပါသည်။ အမျိုးမျိုးသောအကြောင်းရင်းခံတို့ဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ထားရှိလိုသော အင်အားစုတို့သည် အခိုင်အမာ ထုနှင့်ထည်နှင့်အင်အားကောင်းကောင်းတည်ရှိနေဆဲဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော လက်ကျန်စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုအားလုံးရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ခြင်းသည် ကျောမွဲပြည်သူတို့၏ အောင်ပွဲမဟုတ်၊ ခရိုနီတို့၏ အောင်ပွဲသာဖြစ်သည်ဟု ယုံကြည်ယူဆသူ အင်အားစုများရှိနေပါသည်။ မြန်မာ့ဒီမိုကရေစီ ခိုင်မာအားကောင်းလာရေးကို ဟန့်တားနှောင့်ယှက်နေသော အင်အားစုတို့၏ အောင်ပွဲဖြစ်သည်ဟု ယုံကြည်ယူဆနေသူ အင်အားစုများရှိနေပါသည်။

အမေရိကန်အစိုးရအဖွဲ့က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော လက်ကျန်စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုအားလုံး ရုပ်သိမ်းရန် ဆုံးဖြတ်ချက်အပေါ် သုံးသပ်ရာ၌ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းဖြတ်သန်းမှုကို မလွဲမသွေ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ နှစ်ပေါင်း (၇၀)နီးပါးရှိသော ပြည်တွင်းစစ်၊ တိုင်းပြည်၏ စီးပွားရေးအခြေခံအဆောက်အအုံတို့ကို ပြောင်းပြန်လှန် ဖရိုဖရဲပြိုကွဲစေခဲ့သည့် (၂၆)နှစ်ကြာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ သယံဇာတ စီးပွားရေးနှင့် ခရိုနီစနစ်ကို အားပြုခဲ့သော ၂၂နှစ်ကြာ တပ်မတော် ဗဟိုချုပ်ကိုင်အုပ်ချုပ်ရေးခေတ် အစရှိသော သမိုင်းဖြစ်ရပ်တို့၏အလွန်၌ တိုင်းပြည်၏စီးပွားရေးကို ပြန်လည်ထူထောင်ရခြင်းသည် အခက်အခဲ၊ အဟန့်အတားအနန္တတို့ကို ကျော်လွှားရခြင်းဖြစ်ပါသည်။ အဆိုပါ အခက်အခဲ၊ အဟန့်အတား အနန္တတို့ကို ကျော်လွှားနိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေး မူဝါဒဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ တိုင်းပြည်အတွင်းရှိ စီးပွားရေး အရင်းအမြစ်၊ လူသားအရင်းအမြစ်အားလုံးတို့ကို စုစည်း၍ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးဘဝ အဆင့်မြှင့်တင်နိုင်ရေးအတွက် စွမ်းဆောင်ရည်ရှိရှိအသုံးချနိုင်ရန် သမိုင်းက တောင်းဆိုနေပါသည်။ သမိုင်းဖြတ်သန်းမှုအပေါ် မူတည်၍ လည်းကောင်း၊ နိုင်ငံရေးအယူအဆ ကွဲလွဲမှုအပေါ် အခြေခံ၍ လည်းကောင်း၊ မည်သည့်အင်အားစုကို မဆို ချန်လှပ်ရန်ဆုံးဖြတ်ခဲ့ခြင်းသည် အမျိုးသားရင်းမြစ်အားလုံးကို အသုံးချရန် ပျက်ကွက်ခြင်းပင် ဖြစ်ပါသည်။ အရေးကြီးသည်မှာ အမျိုးသားရင်းမြစ်အားလုံးကိုတိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအကျိုးရှိစေမည့် စီးပွားရေးမူဝါဒတို့ဖြင့် ချမှတ်အကောင်အထည်ဖော်ရန်သာဖြစ်ပါသည်။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူလူထုတို့၏ လူနေမှုအဆင့်အတန်းအလျင်အမြန် မြင့်တက်လာစေရေးတို့ ဆောင်ရွက်ရာ၌ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများရုပ်သိမ်းပေးရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ယခုအခါ အဆိုပါ လိုအပ်ချက်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးဩဇာအရှိန်အဝါဖြင့် ဖြည့်ဆည်းဖော်ဆောင်ခဲ့ပြီဖြစ်ပါသည်။ ခရိုနီအလွှာနှင့် ဒီမိုကရေစီရေး မယုံကြည်သောအင်အားစုတို့ အကျိုးအမြတ်ခံစားရမည်ကို စိုးရိမ်၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားကို စဉ်းစားရမည်ဟူသော အယူအဆသည် တိုင်းပြည် အကျိုးမဖော်ဆောင်နိုင်သည်မှာ အထင်အရှားဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စီးပွားရေးအခွင့်အလမ်းမြင့်တင်ခြင်းဖြင့်သာ တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ရှိသော စီးပွားရေးစနစ်တစ်ရပ် ပေါ်ထွက်လာရေးနှင့် ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးတို့ကို ဖော်ဆောင်ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ။

စစ်ကိုင်းမြို့ ကမ္ဘာ့ငြိမ်းချမ်းရေးထူပါရုံစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စစ်ကိုင်း စက်တင်ဘာ ၁၇

စစ်ကိုင်းမြို့ ကမ္ဘာ့ငြိမ်းချမ်းရေးထူပါရုံစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား နှစ်စဉ်တော်သလင်းလပြည့်ကျော် ၇ ရက်အဝင် ၈ ရက်နေ့၌ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်ကြီးသည် ၂၀၁၂ ခုနှစ်ကလုပ်ခတ်သည့် ငလျင်ဒဏ်ကိုပြင်းစွာခံခဲ့ရသည့် စေတီတော်ကြီးဖြစ်ရာ စေတီတော်ကြီးအား စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဒေါက်တာ အရှင်ဉာဏာသရက အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတော်၏ လုံးပတ်တော်နှင့်ဉာဏ်တော်အမြင့်များကို တိုးမြှင့်ပြင်ဆင်မွမ်းမံ၍ သီရိလင်္ကာနိုင်ငံမှ ထူပါရာမ စေတီတော်၏ပုံစံအတိုင်း တာဝန်ယူပြုပြင်ပြီးသည့်အောင်ပွဲနှစ် အထိမ်းအမှတ်ပွဲဖြစ်သည့်အတွက် အကြေခမ္မသဘင်များ၊ သံယာ့ဒါနဆွမ်းကြီးလောင်းလှူပွဲများ၊ ဟော်ပွဲရွှင်ပွဲများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပက အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

အကြေခမ္မသဘင်တရားပွဲများကို တော်သလင်းလပြည့်ကျော် ၄ ရက်ညတွင် စစ်ကိုင်းမင်းဝံတောင်သစ္စာ ရွှေစည်ဆရာတော် ဦးဥတ္တမကလည်းကောင်း၊ ၅ ရက်ညတွင် မြစကြာဆရာတော် အရှင်ဣန္ဒကာဘိဝံသက လည်းကောင်း၊ ၆ ရက်ညတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏာသရကလည်းကောင်း၊ ၇ ရက်ညတွင် မန္တလေးမြို့ ဝါခင်းကုန်းဆရာတော် ဦးတိက္ခတို့က ညစဉ် ၇ နာရီခွဲမှစတင်ကာ တရားရေအေးများတိုက်ကျွေးပြောကြားသည်။

အဆိုပါဝက်ဆိုဒ်တွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက် ကုန်သွယ်မှုသတင်းအချက်အလက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်သတင်းအချက်အလက်များ ပါဝင်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ် ကြောင်း သိရသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝက်ဘ်ဆိုက်အသစ် မိတ်ဆက်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၁၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာနနှင့် USAIDတို့ပူးပေါင်း၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား National Trade Portal and Trade Repository Website မိတ်ဆက်ပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဆီဒိုးနားဟိုတယ် အမရပူရခန်းမတွင်ကျင်းပရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုသတင်း အချက်အလက်များအချိန်နှင့်တစ်ပြေးညီသိရှိရေး ဝက်ဘ်ဆိုက်လွင့်တင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်အေးဆွေ၊USAIDမှ Mr.Steve Parter၊ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်တင်စန်းရီနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မောင်ပြည်သူ(မန္တလေး)

ကောဒသမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု စာအုပ်၊စာမူများ ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁၇

ထွန်းဖောင်ဒေးရှင်းက ကောဒသမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာအုပ်၊ စာမူများကိုပေးပို့ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် အကျုံးဝင်သော ဘာသာရပ်များမှာ စီးပွားရေး၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာရေး၊ ကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်း၊ ရည်ညွှန်းကျမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာပဒေသာနှင့် သုတပဒေသာတို့ဖြစ်ပြီး (အင်္ဂလိပ်၊ မြန်မာ) နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

စာပေဆုအတွက် အထက်ပါဘာသာရပ်များနှင့် အကျုံးဝင်သော ၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်နှစ်အုပ်နှင့် စာမူဆုအတွက် မိမိကိုယ်တိုင် ရေးသားပြုစုထားသော စာမူနှစ်စုံ (လက်နှိပ်စက်၊ ကွန်ပျူတာဖြင့်) ကို စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ နှစ်ပုံ တို့ဖြင့် ပူးတွဲ၍ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ် (၂၃/၂၄) မြန်မာဂိုးလ်ဒင်စတား ကုမ္ပဏီလီမိတက် ဗဟိုရုံ စည်ရိပ်သာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (ဖုန်း ၀၉-၇၃၁၀၄၄၈ နှင့် ၀၉-၄၅၁၃၀၃၉၆) တို့သို့ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ထွန်းဖောင်ဒေးရှင်းသည် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ဘာသာရပ် ၁၂ မျိုး ခွဲခြားပြီး စာပေဆုများကို နှစ်စဉ်ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ရေးမှူး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယေဒတန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရေးမှူး Mirror Publication
၁၉၅၇ခုနှစ် ဧပြီ ၁၆ တွင် စတင်ထည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၀၁၆၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၀၁၂၆။ ၀၆၇-၃၄၀၁၃၀၊ ဖက်စ် ၀၆၇-၃၄၀၁၃၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်လေးကျော် ၀၁-၈၆၁၀၆၈၅၊ ဒီမိုရေး ၀၁-၂၉၂၈၃၀၊ ကြောင်ကြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၃၀

ပြည်တွင်းရေးရာ

❍ ရှေ့ဖုံးမှ

အခြားအရှေ့တောင်အာရှနိုင်ငံအချို့၏ စီးပွားရေးဇုန်များထက်ပင် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မှု၊ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီ ၇၉ ခုက လက်ရှိရင်းနှီးမြှုပ်နှံထားရာ ဂျပန်ကုမ္ပဏီ ၃၉ ခုပါဝင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၃၃ ကေဗီ ဓာတ်အားဖြန့်ဖြူးရေးလိုင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်အားပို့လွှတ်မှုအခြေအနေ၊ သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၃၀ ကေဗီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ သီလဝါစီမံကိန်းအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း(၄၀ ကီလိုမီတာ)သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေအပါအဝင် သီလဝါ အထူးစီးပွားရေးဇုန် ဓာတ်အားရရှိရေးအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောက်လုပ်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးစောဝင်းနိုင်က သီလဝါဒေသဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဆင့်-၂ (သန်လျင်-သီလဝါ လမ်းတိုးချဲ့ရေးစီမံကိန်း)နှင့် ပတ်သက်၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက သီလဝါကမ်းနားဒေသ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သီလဝါအထူးစီးပွားရေးဇုန် ဇုန်-B တည်ဆောက်ရာတွင် မြေယာကိစ္စ အဆင်ပြေချောမွေ့စေရေး၊ လျှပ်စစ်ဓာတ်အား၊ ရေရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆက်သွယ်ရေးလမ်းကြောင်းချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေး၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အလုပ်သမားသင်တန်းကျောင်းများဖွင့်လှစ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးတွင် ဖွင့်လှစ်ထားရှိသည့် One Stop Service စင်တာရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဂျပန် FOSTER စက်ရုံအတွင်း စပီကာများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် သီလဝါ ဆိပ်ကမ်း တိုးချဲ့တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က ဂျပန်-မြန်မာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဇုန်-A ကို ဖွင့်လှစ်နိုင်ခဲ့သည်။ အထူးစီးပွားရေးဇုန်အတွင်း အမှန်တကယ်လုပ်ဆောင်နိုင်သည့် ကုမ္ပဏီများ ကိုသာ မြေရောင်းချခဲ့ရာ သုံးနှစ်အတွင်း ကုမ္ပဏီ ၇၉ ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိတွင် စက်ရုံ ၁၅ ရုံ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်-B Phase(1) ကို ယခုနှစ် နိုဝင်ဘာတွင် စတင်ရန် စီစဉ်ထားကြောင်းသိရသည်။ ဇုန်-A နှင့် ဇုန်-B နှစ်ခုပေါင်း ဧရိယာတွင် စက်ရုံပေါင်း ၁၅၀ အထိ ဆောက်လုပ်နိုင်မည်ဖြစ်ပြီး အလုပ်သမားလေးသောင်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းပြီ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည့်လုပ်ငန်းများ လုပ်ကိုင်

နေပြည်တော် စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အားသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ လူမှုနယ်ပယ် အသီးသီးအပြင် စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းအဆုံး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကပါဝင်ပတ်သက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်လက်ရှိ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တိုးမြင့်အကောင်အထည်ဖော်ရာတွင် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကပါဝင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူ့အားလုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ရေတို ရေရှည် စီမံချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဓာတ်အားရရှိပြီးသော နေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး၊ ဓာတ်အားမရရှိသေးသော မြို့နယ်၊ ကျေးရွာများတွင် ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ယခုရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာစက်မှုဖွံ့ဖြိုးရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်က လျှပ်စစ်ဓာတ်အားရရှိမှုကို အသုံးချ၍ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်နိုင်မည့်လုပ်ငန်းများ လုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ရဲအောင်က လျှပ်စစ်အန္တရာယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးနီပွန်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဒေါက်တာ ဇာနည်အောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်တင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်တို့က စက်ခလုတ်နှိပ်၍ ထရန်စဖော်မာနှင့် ကျေးရွာနေအိမ်များသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးကြသည်။

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်တို့က စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်တို့ကို ကျေးရွာ၊ ကျေးရွာ့ဝန်ထမ်းများ ကိုယ်တိုင်ကိုယ်စီ ကြိုဆိုနေကြပုံ။

ထိုနောက် ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်စီ ကြိုဆိုနေကြပုံ ဓာတ်ပုံများ ကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် သီလဝါ ဆိပ်ကမ်း တိုးချဲ့တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က ဂျပန်-မြန်မာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဇုန်-A ကို ဖွင့်လှစ်နိုင်ခဲ့သည်။ အထူးစီးပွားရေးဇုန်အတွင်း အမှန်တကယ်လုပ်ဆောင်နိုင်သည့် ကုမ္ပဏီများ ကိုသာ မြေရောင်းချခဲ့ရာ သုံးနှစ်အတွင်း ကုမ္ပဏီ ၇၉ ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိတွင် စက်ရုံ ၁၅ ရုံ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်-B Phase(1) ကို ယခုနှစ် နိုဝင်ဘာတွင် စတင်ရန် စီစဉ်ထားကြောင်းသိရသည်။ ဇုန်-A နှင့် ဇုန်-B နှစ်ခုပေါင်း ဧရိယာတွင် စက်ရုံပေါင်း ၁၅၀ အထိ ဆောက်လုပ်နိုင်မည်ဖြစ်ပြီး အလုပ်သမားလေးသောင်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို၊ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈ နာရီတွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူးကြီး ရဲမှူးကြီး ဇော်ထွန်းအောင်ဦးစီး၍ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ပလွေးအမြန်လမ်းရဲစခန်းနှင့် ပန်းတင် အမြန်လမ်းရဲစခန်းတို့မှ အရာရှိ၊ အခြားအဆင့်နှင့် မိသားစုဝင် အင်အား ၁၅၀ တို့သည် နေပြည်တော် ဒဂ္ဂိုဏာသီရိမြို့နယ် ဒိုးနွယ်ကျေးရွာရှိ သန္တိသုခရွှေမေတ္တာ ဘုန်းတော်ကြီးကျောင်းတွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ဘုန်းတော်ကြီးကျောင်းဆောင်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ယနေ့နံနက် ၇ နာရီက အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံးကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို ဦးဆောင်၍ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၊ ၂၊ ၁၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ခွဲများနှင့် အမှတ်(၁၁၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ အရာရှိ၊ အခြားအဆင့် အင်အား ၂၃၀ တို့သည် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်မြက်ပင်များ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

သန်းဦး(လေးမျက်နှာ)

နေပြည်တော် လယ်ဝေးမြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လယ်ဝေးမြို့အဝင်လမ်း သာယာလှပစေရေးအတွက် အလျားနှစ်ပေခွဲပတ်လည်၊ အမြင့် တစ်ပေခွဲ အုတ်၊ သဲ ၊ ဘိလပ်မြေဖြင့် ပန်းခုံတည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိစဉ်။

ကျော်စွာ(လယ်ဝေး)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ဥတ္တရသီရိ စက်တင်ဘာ ၁၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်တွင် ယမန်နေ့နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံမှ သူနာပြုအဆင့် (၁)ဒေါ်ခင်သီသီစိုး၊ မြို့နယ်လက်ထောက် ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အိမ်များသို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ **ရွှေရဲရင့်**

ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသမှ အသေခံဗုံးခွဲမှုကြောင့် သေဆုံးသူအရေအတွက် ၂၃ ဦးထိ တိုးမြင့်လာ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ ဝတ်ကျောင်းတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူဦးရေ ၂၃ ဦးထိ တိုးမြင့်လာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သေဆုံးသူများဦးရေသည် အဆိုပါ ဗုံးဖောက်ခွဲမှုဖြစ်ရပ်အပြီး ဆေးရုံအသီးသီး၌ တင်ပို့ဆေးကုသမှုခံရသူများနှင့် ထိခိုက်ဒဏ်ရာရသူ ခုနစ်ဦး ရှိပြီး သေဆုံးမှုအပါအဝင် လူ ၂၉ ဦးထက်မနည်းသော ထိခိုက်ဒဏ်ရာရသူများမှာ စက်တင်ဘာ ၁၆ ရက် (သောကြာနေ့) ညနေပိုင်း ဝတ်ပြုကိုးကွယ်သူများအနက်မှ သွေးထွက်သံယို ထိခိုက်ဒဏ်ရာရသူများဖြစ်ကြောင်း ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး နာဗတ်ဘဂ္ဂဗာက ပြောကြားသည်။

လတ်တလောတွင် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိထားသူ လူခြောက်ဦးအား အထူးကြပ်မတ် ကုသနေရဆဲဖြစ်ပြီး ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူဦးရေမြင့်တက်လာနိုင်ဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော လူမျိုးနွယ်စုများ နေထိုင်ရာ မော့ခ်မန်တောင်ကြားဒေသ အန်ဘာရှိ ဖေခန်ကျေးရွာမှ ဝတ်ပြုကျောင်းတစ်ကျောင်းအတွင်း၌ ညနေပိုင်း ဝတ်ပြုဆုတောင်းနေချိန်တွင် အသေခံဗုံးဖောက်ခွဲရေးသမားများက ဝင်ရောက်ကာ ဖောက်ခွဲမှုတစ်ရပ်ပြုလုပ်ခဲ့ခြင်းကြောင့် ဝတ်ပြုနေသူများအကြား ထိခိုက်သေဆုံးရကြောင်း ယင်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါ ဝတ်ပြုကျောင်းအတွင်း လူပေါင်း ၇၀ မှ ၈၀ ခန့်အထိ ဝတ်ပြုကိုးကွယ်မှု ပြုနေချိန်အတွင်း အဆိုပါ ဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဆင်ဟွာ။

ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ ဂျင်ယောင်ကင် ဒုတိယမြောက်သက်တမ်း၌ ထမ်းဆောင်ရန်လမ်းပွင့်

ဝါရှင်တန် စက်တင်ဘာ ၁၇

ကမ္ဘာ့ဘဏ်၏အကြီးအကဲသစ်အဖြစ် အမည်စာရင်းအသစ်တင်သွင်းမှုများ မရှိသဖြင့် လက်ရှိဥက္ကဋ္ဌ ဂျင်ယောင်ကင်သည် ဒုတိယမြောက်ရာထူးသက်တမ်းတွင် ဆက်လက်ထမ်းဆောင်ရန် အမည်စာရင်း တင်သွင်းခံရသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ကြေညာချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းနိုင်သည့် ကာလမှာ စက်တင်ဘာ ၁၄ ရက်တွင် ကုန်ဆုံးခဲ့ပြီး ဂျင်ယောင်ကင်အား စိန်ခေါ်မည့် ပုဂ္ဂိုလ်အဖြစ် အမည်စာရင်းတင်သွင်းမှု အသစ်မရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့ဘဏ်၏ ခေါင်းဆောင်သစ်အတွက် အမည်စာရင်းတင်သွင်းရန် ခွင့်ပြုပေးမှုကို သြဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ဘဏ်၏ အမှုဆောင်ညွှန်ကြားရေးမှူးများသည် ကင်နှင့်တွေ့ဆုံကာ အောက်တိုဘာလတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ် နှစ်ပတ်လည် ညီလာခံအမီ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို အပြီးဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်သည်။

ကင်သည် ကမ္ဘာ့ဘဏ်၏ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ကင်၏ လက်ရှိရာထူးသက်တမ်းမှာ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ကင်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းမရှိမီ အမေရိကန်၏ အထင်ကရ ပညာရေးအဖွဲ့အစည်း တစ်ခုဖြစ်သော ဒါးမောင့်ကောလိပ်၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆင်ဟွာ။

တိုင်ဖွန်းမုန်တိုင်း မာလာကတ်စ်နှင့်ပတ်သက်၍ တရုတ်တွင် အဝါရောင်သတိပေးချက်ထုတ်ပြန်

ပေကျင်း စက်တင်ဘာ ၁၇

တရုတ်နိုင်ငံမှ မိုးလေဝသဆိုင်ရာအာဏာပိုင်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိသည့် အပူပိုင်းမုန်တိုင်း မာလာကတ်စ်နှင့် ပတ်သက်၍ သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

မာလာကတ်စ်မုန်တိုင်းသည် ၂၀၁၆ ခုနှစ်အတွင်း ၁၆ ကြိမ်မြောက် တိုက်ခတ်သည့် တိုင်ဖွန်းမုန်တိုင်းဖြစ်ပြီး လေ့လာစူးစမ်းမှုများအရ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၃၅ ကီလိုမီတာနှုန်းဖြင့် တရုတ်(တိုင်ပေ) အရှေ့ကမ်းခြေဒေသ၌ ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် စတင်တိုက်ခတ်ပြီး မုန်တိုင်းသည် တစ်စက္ကန့်လျှင်မီတာ ၅၀ ရွေ့နှုန်းဖြင့် တရုတ်(တိုင်ပေ)ကျွန်းအား ဖြတ်ကျော်ပြီး စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံပြည်မကြီး၏ အရှေ့ကမ်းခြေသို့ ဝင်ရောက်သွားမည်ဟု ခန့်မှန်းရကြောင်း တရုတ်အမျိုးသား မိုးလေဝသဌာနက ပြောကြားသည်။

ဖူဂျီယန်နှင့် ဇီကျန်မ်ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းရပြီး တရုတ်နိုင်ငံပြည်မကြီး၏ အလယ်ပိုင်းနှင့် တရုတ်(တိုင်ပေ) မြောက်ပိုင်းဒေသအချို့တွင် မုန်တိုင်းအရှိန်ကြောင့် စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အတွင်း မိုးရေချိန် ၁၂၀ မီလီမီတာအထက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

တရုတ်(တိုင်ပေ)အား နင်းချေဖျက်ဆီးသွားသည့် တိုင်ဖွန်းမုန်တိုင်း မီရန်တီနောက်တွင် တိုင်ဖွန်းမာလာကတ်စ် ဆက်လက်တိုက်ခတ်ပြီး တိုင်ဖွန်းမီရန်တီကြောင့် လူ ၁၄ ဦး သေဆုံးပြီး တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ ဖူဂျီယန်သို့ အဆိုပါမုန်တိုင်း စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဝင်ရောက်ခဲ့ပြီးနောက် လူ ၁၄ ဦး ပျောက်ဆုံးနေကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆင်ဟွာ။

နိုင်ဂျီးရီးယားနိုင်ငံရှိ အာဟာရချို့တဲ့ကလေးငယ် လေးသိန်းခန့်ရှိ

အာဘူဂျာ စက်တင်ဘာ ၁၇

နိုင်ဂျီးရီးယားနိုင်ငံအတွင်းရှိ အာဟာရချို့တဲ့နေသည့် ကလေးငယ် လေးသိန်းခန့်အား အရေးပေါ်ကူညီထောက်ပံ့ပေးရန် ကုလသမဂ္ဂ အဖွဲ့တာဝန်ရှိသူများက ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ဘိုကိုဟာရမ် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် နိုင်ဂျီးရီးယားနိုင်ငံတွင် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေသည့် ပြည်သူ့ဦးရေ နှစ်သန်းကျော်ရှိပြီး နိုင်ငံတစ်ဝန်းတွင် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့နေသည့် အဖြစ်ဆိုးနှင့် ရင်ဆိုင်နေရသည်။

ယူနီဆက်တာဝန်ရှိသူများက နိုင်ဂျီးရီးယားနိုင်ငံရှိအာဟာရချို့တဲ့နေသည့်ကလေးငယ်များအနက် ၇၅၀၀၀ခန့်သည် လိုအပ်သောကူညီထောက်ပံ့မှု မရရှိပါက ယခုနှစ်ဆုံးပိုင်းတွင် သေဆုံးနိုင်ဖွယ်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့သည့် အစည်းအဝေးတစ်ရပ်တွင်ပြောကြားခဲ့သည်။ သေဆုံးနိုင်ဖွယ်ရှိသည့်ကလေးငယ်အများစုသည် ဘိုကိုဟာရမ် အကြမ်းဖက်အဖွဲ့ အခြေချနေထိုင်သည့် ဘော်နိုပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေသူများ ဖြစ်သည်။ ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့သည် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို သစ္စာခံသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အင်နန်အိတ်ချ်ကေ။

ဆွစ်ဇာလန်တွင်ကျင်းပမည့် နိုင်ငံတကာအစည်းအဝေးသို့ မြောက်ကိုရီးယားသံတမန်တက်ရောက်မည်

ပြုံယမ်း စက်တင်ဘာ ၁၇

ဆွစ်ဇာလန်နိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာအစည်းအဝေးသို့ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးတက်ရောက်မည်ဖြစ်ပြီး မကြာသေးမီက ပြုံယမ်း၏ နျူကလက်နက်စမ်းသပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ ခေါင်းဆောင်များရှေ့မှောက်တွင် ၎င်းက ကာကွယ်ပြောဆိုနိုင်ဖွယ်ရှိကြောင်း သတင်းများအရသိရသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန မြောက်အမေရိကဗျူရို၏ ဒုတိယအကြီးအကဲ ချူဆန်ဟူက တရုတ်နိုင်ငံပေကျင်းသို့ စက်တင်ဘာ ၁၇ ရက်တွင် ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်တွင် အစည်းအဝေးပွဲတက်ရောက်ရန် ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။ ချူဆန်ဟူသည် မကြာသေးမီက ပြုံယမ်း၏ နျူကလီးယားစမ်းသပ်မှုသည် မည်သည့်ရည်ရွယ်ချက်မှမရှိဘဲ မိမိနိုင်ငံအား ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် ပြုမူရခြင်းဖြစ်သည်ဟု ပြောကြားနိုင်ဖွယ်ရှိကြောင်း လေ့လာစောင့်ကြည့်သူများ ကဆိုသည်။

စက်တင်ဘာ ၁၅ ရက်က ဗင်နီဇွဲလားနိုင်ငံတွင် ကျင်းပခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက ပြုံယမ်း၏ နျူကလက်နက်စမ်းသပ်မှုသည် အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားသောဆန့်ကျင်ဘက် နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများနှင့် ခြိမ်းခြောက်မှုများကို တန်ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် အထက်ပါအကြောင်းပြချက်များကိုထောက်ပြပြောဆိုကာ နျူကလက်နက်စမ်းသပ်မှုများကို အကြိမ်ပေါင်းများစွာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အင်နန်အိတ်ချ်ကေ။

ပြည်တွင်းရေးရာ

○ ကာကွယ်ရေးမှ

စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပကြရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၃စ၄၀၄၅ ပင်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❋ ကျောင်ဖုံးမှ

အမျိုးသားအဆင့်ဆွေးနွေးတာကို လုပ်ငန်းကော်မတီမှာ စုစည်းမယ်၊ ကော်မတီမှာ စုစည်းထားတာကို UPDJC မှာ ဆက်ဆွေးနွေးမယ်။ UPDJC မှာ ဆက်ဆွေးနွေးပြီး ညီလာခံမှာ တင်မယ်။ အားလုံးရဲ့ ဦးတည်ချက်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံပဲ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲစတင်ရန် အစိုးရဘက်မှ သုံးဦး၊ နိုင်ငံရေးပါတီဘက်မှ သုံးဦး၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်မှ သုံးဦး စုစုပေါင်း ကိုးဦးပါသည့် လုပ်ငန်းကော်မတီဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်ကဏ္ဍ၇၊၈ခုအပေါ် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက အချိုးကျပါဝင်ကာ အဆိုပါလုပ်ငန်းကော်မတီများကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက ဖေဖော်ဝါရီလမှာလုပ်မှာ ဆိုတော့ ပထမအကြိမ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ဇန်နဝါရီလ မတိုင်မီလုပ်ဖို့ လိုတယ်။ အဲဒီလိုလုပ်နိုင်ဖို့ဆိုရင် နိုဝင်ဘာလကနေစပြီး သုံးလလုံး လုပ်သွားရမယ်။ ပြီးရင် ဆွေးနွေးချက်တွေကို စုစည်းမယ်။ စုစည်းချက်တွေကို UPDJC ကို တင်မယ်" ဟု UPDJC ၏ အတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင်းက ပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ခြောက်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမတိုင်မီ ပထမအကြိမ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ဒီအစည်းအဝေးက ဆုံးဖြတ်ချက်တွေချပြီးတဲ့နောက်ပိုင်းမှာ ဆောင်ရွက်စရာတွေကလည်း တော်တော်များများရှိလာပါတယ်။ အထူးသဖြင့် ဒီနိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးတဲ့အကြောင်းအရာတွေကို ဘယ်လိုအဆင့် ဘယ်လိုနေရာမှာ ဆက်ပြီးဆွေးနွေးမယ်၊ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းအရာတွေကို ချမှတ်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့ပြုလုပ်သည့်အစည်းအဝေးတွင် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်၊ ဒေသအလိုက် အခြေခံသည့် NCA က ပြဋ္ဌာန်းသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရန် ကဏ္ဍများကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

သတင်း - ဇော်ကြီး(ပဏာမတ)၊ မင်းသစ်(သတင်းစဉ်)

❋ အာဆီယံမှ

ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ စက်တင်ဘာ ၁၆ ရက် ပွဲစဉ်များအပြီးတွင် ဩစတြေးလျနှင့် ထိုင်းအသင်းက ကိုးမှတ်စီ၊ မြန်မာအသင်းက လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးမှတ်၊ လာအိုအသင်းက တစ်မှတ်၊ အင်ဒိုနီးရှားအသင်းက အမှတ်မရရှိသေးပေ။ မြန်မာအသင်းအနေဖြင့် လာအိုအသင်းပွဲတွင် သရေကျခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန်အခွင့်အရေးနည်းပါးသွားခဲ့ပြီး ယနေ့ ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားနှင့်ပွဲမှာ အရေးပါလာခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် နိုင်ပွဲရယူနိုင်ခြင်း မရှိပါက ဆီမီးဖိုင်နယ်နှင့် လွဲချော်ရတော့မည်ဖြစ်ပြီး နိုင်ပွဲရမှသာ ဆက်လက်မျှော်လင့်နိုင်မည် ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အနိုင်ရရှိခဲ့လျှင်လည်း ထိုင်းအသင်းနှင့် ဩစတြေးလျပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်ပြီး ထိုင်းအသင်းရှုံးနိမ့်မှသာ မျှော်လင့်ချက်ရှိမည် ဖြစ်သည်။ ထိုင်းအသင်း သရေ (သို့မဟုတ်) အနိုင်ရခဲ့ပါက မြန်မာအသင်းအနေဖြင့် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရရှိလျှင်ပင် ဆီမီးဖိုင်နယ်တက်ရောက်ရန် မသေချာသေးဘဲ ဂိုးကွာခြားချက်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ကစားခဲ့သည့်သုံးပွဲတွင် တိုက်စစ်ကဉုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းက ကိုးဂိုးအထိ ပေးထားရသောကြောင့် ခံစစ်ပိုင်းပြင်ဆင်နိုင်မှသာ လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အင်ဒိုနီးရှားကို အနိုင်ရခဲ့သော်လည်း ဩစတြေးလျကို ရှုံးနိမ့်ကာ လာအိုအသင်းနှင့် သရေကျခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ဩစတြေးလျနှင့် ထိုင်းကိုရှုံးနိမ့်ပြီး လာအိုကို ဂိုးပြတ်အနိုင်ရထားသည်။

(ရွှေင်းထက်ဇော်)

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၅-၂၀၁၆ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးကိုကျင်းပရာ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များက အစီရင်ခံစာတင်ပြခြင်း၊ အစီရင်ခံစာအပေါ် မေးမြန်းဆွေးနွေးခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အစည်းအဝေးတွင် "မြန်မာနိုင်ငံဆေးပညာသုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ကို ရည်ရွယ်ချက်လေးချက်ဖြင့် ၁၉၉၉ ခုနှစ်က တာဝန်ထမ်းဆောင်ဆဲ ပညာရှင်ကြီးများနှင့် အငြိမ်းစားပညာရှင်ကြီးများ ၂၀၈ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဖွဲ့စည်းခဲ့သည်မှာ ယခု ၁၇ နှစ်တိုင်ရှိပြီး လက်ရှိအဖွဲ့ဝင် ၇၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မိတ္ထီလာမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရေဝေကျေးရွာ၊ ပေပင်ကုန်းကျေးရွာ၊ သီးပင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးရောဂါ၊ နာ၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ ကလေးရောဂါနှင့် အခြားရောဂါဝေဒနာရှင် ၁၉၁၉ ဦးအား လိုအပ်သည့်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် မျက်စိခွဲစိတ်လူနာ တစ်ဦးနှင့် သွားရောဂါလူနာ ၄၂ ဦးတို့အား ရွှေ့လျားခွဲစိတ်ကုသယာဉ်များဖြင့် ခွဲစိတ်ကုသပေးခြင်း၊ ဓာတ်မှန်ရိုက်သူ ၃၀၊ တယ်လီဗီးရှင်းဓာတ်မှန်ရိုက်သူ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်သူ ၆၂ ဦးတို့အား ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ဓာတ်ခွဲယာဉ်တို့ဖြင့် ရောဂါရှာဖွေခြင်းများပြုလုပ်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာတစ်ဦးကိုလည်း မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းအပြင် ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးခြင်းများ၊ ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများနှင့် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများမှ သောက်သုံးရေကန်များအား ရေသန့်ဆေးများ ခတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆

အဋ္ဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

အဋ္ဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ယနေ့နံနက် ၈ နာရီတွင် အမျိုးသားတတိယလုပွဲ အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက (၂၅-၁၇)မှတ်၊ (၂၅-၂၃) မှတ်၊ (၁၇-၂၅) မှတ်၊ (၂၅-၂၀)မှတ် သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးတတိယလုပွဲအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအသင်းက (၂၅-၁၆)မှတ်၊ (၂၅-၈)မှတ်၊ (၂၅-၁၁)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် အမျိုးသမီးဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဗဟိုဘဏ်အသင်းတို့သည် နံနက် ၉ နာရီတွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

မာတီလယ်ဗယ်မားကတ်တင်း (MLM) (သို့မဟုတ်) ဆပွားနည်းဖြင့် ဈေးကွက်ဖြန့်ချိခြင်းစနစ် မြန်မာနိုင်ငံတွင် ခေတ်စားလာသောအခါ

အိရ္ဓေစင်ဝင်း

မည်သည့်အချိန်တွင် ထုတ်လုပ်သည်ကို မသိရသော ဆေးများ၊ မည်သည့်အချိန်တွင် ရက်လွန်ကုန်ဆုံးမည်ကို မသိရသော ကုန်ပစ္စည်းများကို အဆိုပါစနစ်သုံးကာ တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးလုပ်ကိုင်နေသည်ကို အထူးသဖြင့် ကျေးလက်ဒေသ၊ နယ်မြို့များတွင် အများဆုံး တွေ့ရှိနေရသည်။ ရန်ကုန်မြို့ပြတွင် ကုမ္ပဏီအများစု အခြေစိုက်သော်လည်း အသိအမြင်ကြွယ်ဝမှုနှင့် သတင်းအချက်အလက်ပြည့်စုံစွာ ရရှိနိုင်မှုတို့ကြောင့် မြို့ပြဈေးကွက်ထက် ကျေးလက်ဒေသ၊ နယ်ဈေးကွက်မှာ အဆိုပါစနစ်ကို အသုံးပြုသူတို့၏ အဓိကပစ်မှတ် ပင်ဖြစ်လာသည်။

မာတီလယ်ဗယ် မားကတ်တင်း Multi-Level-Marketing (MLM) (သို့မဟုတ်) ဆပွားနည်းဖြင့် ဈေးကွက်ဖြန့်ချိခြင်းစနစ် တစ်နည်းအားဖြင့် Network Marketing ဟုလည်း ခေါ်ဆိုသော ကွန်ရက်စနစ်ဖြင့် ဈေးကွက်ဖြန့်ချိခြင်းစနစ်သည် လတ်တလောကာလတွင် မြန်မာနိုင်ငံ၌ ပြန်လည်ခေတ်စားလာသည်ကို တွေ့ရသည်။ ပြန်လည်ခေတ်စားလာသည်ဟု ဆိုရသည်မှာလည်း လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော် ၁၉၉၀ ပြည့်နှစ်အလွန်က မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာသည့် အဆိုပါစနစ်သည် ၂၀၀၀ ပြည့်နှစ်အကျော်တွင် ပြန်လည်အားကောင်းကာ လူပ်ရှားလာကြပြန်သည်။

၂၀၁၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင်မူ အချို့သော အဆိုပါစနစ်သုံး ကုမ္ပဏီအချို့ကို အမည်ပျက်စာရင်းသွင်း အရေးယူဆောင်ရွက်ခြင်းများ ရှိခဲ့သောကြောင့် ပြန်လည်မှေးမှိန်ခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် တစ်ခုစ၊ နှစ်ခုစနှင့် ကုမ္ပဏီများ ထူထောင်လုပ်ကိုင်လာကြရာ ယနေ့ကာလတွင် အမြို့မြို့အနယ်နယ်တွင် အဆိုပါစနစ်ကိုအသုံးပြုပြီး ကုန်ပစ္စည်းရောင်းချနေမှုများ၊ အဖွဲ့ဝင် 'Member' စုဆောင်းမှုများကို တွင်တွင်ကျယ်ကျယ်ကြားသိတွေ့မြင်လာရသည်။ အင်တာနက်အသုံးပြုမှုပျံ့နှံ့လာသည်နှင့်အမျှ အဆိုပါလုပ်ငန်းများ၏ မဲဆွယ်မှု၊ စည်းရုံးမှုစသည်တို့ကို ကျယ်ပြန့်စွာပင် တွေ့မြင်လာရသည်။

မာတီလယ်ဗယ် မားကတ်တင်းဟုဆိုလျှင် အဆိုပါစနစ်သည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်ကပင် အမေရိကတွင် ပေါ်ပေါက်ခဲ့သည်ဟု လေ့လာဖတ်ရှုရသည်။ အနောက်နိုင်ငံများတွင် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်း များစွာကပင် အဆိုပါစနစ်ကို အသုံးပြုခဲ့ကြပြီး အမျိုးမျိုး လိမ်လည်မှုများကိုလည်း ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်တွင် အဆိုပါစနစ်ကို ပိတ်ပင်ထားသော နိုင်ငံများရှိသလို အဆိုပါစနစ်ကို အသုံးပြု၍ မသမာစီးပွားရှာသူတို့ကလည်း ဖွံ့ဖြိုးပြီး နိုင်ငံများ၊ ဖွံ့ဖြိုးနေဆဲ နိုင်ငံများထက် မဖွံ့ဖြိုးသေးသော နိုင်ငံများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံများသို့ ဦးတည်ကာ ပစ်မှတ်ထားဆောင်ရွက်လာကြခြင်းပင်ဖြစ်သည်။

အဆိုပါစနစ်ကို စီးပွားရေး ပညာရှင်အချို့က မျက်လှည့်ဆန်သော စီးပွားရေးစနစ်ဟုလည်း သတ်မှတ်သုံးသပ်ခဲ့သည်ကိုလည်း ကြားသိခဲ့ရသည်။ ယင်းစနစ်နှင့် ပတ်သက်သည့် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ရေးသားခဲ့သည့် စာရေးဆရာများ၏ သုံးသပ်ချက် ဆောင်းပါးများတွင် ဖော်ပြထားချက်အရ အဖွဲ့ဝင်ဦးရေများပြားလာသည်နှင့်အမျှ အထက်အပေါ်ပိုင်းတွင်ရှိသော သူတို့က အမြတ်ပမာဏ ကြီးမြင့်လာသည်ပင်ဖြစ်သည်။ ကနဦးအဖွဲ့ဝင်များ၊ တည်ထောင်သူများက အဖွဲ့ဝင်တစ်ဦး ဝင်ရောက်လာတိုင်း အမြတ်ရရှိနေမည်ဖြစ်ပြီး နောက်ကျမှ ဝင်ရောက်လေလေ အခွင့်အလမ်းနည်းပါးလေလေပင်ဖြစ်သည်။ သို့အတွက်ကြောင့်လည်း အဆိုပါစနစ်ကို အသုံးပြုနေသူတို့က များများမစဉ်းစားစေဘဲ၊ မည်သူ့ကိုမှ မတိုင်ပင်စေဘဲ မြန်မြန်အဖွဲ့ဝင်ရန်ကိုသာ စည်းရုံးသိမ်းသွင်းလေတော့သည်။ "အချိန်နှင့် ဒီရေသည် လူကိုမစောင့်"၊ "ယခုလာနေသော ကောင်းမွန်သည့် ကားပေါ်မတက်လျှင် နောက်ဘယ်အချိန်လာမည်မသိသည့် ကားကို စောင့်ပေတော့" စသည်ဖြင့် ဥပမာပေါင်းများစွာတို့ကို ပေးကာ အလျင်အမြန် အဖွဲ့ဝင်ရန်ကိုသာ သိမ်းသွင်းပေတော့သည်။ အခြားသော ထူးခြားချက်မှာ အဆိုပါစနစ်ကို အသုံးပြုနေသော ကုမ္ပဏီတို့သည် ထုတ်ကုန်ပစ္စည်းအပေါ်ကို အဓိကထားဖြန့်ချိသည်ထက် အဖွဲ့ဝင်ဦးရေ များများရရှိရေး၊ အဖွဲ့ဝင်ဘယ်နှယောက် ရရှိရုံဖြင့် အရင်းကြေကာ အနာဂတ်မှာ ဆပွားအမြတ်များ ရရှိစေသည်ဟုဆိုကာ လူတို့၏ လောဘကို ပစ်မှတ်ထားကာ စည်းရုံးကြခြင်းပင်ဖြစ်သည်။

အဆိုပါစနစ်၏ မူလဇာစ်မြစ်ကို လေ့လာသုံးသပ်ရေးသားသူများ၏ ဖော်ပြချက်အရ အားသာချက်များ လည်းရှိနေသည်။ ယင်းမှာ ထုတ်ကုန်များသည် လူတန်းစား မရွေး၊ လူမျိုးဘာသာမရွေး အသုံးပြုနိုင်သော ကုန်ပစ္စည်းများဖြစ်ရပါမည်။ ထုတ်ကုန်များ၏ ဈေးနှုန်းသည်လည်း လူတန်းစားမရွေး၊ ဝင်ငွေနည်း၊များမရွေး၊ အသုံးပြုနိုင်သည့် ဈေးနှုန်းဖြစ်ရပါမည်။ ဥပမာ- ဘွဲ့ရပညာတတ် ဝင်ငွေများသူများသာမက အခြေခံလူတန်းစားများလည်း သုံးစွဲနိုင်သည့် ကုန်ပစ္စည်းမျိုး၊ ဈေးနှုန်းမျိုးဖြစ်ရမည်။ ယင်းအပြင် ထပ်တလဲလဲ စားသုံးနိုင်သော ကုန်စည်မျိုး ဖြစ်ရမည်။ မိမိနှစ်သက်၍ သုံးစွဲနေသော ကုန်ပစ္စည်းကို မိမိကဲ့သို့ နှစ်သက်နိုင်သော အခြားသူတစ်ဦးကို ဖြန့်ဝေပေးခြင်းဖြင့် ကြေဝြာစရိတ်၊ ဝန်ထမ်းစရိတ်၊ ဖြန့်ချိရေးစရိတ်များ မရှိတော့ဘဲ ဆပွားနည်းဖြင့် ဈေးကွက်ဖြန့်ချိရေးစနစ်ကို ထိရောက်စွာ အသုံးပြုခြင်းဖြစ်သည်။ ထိုစနစ်ကို အသုံးပြုရာတွင် ကုန်ပစ္စည်း၏ အရည်အသွေးသည် အဓိကကျမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း လူတိုင်းတတ်နိုင်သော ငွေကျပ် ရာဂဏန်း၊ ထောင်ဂဏန်းမျှသာဖြစ်သင့်သည်။ လက်ရှိတွင် အလှကုန်ပစ္စည်းအချို့ ထိုစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီပင်ဖြစ်သည်။ ထိုသို့လူတိုင်းတတ်နိုင်သော ဈေးနှုန်းဖြစ်သည့်အပြင် အဖွဲ့ဝင်အဖြစ် ဆက်လက်ဆောင်ရွက်လိုခြင်း မရှိပါကလည်း အချိန်မရွေးနုတ်ထွက်ပိုင်ခွင့်ရှိပြီး ကုန်ပစ္စည်းနှင့် ထိုက်တန်သော ငွေကိုပြန်လည် လဲလှယ်ခွင့်ရှိရမည်။ သို့ရာတွင် ယနေ့ခေတ် မြန်မာနိုင်ငံ၌ အသုံးပြုလာကြသော အဆိုပါစနစ်သုံး ထုတ်ကုန်ဖြန့်ချိမှုတို့ကို လေ့လာကြည့်ပါက ဈေးနှုန်းကြီးမြင့်သော ကုန်ပစ္စည်းများဖြစ်နေပြီး အရည်အသွေးပိုင်းတွင်လည်း အာမခံချက်ပေးမထားသော ကုန်ပစ္စည်းများကို တွေ့ရသည်။ ဥပမာအားဖြင့် အလှကုန်၊ ဆေးဝါး၊ စားသောက်ကုန် စသည့် ပစ္စည်းများသည် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖြန့်ချင်တိုင်းဖြန့်၊ သွင်းချင်တိုင်သွင်း၍ မရပေ။ သက်ဆိုင်ရာနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနထောက်ခံချက်၊ တင်သွင်းသည့် နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာန ထောက်ခံချက်၊ စံချိန်စံညွှန်းများနှင့် ညီညွတ်မှသာ တင်သွင်းဖြန့်ချိခွင့်ရှိသည်။ အများပြည်သူသို့ ရောင်းချခွင့်ရှိသည်။ မြန်မာနိုင်ငံတွင် မာတီလယ်ဗယ်မားကတ်တင်းကို အသုံးပြုနေသည့် ကုမ္ပဏီများသည် မည်သည့်ထောက်ခံချက်များဖြင့် ဖြန့်ချိနေသည်ကို အသေးစိတ် မသိရှိနိုင်သော်လည်း ဆရာဝန်များ၊ အထူးကုကြီးများပင် မကုသနိုင်သော ရောဂါကြီးများ ပျောက်ကင်းသည်အထိ အစွမ်းထက်သည်ဟုဆိုကာ အဖွဲ့ဝင်များ စုဆောင်းဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရသည်။ မည်သည့်အချိန်တွင် ထုတ်လုပ်သည်ကို မသိရသော ဆေးများ၊ မည်သည့်အချိန်တွင် ရက်လွန် ကုန်ဆုံးမည်ကို မသိရသော ကုန်ပစ္စည်းများကို အဆိုပါစနစ်သုံးကာ တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးလုပ်ကိုင်နေသည်ကို အထူးသဖြင့် ကျေးလက်ဒေသ၊ နယ် မြို့များတွင် အများဆုံးတွေ့ရှိနေရသည်။ ရန်ကုန်မြို့ပြတွင် ကုမ္ပဏီအများစု အခြေစိုက်သော်လည်း အသိအမြင်ကြွယ်ဝမှုနှင့် သတင်းအချက်အလက်ပြည့်စုံစွာ ရရှိနိုင်မှုတို့ကြောင့် မြို့ပြဈေးကွက်ထက် ကျေးလက်ဒေသ၊ နယ်ဈေးကွက်မှာ အဆိုပါစနစ်ကို အသုံးပြုသူတို့၏ အဓိကပစ်မှတ်ပင်ဖြစ်လာသည်။

ယင်းစနစ်သည် မည်မျှပင် ကောင်းမွန်သည်ဟု ဖြေရှင်းချက်ထုတ်သူများရှိသော်လည်း စီးပွားရေးပညာရှင်တို့ကမူ မျက်လှည့်ဆန်သော စီးပွားရေးစနစ်ဟု သမုတ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခကြီးတစ်ဦးကလည်း အဆိုပါစနစ်ကို လူတို့၏ လောဘကို အသုံးပြုကာ စည်းရုံးဆွဲဆောင်သွားခြင်းဟု မှတ်ချက်ပြုဖူးခဲ့သည်။ ယင်းကြောင့် အဆိုပါစနစ်ကို ကုန်ကျစရိတ်ကြီးမြင့်သော ကုန်ပစ္စည်းများ ဖြစ်ရခြင်းမှာ ကုန်ကြမ်းကုန်ကျစရိတ်ကို ကုန်ပစ္စည်းတန်ဖိုးတွင် ထည့်သွင်းတွက်ချက်ခြင်းကြောင့်ဟု ရှင်းပြကြပြီး ကုန်ကြမ်းကုန်ကျစရိတ်ကို ကုန်ပစ္စည်းတန်ဖိုးတွင် ထည့်သွင်းတွက်ချက်ခြင်းမှာ

ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပံ့မှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။ ။ ကဗျာနှင့်သင်ရိုး

ဖေ့စ်ဘွတ်ပေါ်တွင်ခေတ်ပေါ်ကဗျာနှင့်ပတ်သက်သောစာတမ်းတစ်စောင်ဖတ်လိုက်ရ၏။ ဇြိမ်းဝေ(ကဗျာအိုးဝေ)ပြည်ပတစ်နေရာတွင် တင်သွင်းခဲ့သောစာတမ်းဖြစ်သည်။ ကျောင်းသုံးမြန်မာစာသင်ရိုးတွင် ခေတ်ပေါ်ကဗျာကိုလည်း ထည့်သွင်းသင့်ကြောင်း အဆိုပြုချက်ဖြစ်သည်။ ဧကေဝါဒမှ ဗဟုဝါဒသို့ကူးပြောင်းချိန်တွင် ကဗျာသင်ရိုးသည်လည်း ဂန္ဓဝင်ထဲမှာပင် ဝဲလှည့်မနေဘဲ ခေတ်ပြိုင်ကဗျာသစ်များကိုပါ ထည့်သွင်းသင်ကြားရန် ရေးဆွဲသင့်ကြောင်း အဆိုပြုထားခြင်းဖြစ်သည်။ ခေတ်ပြိုင်ကဗျာ၏ဥပမာအဖြစ် အဲ့မောင်၏ကဗျာတစ်ပုဒ်ကို ယူပြသည်။

ကဗျာသင်ရိုးပြောင်းလဲမှုကို အခြေခံပညာအဆင့်တွင်လည်း လွန်ခဲ့သောနှစ် ၅၀ ခန့်မှပင် စတင်တွေ့ခဲ့ရပါသည်။ တက္ကသိုလ်၏ ပထမနှစ်မှစသော ပင်ရင်းမြန်မာစာကို ၁၉၆၁တွင် "ခေတ်သစ်ကဗျာများ"ဖြင့် စတင်ပြောင်းလဲသည်။ "ကစားရွယ်"၊ "ပေါရိဿလမ်း"၊ "မိဖုရားစောလုံးဘွဲ့"၊ "အညာမင်္ဂလာဆောင်" အပါအဝင် ကဗျာများဖြင့် အသစ်ကိုစသည်။ သို့သော် ကိုလိုနီခေတ်စာဆိုများ၏ ထိုခေတ်ကရေးခဲ့သော ကဗျာများသာဖြစ်ပြီး လွတ်လပ်ရေးခေတ်ကို မကူး။ ထို့ကြောင့် ဟောရန်မလွတ်သော်လည်း ရှေးမူနှင့်ကွဲပြားသော ဒဂုန်တာရာ၊ ကြည်အေးစသူတို့၏ ကဗျာများမပါ။ ကာရန်ကိုလွတ်ပစ်သော ခေတ်ပြိုင်ကဗျာများ မပါမည်ကတော့ ပြောစရာမလိုပေ။

ခေတ်ပြိုင်ကဗျာများကို ပညာရေးသင်ရိုးတွင်သုံးလျှင် အတော်စူးစူးစိုက်စိုက် စိစစ်ရွေးချယ်ရပေလိမ့်မည်။ ပလ္လင်ပေါ်တင်ထိုက်သော ကဗျာများကို ရွေးရန်အတွက် ရွေးချယ်သူတွင် တာဝန်ကြီးလှ၏။

အထက်ပါအချက်ကို အမေရိကန်ပညာရေးသင်ရိုးများဖြင့် ရှင်းလင်းပြရပေမည်။ သူတို့ဆီမှာ အထက်တန်းသည် ၈ တန်းမှ ၁၂ တန်းကိုခေါ်သည်။ ၁၁ တန်းနှင့် ၁၂တန်းအတွက် အသုံးပြုသော အင်္ဂလိပ်စာသင်ရိုးစာအုပ်သည် စွယ်စုံကျမ်းတစ်အုပ်စာမျှ ထူသည်။ ဝတ္ထု၊ ကဗျာ၊ အက်ဆေး၊ ခရီးသွားစာပေ၊ သိပ္ပံဆောင်းပါး၊ သတင်းဆောင်းပါး စသည်ဖြင့် အမျိုးအစားစုံစုံလင်လင်ပါသည်။

ထူးခြားချက်မှာ စာလုံးအဓိပ္ပာယ်များမှအစ ရေးဖွဲ့ပုံနည်းစနစ်အထိကို အောက်ခြေမှတ်စုများ၊ အခန်းလိုက် နောက်ဆက်တွဲရှင်းလင်းချက်များဖြင့် တင်ပြထားခြင်းဖြစ်သည်။ ကဗျာဆိုလျှင် ကာရန် (rhyme) ၏ အခြေခံများ၊ ရစ်သမ် (rhythm) ၏ အခြေခံများ၊ အလင်္ကာအခြေခံများကိုပါ ရှင်းပြသည်။ သူတို့ဆီမှာ အထက်တန်းကျောင်းသားတစ်ဦး၏ စာပေအခြေခံကိုမြင်နိုင်လောက်ပါသည်။ ဤသို့လေ့ကျင့်ပေးသဖြင့် ကဗျာဆရာတွေ၊ စာရေးဆရာတွေဖြစ်ဖို့ လမ်းများပါသည်ဟု ကျွန်တော်မပြောလိုပါ။ ကဗျာအစရှိသော ရသစာပေဆိုသည်မှာ နည်းပညာသိနေရုံဖြင့် ရေးကောင်းရေးတတ်မည်။ ကဗျာစပ်နည်းသင်ပေးလိုက်၍ ရေးတတ်သွားတာမျိုးနှင့်ဆင်သည်။ ကာရန်ယူတတ်တိုင်း၊ ရစ်သမ်မိတိုင်းကဗျာဆရာမဖြစ်ပါ။ ဇာတ်လမ်းကိုရေးတတ်တိုင်း စာရေးဆရာဖြစ်မလာပါ။ သို့သော် ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ် ဖတ်မိလျှင် အရသာခံတတ်သွားသည်။ ကဗျာဆရာက ပညာသားပါပါ သုံးစွဲထားသော စာလုံးများ၊ အသံများ၏ အလှကို ခံစားတတ်သွားသည်။ စာပေ၏ အလှ အထူးသဖြင့် ကဗျာ၏အလှကို ခံစားနိုင်ခဲ့သည့် ကိစ္စတွင် ကျွန်တော်၏ ကျေးဇူးရှင်များမှာ အလယ်တန်းပြဆရာများဖြစ်ပါသည်။ မြန်မာစာသင်ရိုးစာအုပ်တွင်ပါသော ကဗျာများကိုသင်ပေးသာအခါ သံနေသံထားဖြင့်ရွတ်ပြီး စိတ်ပါလက်ပါ ရှင်းပြသည်။ အားလပ်ချိန်ရလျှင် ထိုကဗျာ၏ ကာရန်ယူပုံနှင့် စာလုံးအလှတို့ကိုပါ ရှင်းပြသည်။ ဆရာများ၏ ကျေးဇူးကြောင့် အထက်တန်းကျောင်းသုံးစာအုပ်မှ ကဗျာများအပါအဝင် နောင်တွေ့သမျှကဗျာများ၏ ပင်ကိုအလှကိုမြင်တတ်လာပါသည်။ ဤဆရာများ၏ ကျေးဇူးကြောင့် မြန်မာစာနှင့်အင်္ဂလိပ်စာ၊ အထူးသဖြင့် ကဗျာများကို ကြောက်စရာဟုမမြင်ဘဲ ချစ်စရာဟု မြင်တတ်သွားပါတော့သည်။

ပညာရေးစနစ်သစ်တွင် ဤလမ်းကြောင်းကိုယူသင့်/မယူသင့်စဉ်းစားကြရပါမည်။ ကျွန်တော်ကတော့ ပညာမြို့တော်သို့ဝင်ရန်လမ်းမကြီးတစ်ခုအဖြစ် ဤလမ်းကြောင်းကိုယူသင့်သည်ထင်ပါသည်။

ခေတ်ပြိုင်ကဗျာနှင့် ပတ်သက်၍ ဆက်ပါမည်။ ကျောင်းသုံးဖတ်စာတွင် ကဗျာသစ်များထည့်သည့်အခါ ထိုကဗျာများကို ချဉ်းကပ်ရန်နည်းလမ်းကိုလည်းထည့်ပေးရလိမ့်မည်။ ဖွဲ့စည်းပုံ Prosodyမှအစ ရသစာပေသို့ ချဉ်းကပ်ရန် ကျန်နည်းလမ်းများကိုပါ သင်ရိုးစာအုပ်တွင်မှတ်စုအဖြစ်ထည့်ပေးရလိမ့်မည်။ စာသင်သားများ လေ့လာမှတ်သားရန်အတွက် စံပြထိုက်သော စာများ၊ ကဗျာများ ဖြစ်ရတော့မည်ဖြစ်ရာ ရွေးချယ်သူများတွင် တာဝန်ကြီးသကဲ့သို့ ချဉ်းကပ်နည်းဖွင့်ဆိုပေးမည့်သူများတွင်လည်း တာဝန်ကြီးပါသည်။ ကြောင်သည် ဖြူချင်ဖြူ၊ နက်ချင်နက်၊ ကြွက်ခုတ်ဖို့အဓိက ဆိုသောဝါဒမှာ အလွန်မှန်ပါသည်။ သို့သော်ကြွက်ခုတ်ခြင်းက နောင်မှလုပ်ရမည့်အလုပ်၊ ဦးဆုံးပြည့်စုံနေရမည့် လိုအပ်ချက်က ကြောင်သည် ကြောင်ဖြစ်နေဖို့ ဖြစ်သည်။ ကြံ့တို့၊ ကျွဲတို့၊ ကျားတို့၊ ကျွတ်တို့ဖြစ်နေ၍ မရ။ ကဗျာသည် ကဗျာဖြစ်ရပေလိမ့်မည်။ ခေတ်ပြိုင်ကဗျာကို ခံစားကြည့်ရာတွင် ပထမဆုံးဖြတ်သန်းရမည့် တံခါးဝမှာ "ကဗျာဖြစ်ခြင်း" တံခါးဝဟု ကျွန်တော် ယူဆပါ၏။

၂။ ။ခေတ်ပြိုင်ကဗျာ

ခေတ်ပြိုင်ကဗျာဆိုသည်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဓိပ္ပာယ်ဖွင့်ကြသည်

ကို တွေ့ခဲ့ရသည်။ ယခုရက်ပိုင်းတွင် ဖတ်လိုက်ရသော ဆွေးနွေးပွဲတစ်ခုတွင် ပါဝင်ဆွေးနွေးသူ ခြောက်ဦးက ကိုယ်ပိုင်အမြင်များဖြင့် အဓိပ္ပာယ်ဖွင့်သွားကြသည်ကို ဖတ်လိုက်ရသေး၏။

contemporary ဆိုသော စကားလုံးကို ခေတ်ပေါ်/တစ်ခေတ် တစ်ချိန်တည်းပေါ်ထွက်/ခေတ်ပြိုင် စသည်ဖြင့် အဘိဓာန်များက ဖွင့်ကြသည်။ တစ်ခေတ်တည်းမှာ အတူတူကြီးပြင်းခဲ့ကြပြီး လုပ်ငန်းနယ်ပယ်တစ်ခုတည်းအတွင်းမှာ အတူဖြတ်သန်းခဲ့ရခြင်းကို He is my contemporary ဟု သုံးသည်။ contemporary အနုပညာ(ဥပမာ-ဝတ္ထု)ကျတော့ ညွှန်းဆိုရာခေတ်ကို ကိုယ်စားပြုနိုင်သော ဝတ္ထုဟု ယူကြပါသည်။ ဤအနေအထားမျိုးကို နိုင်ငံခြားစာပေများတွင်တော့ ရေးဖွဲ့ပုံသစ်ဆန်းလာမှုကို ကိုယ်စားပြုသော စာများကိုပါ ထိုကာလ၏ ပုံရိပ်နှင့်ခံစားမှုများကို ကိုယ်စားပြုသော စာများနှင့် အတူ contemporary စာရင်းသို့သွင်းပါသည်။ ရှိရင်းစွဲခေတ်၏ ဟန်ထက်ရှေ့ကိုလွန်နေသော ဟန်သစ်မျိုးကို modern မော်ဒန်ဟု ခေါ်ပါသည်။ Beethoven, Bach, Schubert, Tschaikovsky စသူတို့၏ ဂီတများတွင် ကိုယ်ပိုင်သီးသန့်ဟန်များ(ဥပမာ ဘီသိုဗင် ဆိုလျှင် ပေါက်ကွဲမှု)ရှိကြသော်လည်း အသံယူပုံ၊ pitch တင်ပုံ၊ tempo ပြောင်းပုံတို့မှာ ဂန္ဓဝင်စီးကြောင်းအတိုင်းသာဖြစ်သည်။ ဂန္ဓဝင်တေးကြီးဘွဲ့ကြီးများ ဖြစ်၍ classical အတန်းအစားတွင် ထည့်သည်။ သူ့ခေတ်အခါအတွက်တော့ contemporary ဖြစ်သည်။ ထိုအထဲတွင် မိုးဇာတ် (Mozart) က ဟန်သစ်များ ထွင်တတ်သူဖြစ်၏။ သူ့ Symphony 40 in G minor ဆိုလျှင် modern classic ဟုယခုတိုင်ခေါ်ကြသည်။

ဂန္ဓဝင်နှင့် ရှေးရိုးကို ကွဲဖို့လိုသည်။ ရေးဖွဲ့မှုဂုဏ်မြောက်တာချင်းအတူတူ ဂန္ဓဝင်က ရသတန်ဖိုးရှိသည်။ ခေတ်ပြိုင်က ခေတ်တန်ဖိုးရှိသည်။ အချုပ်တန်းဆရာဖေ၏ "ဗမာတွေစည်းကမ်းဖောက်လို့" ချီတေးထပ်သည်ခေတ်တန်ဖိုးရှိသည်။ ဦးပုည၏ "စေတီယလက်ထက်" ချီတေးထပ်က ခေတ်တန်ဖိုးအပြင် ရေးဖွဲ့ပုံတန်ဖိုးပါရှိသည်။ သူတို့နောက်မှပေါ်သော ဦးဝေ၏ ရွှေတိဂုံတွဲ့တေးထပ်ကျတော့ ဂန္ဓဝင်မမြောက်သော ရှေးရိုးစာမျှသာ။

"ဆွေသူ့မောင် အပ္ပေများကိုလ
မေရတောင်နေရထားဆီသို့

ချွေစကားမှာလိုက်မယ်။" အစချီသော စာရေးတော်ကြီးဦးဘဇံ၏ လေးချိုးသည် ရသကိုပေးနိုင်သည့် ဂန္ဓဝင်ကဗျာဖြစ်သည်။ ရိုးရှင်းဇြိမ်းချမ်းသော ကျေးလက်ဘဝကို ဖော်ကျူးသည့် ကစားရွယ်(ဦးရဲဒင်)သည် ခေတ်ပြိုင်တန်ဖိုးတွင်မြင့်သော်လည်း စွဲမက်စေခြင်းဂုဏ်ကကဲသွားသည်။ "ဒေါင်းရောင်နေမှေ့သကို အခိုက်တွင်မှ၊ ခေါင်းဆောင်တွေရှေ့အလိုမလိုက်ပြန်တော့၊ ခွေးလိုမိုက်ချင်တဲ့အကျင့်တန်" ဟူသော လေးချိုးကြီး၊ "အထက်နယ်အညာက ကြွခဲ့သကွဲ့၊ မျက်နှာငယ်စျာပနပေမို့၊ မသာအချတွင်မှ ဧည့်လည်းမလာ၊ (အိုးကွယ်) ဆရာအမျှ ရယ်နဲ့ တပည့်အနည်းသာ" ဟူသော လေးချိုးကြီး စသည်တို့တွင် ခေတ်ပြိုင်ရုပ်ပုံလွှာကို မြင်ရသည်။ "လယ်သမားက ကလော်ဆဲပြန်ခြင်း" လေးချိုးကြီးတွင် သခင်ကိုယ်တော်မှိုင်းသည် ရုပ်တူပြ allegory နည်းကို သုံးပြီး မင်ြမ်းချမ်းသော ပြည်တွင်းရေးကို သရော်ထားသည်မှာလည်း contemporary scene ကို တစ်ဖက်လှည့်ဖြင့် ဖော်ခြင်းဖြစ်သည်။ ထိုကဗျာကြီးများ၏ ရေးဖွဲ့ပုံက တကယ့်ရှေးရိုးနည်းအတိုင်းသာ ဖြစ်သော်လည်း အတွင်းသားကား ခေတ်ပြိုင်ရုပ်ပုံလွှာဖြစ်သည်။

ခေတ်ပြိုင်သည်ခေတ်ကိုကိုယ်စားပြုမှုနှင့် ဆိုင်သဖြင့် အကြောင်းအရာဘက်သို့ အလေးသာသည်ဟု ပြောလျှင် ရမည်ထင်ပါသည်။ ရှေးရိုးမလိုက်ဘဲ ဆန်းသစ်သောကိုယ်ပိုင်ဟန်ဝင်လာလျှင်တော့ မော်ဒန်ဖွဲ့နည်းစနစ်ဟု ပြောရပါမည်။

၃။ ။ရသဝတ္ထု

ဝတ္ထုတို ပေါင်းချုပ်များ၊ မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်များထုတ်ဝေရာတွင် တစ်တပ်တစ်အားဖြစ်လာသော လင်းလွန်းခင်မှ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုရှည်များ(၂) ထွက်လာသည်။ မောင်ညိုပြာ၏ တိတ်ဆိတ်ညမှ ဆင်တဲဝမြတ်ဖုန်း၏ လောပန်းကြီးနှင့် ထိုကတ်ပြားလေး (၂)ခုအထိ မဂ္ဂဇင်းဝတ္ထုရှည် ၂၈ပုဒ်ပါရှိရာ ရသစာပေချစ်သူများတစ်ကြီးဖတ်ရမည့် ဝတ္ထုများဖြစ်သည်။(ဖတ်ညွှန်းမဟုတ်သော)ဝေဖန်စာအတွက်ဝတ္ထုတစ်ပုဒ်လျှင် ဆောင်းပါးတစ်ပုဒ်ထွက်အောင်ရေးရမည်ဖြစ်ရာ ဝတ္ထု ၂၈ပုဒ်လုံးအတွက် အချိန် ခုနစ်လကြာပေလိမ့်မည်။ ကြုံလျှင်တော့ ဝတ္ထုတို တစ်ပုဒ်အား ထောင့်စုံဘက်စုံမှ ချဉ်းကပ်ကြည့်ပါဦးမည်။ ယခုတော့ ဖတ်မိသမျှလေးကိုပင် မျှဝေလိုက်ပါရစေ။

မောင်ညိုပြာ၏ တိတ်ဆိတ်ညမှာ ဤဝတ္ထုတွင်ခီးကျူးဖွယ်ကောင်းသည်မှာ စာရေးဆရာ၏ စရိုက်ဖော်မှုပညာဖြစ်၏။ ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးတို့အသိုင်းအဝိုင်းကို မျက်စိလျင်လျင်ဖြင့်ကြည့်ပြီး အသေးစိတ်များ လိုသလို ထည့်သွင်းသွားခြင်းဖြင့် ဇာတ်ဆောင်များအသက်ဝင်လာကြသည်ကို တွေ့ရပါသည်။

တက္ကသိုလ်မြစ်မ၏ မိဟာရပြေးနေသည်။ မွန်ပြည်နယ်မှ ရန်ကုန်တက်ပြီး အိမ်ဖော်လုပ်ရသော မိန်းမငယ်လေးတစ်ဦး၏ ဇာတ်ကြောင်းဖြစ်သည်။ ဖတ်ရနေကျ ဝတ္ထုများလို ဒုက္ခမျိုးစုံတွေ့၊ ပျက်စီးဆိုသော ဇာတ်ကြောင်းမျိုး မဟုတ်။ ဇာတိရွာဝန်းကျင်မှာ ခေတ္တတာဝန်ကျသော အလုပ်သင်ဆည်မြောင်း အင်ဂျင်နီယာလေးအပေါ် ကိုင်းညွှတ်မှု၊ မျှော်လင့်မှုတို့ကိုလည်း လွမ်းမောစရာ ကောင်းအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့မရေး။ ဝတ္ထုရှည်ကြီး တစ်ပုဒ်မရေးချင်သဖြင့် အပြောတွေသုံးပြီး ချုံ့ရေးလိုက်ဟန်ပေါက်နေသည်။ ဤဝတ္ထု၏ ထူးခြားချက်မှာ တက္ကသိုလ်မြစ်မ၏ သွေ့ခြောက်ခြောက်ဟန်ဖြစ်သည်။ သွေ့ခြောက်ခြောက်ဟန်ဖြင့် ဇာတ်ဆောင်၏ သွေ့ခြောက်သောဘဝ၊ ထိုမှတစ်ဆင့် ဘဝ၏ သွေ့ခြောက်မှုများကို မထုံတက်သေး ပြောပြနေသည်ဟု ခံစားမိပါသည်။

စိုး(နွယ်ပန်းအိမ်) ၏ သက်ဆိုင်သူသို့။ "အချစ်ဇာတ်လမ်းလေး"နှင့် "သက်ဆိုင်သူသို့" သီချင်းနှစ်ပုဒ်ကို နေရာတကျထည့်သွင်းထားသော လွမ်းမောစရာ အချစ်ဝတ္ထု။ လွမ်းမောဖိုလှိုက်ဆိုသော အလွမ်းရသ sensationalism ကို တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများတွင် သတိထားမိသူများ၊ တစ်ဖက်စွန်းရောက်သော အသည်းကွဲအရက်သောက် ငိုကြွေးဆိုသည့် ၁၉۶၀ တစ်ဝိုက်က အချစ်ဝတ္ထုများကို သတိပြုမိခဲ့သူများသည် ဤဝတ္ထုတွင် စာရေးသူသုံးစွဲသွားသည့် ထိန်းထိန်းသိမ်းသိမ်းပြောဟန်(တစ်ဝက်သွေး-half tones) များကို သတိထားမိကြပါလိမ့်မည်။ အရေးအသားကျွမ်းကျင်မှုကိုလည်း မြင်ရသည်။

မြေလတ်မောင်မြင့်သူ၏ ကောင်းကင်ငိုဖို့တိမ်ပြိုလေသလား။ အညာကျေးလက်တစ်ခုတွင် တကယ်ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းတစ်ခုကို ပြန်လည်ခံစားရေးဖွဲ့သည်ဟု ဆိုပါသည်။ အညာကျေးလက်အင္ဂြေ့အသက် atmosphere ကို ကျွမ်းကျင်စွာထည့်သွင်းသွားသည်ဟု ထင်ပါ၏။ ဝတ္ထုတို မှာဖြတ်သလို ဇာတ်ဆောင် တစ်ပင်တိုင်စိုးဝင်းလဲကျသွားခန်းတွင် တိခဲနဲမဖြတ်ဘဲ နောက်ဆုံးအခန်းကို ဆက်ရေးသည်။ အပိုဟု ထင်ရသော ထိုအပိုင်းမှာ အပိုမဟုတ်ဘဲ ဝတ္ထု၏ရသကို အမြင့်ဆုံးတင်ပေးလိုက်သော အခန်းအဖြစ် အလွန်တန်ဖိုးရှိသွားသည်ဟု ထင်မြင်ပါသည်။

ခင်လှိုင်ကြူ၏ ချိုးကလေးတေးဆိုစေ။ သမားရိုးကျဝတ္ထုဟု ထင်ရသော်လည်း ထူးခြားသော ပုဂ္ဂလိက စရိုက်နှင့် လူသားသဘာဝများကို တွေ့ရပါသည်။ ဇာတ်စင်မြင်ကွင်း panoramic view ဟုထင်ရသော်လည်း ကိုယ်တိုင်ပြန်ပြော First Person narration သာဖြစ်သည်။ "ကျွန်တော်"ဟု သုံးစွဲကာ ပြန်ပြောနေသူထံမှ panorama ဝင်လာအောင် ရေးနိုင်သော ဝါရင့်လက်ကို မြင်ရ၏။

ဤဝတ္ထုများကိုပါ ကြုံသလို ညွှန်းပါဦးမည်။

၄။ ။ဝေဖန်သူသမိုင်း

ဖြစ်ရပ်မှန် မှတ်တမ်းများပေါ်ထွက်ခွင့်ရလာသဖြင့် တိမ်မည်းညိုကြားမှ လဝန်းရုံနှစ်ထွက်လာနိုင်ခဲ့ပြီဟု ပြောရမလို ဖြစ်သည်။ လရောင်သည် အမှောင်ကိုဖယ်ရှားသဖြင့် မြေပြင်ရှုခင်းကိုယခင်ကထက် ရှင်းရှင်းလင်းလင်းမြင်လာရသည်။ သို့သော် သစ်ပင်ရိပ်ကျရာ နေရာများတွင်ကား မှောင်နေဆဲဖြစ်ပါလိမ့်မည်။ သမိုင်းမှတ်တမ်းများကို အကဲဖြတ်သောအခါ ရေးသူက သမိုင်းကို ဘယ်လောက်ထဲထဲဝင်ဝင် သိထားသနည်း၊ သိထားသလောက်ကော ရေးနိုင်ပါရဲ့လား။ သမိုင်းကို "ပြုပြင်စီရင်မှု"တွေ ပါနေသလားဟု ကြည့်ရပါသည်။ ဤသို့ ကြည့်သောအခါ သမိုင်းအစစ်နှင့် ရွှေပေလွှာသမိုင်းတို့ကွဲပြားသွားကြလေသည်။ သမိုင်းဝေဖန်ရေးဆရာက မိမိ၏ သုတ၊ မိမိ၏ ဖြတ်သန်းမှုတို့ဖြင့် သမိုင်းကို အကဲဖြတ်ပါသည်။ လင်းထင်သည် ရွှေပေလွှာများအပါအဝင် သမိုင်းမှတ်တမ်းတချို့ကို "တံခြိုန်ချက်နှင့် ဝေဖန်ချက်များ"ဖြင့် ဝေဖန်လိုက်ပါသည်။ သူ့ဝေဖန်ချက်များမှာ ဝေဖန်စာနှင့်မတူဘဲ သမိုင်းမှန်ကို ပြန်ပြောပြနေသည့်ပုံသာ ပေါက်ပါသည်။ အမှာစာရေးပေးသူ သက်ဇင်က "ဆရာ့စာရေးဟန်တစ်ခုနှင့်ပတ်သက်၍ ကျွန်တော်နားမလည်တာတစ်ခုတော့ရှိသည်။ စာအုပ်ဝေဖန်ချက်များရေးသည့်အခါ မူရင်းစာအုပ်မှ မူရင်းစာပိုဒ်များနှင့် ဆရာ့ ကိုယ်ပိုင်အယူအဆများ အနည်းငယ်ရောထွေးနေခြင်းဖြစ်သည်"ဟု ရေး၏။ ဤအချက်ကို ကျွန်တော်လည်း သတိထားမိပါသည်။ အချို့ကိစ္စများ (ဥပမာ- ၇၅ ကျပ်တန်များ သိမ်းခြင်း)၏ အကြောင်းရင်းအမှန် မှိန်နေခြင်း၊ ရှစ်လေးလုံးကို ဇာတ်ညွှန်းရေးခဲ့ပုံများ မပါခြင်း တို့ကိုလည်း သတိထားမိသည်။ လက်တစ်ဆုပ်စာ လူနည်းစုသာ သိနိုင်သည့် ဖြစ်ရပ်မှန်များကို တစ်နေ့တော့ ဖတ်ခွင့်ရကောင်းပါရဲ့ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကို တစ်ပုဒ်ချင်းဆန်းစစ်ရန်အတွက် အချိန်လိုပါသည်။ သတ္တိလည်း လိုပါသည်။ ကျင့်ဝတ်ကိုလည်း မျက်ကွယ်ပြု၍မရ။ အလွန်ဖတ်ထိုက်သော သမိုင်းဝေဖန်စာတစ်စောင်ဟုသာ ပြောရပါတော့မည်။ ။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကချင်ပြည်နယ်အတွင်းရှိ ဥပဒေချုပ်နှင့် ဥပဒေအရာရှိများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြား

မြစ်ကြီးနား စက်တင်ဘာ ၁၇
ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေက ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများအား တွေ့ဆုံခဲ့သည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်က ပြည်နယ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများတွင် တရားစွဲအမှုလိုက်လုပ်ငန်းများ၊ ဥပဒေအကြံဉာဏ်ပေးရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများအနေဖြင့် ပြစ်မှုဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်နိုင်ရေး၊ ဥပဒေအကြံဉာဏ်ပေးရေး၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဂတိလိုက်စားမှုမရှိစေရေးနှင့် ဌာန၏လုပ်ငန်းအပေါ် စေတနာထားလုပ်ဆောင်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

Wedding and Women Fashion Fair ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇
မြန်မာ့ရိုးရာအမျိုးသမီးဖက်ရှင်များ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလာစေရန်နှင့် မြန်မာနိုင်ငံတွင် ခေတ်မီခိုင်မာသော မဂ်လာဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ Wedding and Women Fashion Fair ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ လေးရက်တိုင်တိုင် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဟု သိရသည်။

"မကြာခင် သတင်းကျွတ်တော့မယ်ဆိုတော့ ကျွန်တော်တို့ဆီက မဂ်လာမောင်မယ်တွေလိုအပ်တဲ့ ဝန်ဆောင်မှုတွေကို တစ်နေရာတည်းမှာ စုံစုံလင်လင်ကြည့်ရှုပြီး ကြိုတင်စီစဉ်ထားနိုင်အောင်ရယ်၊ နောက် အဓိကရည်ရွယ်တာကတော့ အမျိုးသမီးထုကိုပါ။ မြန်မာ့ရိုးရာ ပိုးထည်၊ ချိတ်ထည်တွေ၊ အလှကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုနိုင်အောင်ပါ"ဟု Future Myanmar Creation မှ မန်နေဂျင်းဒါရိုက်တာ ဦးအာကာမြင့်က ပြောသည်။

ယင်းပြပွဲကို Future Myanmar Creation ကုမ္ပဏီကကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းအသီးသီးမှ လာရောက်ပြသသူ ဆိုင်ခန်းပေါင်း ၁၀၀ ခန့်ရှိကြောင်း သိရသည်။ ပြပွဲတွင် မဂ်လာပွဲစီစဉ်သူများ၊ ဓာတ်ပုံ၊ ဗီဒီယို၊ စတူဒီယို ဝန်ဆောင်မှုလုပ်ငန်းများ၊ မဂ်လာဝတ်စုံပြခန်းများ၊ မဂ်လာဖိတ်စာ၊ လက်ဆောင် အစရှိသည့် မဂ်လာပွဲဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အပြင် အမျိုးသမီးထုအတွက် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဝတ်စုံများ၊ ပိုးထည်၊ ချိတ်လုံချည်များ၊ အလှပြင်ပစ္စည်းများအပြင် မဂ်လာဆောင်ရာတွင်လိုအပ်သည့် ပရိဘောဂများ၊ ခန်းဝင်ပစ္စည်းများ စသည့် အသုံးအဆောင်ပစ္စည်းများကိုလည်း တစ်ပါတည်း လေ့လာကြည့်ရှုနိုင်အောင် ပါဝင်ပြသထားသည်။ ယင်းပြင် သတို့သား၊ သတို့သမီးဝတ်စုံ ပြပွဲများ၊ ဒီဇိုင်နာများ၏ မြန်မာ့ရိုးရာ မဂ်လာဝတ်စုံနှင့် အနောက်တိုင်း မဂ်လာဝတ်စုံဖန်တီးမှုလက်ရာ ပြပွဲများကိုလည်း ပြပွဲရက်အတွင်း လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

Myanmar International Travel Mart 2016 ပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံး Myanmar International Travel Mart 2016 (MITM-2016) ပြပွဲကို စက်တင်ဘာ ၁၇ မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက "ပြည်တွင်းမှာ ပထမဆုံးလုပ်တဲ့ပွဲပါ။ ဒီပွဲဟာ ပြည်သူတွေအတွက် လုပ်တဲ့ပွဲပါ။ ကျွန်တော်တို့အသင်းစတည်ထောင်ခဲ့တာ ၁၅ နှစ်နီးပါးရှိပါပြီ။ ဒီပွဲမလုပ်ခင်တုန်းကတော့ ပွဲလေးတွေ လုပ်ဖူးပါတယ်။ ပြည်ပကိုထွက်ပြီး ပြတာရှိသလို ပြည်ပကလည်း ပြည်တွင်းကိုလာပြီး အပြန်အလှန်ရောင်းဝယ်ကြတာရှိပါတယ်။ ဒါက မီးခိုးမထွက်တဲ့ ထုတ်ကုန်တွေ၊ ခရီးသွားဝန်ဆောင်မှုတွေကို ရောင်းတာပါ။ ယနေ့ မြန်မာနိုင်ငံက ပြည်သူတွေ တော်တော်များများခရီးသွားလာကြတယ်။ သွားတဲ့အခါမှာလည်း နည်းမှန် လမ်းမှန်ခရီးသွားကြဖို့ လိုလာတယ်။ တချို့ကလည်း Visa ရဖို့ အေးဂျင့်တွေကိုကပ်ကြတယ်။ တချို့ကျတော့လည်း ဗီဇာကင်းလွတ်ခွင့်ရှိတဲ့နိုင်ငံတွေကို သွားကြတယ်ဆိုရင် လေယာဉ်လက်မှတ်ခ သက်သာလာတယ်။ ဒါပေမယ့် ဟိုရောက်တဲ့အခါ စျေးကြီးတာတွေ၊ အဆင်မပြေတာတွေ၊ အလိမ်ခံတာတွေကြုံတဲ့အခါ ခရီးသွားအေးဂျင့်တွေရဲ့အခန်းကဏ္ဍက အရေးကြီးလာပြီ။ ဒါကြောင့် ပြည်ပခရီးသွားလိုင်စင်ထုတ်ပေးလာတယ်။ အာမခံချက်တွေထုတ်ပေးလာတယ်။ သက်သာတဲ့စျေးနှုန်းဝန်ဆောင်မှုတွေကို ပေးလာတဲ့အခါမှာ ခရီးသွားကုမ္ပဏီ ၉၀၀ ကျော်က ပြည်ပခရီးသွားလိုင်စင်ယူထားတာ ၃၀၀ ကျော်ရှိလာပါပြီ" ဟု ရှင်းပြသည်။

အဆိုပါပြပွဲတွင် ကမ္ဘာတစ်ဝန်းလုံးမှ ခရီးစဉ်များကို Special Promotion များဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(ဌေးအောင်)

MNDAA လက်နက်ကိုင်အဖွဲ့မှ လောက်ကိုင်မြို့တွင်းသို့ ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ် နယ်မြေခံတပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇
ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၏ မြောက်ဘက်အစွန်၌ စက်တင်ဘာ ၁၅ ရက် ည ၉ နာရီ ၅ မိနစ်ခန့်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသည် ယခင်ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးပယ်စောက်ချိန်၏ နေအိမ်ဖြစ်ပြီး နေအိမ်အရှေ့မြောက်ဘက် အမိုးပျက်စီးကာ အပျက်အစီးနေရာတစ်ဝိုက်မှ ဒုံးသီးသံထည်အပိုင်းအစ ငါးခုအားသိမ်းဆည်းရမိခဲ့ပြီး ပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခဲ့ရာ ပစ်ခတ်သည့်နေရာမှာ လောက်ကိုင်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ကုန်းစောင်းနေရာတစ်ဝိုက်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ရှိရသော ဒုံးသီးအပိုင်းအစများအား စိစစ်ချက်အရ MNDAA သောင်းကျန်းသူများအသုံးပြုသည့် တစ်ဖက်နိုင်ငံလုပ် ၁၀၇ မမ ဒုံးပစ်လောင်ချာ အစိတ်အပိုင်းများဖြစ်ပြီး အဆိုပါဒုံးသီးသည် အကွာအဝေး ငါးမိုင်ခန့်အထိ ပစ်ခတ်နိုင်ကြောင်း သိရသည်။

လောက်ကိုင်မြို့ကို ပစ်ခတ်ရန် ၁၀၇ မမဒုံးသီး သုံးလုံးတွဲအား လျှပ်စစ်ဝါယာကြိုးဖြင့် သွယ်တန်းထားပုံ။(မြဝတီ)

တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် လောက်ကိုင်မြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ တောင်ကြောတစ်ဝိုက်၌ မသင်္ကာဖွယ်ရာအိတ်များတွေ့ရှိရကြောင်း သတင်းအရ သွားရောက်ရှင်းလင်းခဲ့ရာ တစ်ဖက်နိုင်ငံလုပ် ညကြည့်မှန်ပြောင်း တစ်ခုနှင့် ၁၀၇ မမဒုံးသီး ပြောင်းပါ ၁၈ လုံး၊ ပြောင်းမပါ လေးလုံး စုစုပေါင်း ၂၂ လုံးတို့ကို လျှပ်စစ်ဝါယာကြိုးများဖြင့် သွယ်တန်းထားကာ ဒစ်ဂျစ်တယ်အချိန်ထိန်းကိရိယာဖြင့် တပ်ဆင်ထားပြီး လောက်ကိုင်မြို့၏ အဓိကနေရာများအား တစ်ပြိုင်တည်းပစ်ခတ်ရန် ချိန်ရွယ်ထားကြောင်း တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေခံတပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ဒိုက်ဦး စက်တင်ဘာ ၁၇
အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မြို့မရဲစခန်းမှ စခန်းမှူး အေးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ဒရယ်မီး မင်းလမ်းဘေးရှိ ရုံးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းရှေ့နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှေ့တို့၌ ပေါင်းမြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(IPRD)

ရန်ကုန်-မန္တလေးအမြန်လမ်း၌ စက်တင်ဘာ ၁ ရက်မှယနေ့အထိ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းသည့်ယာဉ် ၄၈၇ စီးအား ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၁၇

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု မဖြစ်ပွားရေးအတွက် သတ်မှတ်အမြန်နှုန်းထက်ကျော်လွန်မောင်းနှင်သော ယာဉ်များအား အမြန်လမ်းရဲတပ်ဖွဲ့မှ အမြန်နှုန်းတိုင်းကိရိယာများအသုံးပြု၍ ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ၃၉ စီး ဖမ်းဆီးအရေးယူခဲ့ရာ ခရီးသည်တင်ယာဉ် နှစ်စီးပါဝင်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

သို့ပါ၍ အမြန်လမ်းတွင် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ယနေ့အထိစုစုပေါင်းမော်တော်ယာဉ် ၄၈၇ စီး ဖမ်းဆီးအရေးယူခဲ့ပြီး ယာဉ်မောင်းများကိုယ်တိုင်သတ်မှတ်ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်တရားရုံးတွင်ဒဏ်ငွေပေးဆောင်စေပြီး ရရှိသောဒဏ်ကြေးငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းလျက်ရှိကြောင်းသိရသည်။

သန်းဦး(လေးမျက်နှာ)

သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောဆွေးနွေး

ဖြူး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ စည်ပင်သာယာခန်းမ၌ သွေးလွန်တုပ်ကွေး ရောဂါအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းနားတွင် ဖြူးမြို့နယ် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ မြင့်မြင့်လွင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ ခေါင်းစဉ်နှင့် United Pharma ကုမ္ပဏီမှ Area Head Ma Mi Thazin mon က Product များ ဖြူးမြို့နယ် အကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် သွေးလွန်တုပ်ကွေး အကြောင်းနှင့် Product များ အကြောင်းကို တက်ရောက်လာသူများကို မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြောင်းသိရသည်။

(ဖြူးမြင့်ဦး)

မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာအုပ်စုအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းအား KIO/KIA လက်နက်ကိုင်အဖွဲ့က လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် စက်တင်ဘာ ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာရှိတပ်မတော်၏ ပွိုင့် ၃၀၈ စခန်းအား ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်နှင့် ၅ နာရီခွဲခန့်တို့တွင် KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၄၀ ခန့်သည် လက်နက်ကြီး/ လက်နက်ငယ်များဖြင့် နှစ်ကြိမ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စခန်းရှိတပ်မတော်သားများက ပြန်လည်ခုခံချေမှုန်းတိုက်ခိုက်ခဲ့သည့်အတွက်ရန်သူသည် နံနက် ၆ နာရီခွဲခန့်တွင် ထိခိုက်ကျဆုံးမှုများဖြင့် တောင်ဘက်နှင့်အနောက်တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါနယ်မြေအတွင်း KIO/KIA လက်နက်ကိုင်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအား လုပ်ကိုင်ခွင့်မပြုခြင်း၊ ခြိမ်းခြောက်မောင်းထုတ်ခြင်း၊ မိုင်းထောင်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံတောင်သူလယ်သမားများအနေဖြင့် မိမိတို့မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ခုနှစ်တွင် ခုနှစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် နှစ်ကြိမ်စုစုပေါင်း ကိုးကြိမ် မိုင်းထောင်ဖောက်ခဲ့မှုများပြုလုပ်ခဲ့သဖြင့် ကျေးရွာနေ ဒေသခံပြည်သူလေးဦးသေဆုံးကာ ၁၀ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါပွိုင့် ၃၀၈ စခန်းသည် ဆွတ်လျှံနယ်မြေအတွင်း တပ်စခန်းများဖွင့်လှစ်၍ ကာကွယ်စောင့်ရှောက်မှု ပြုလုပ်ပေးရန် ရွာသူ ရွာသားများက တိုင်းစစ်ဌာနချုပ်သို့ ဆန္ဒပြုတင်ပြတောင်းခံခဲ့သောကြောင့် တပ်မတော်မှ လုံခြုံရေးအရ တာဝန်ယူဆောင်ရွက်ပေးနေသည့် စခန်းတစ်ခုဖြစ်သည်။

(မြဝတီ)

ကျေးလွန်တုပ်ကွေးကာကွယ်ဆေး ရရှိနိုင်ရန် ကျန်းမာရေးဌာန ကတိပြု

ရန်ကုန် စက်တင်ဘာ ၁၇

ကျေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရန် ကျန်းမာရေးဌာနမှ ကတိပြုခဲ့ပြီး ကျေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသနိုင်ရန် ဆေးဝါးများ ရရှိနိုင်ကြောင်း ကျန်းမာရေးနှင့်လူမှုရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်ကျော်ထွန်းက ပြောကြား

ငလျင်ဒဏ်သင့်ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်နိုင်ရန် ဆင့်ပွားသင်တန်းဖွင့်

ညောင်ဦး စက်တင်ဘာ ၁၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများအား ပြန်လည်ပြုပြင်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် UNESCO၊ ICCROM မှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော သင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာ ပို့ချပေးခဲ့သည်။

ယင်းသင်တန်းသို့တက်ရောက်ခဲ့သည့် သင်တန်းသား ၁၈ ဦးက ဆင့်ပွားသင်တန်းတစ်ရပ်ကို ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်ရှိ ကျောင်းကြီးညီအစ်မဘုရား အမှတ် (၉၉၇) နှင့် (၉၉၈) တို့၌ စက်တင်ဘာ ၁၄ ရက်တွင် စာတွေ့လက်တွေ့ ပြန်လည်ပို့ချပေးခဲ့သည်။

အဆိုပါဆင့်ပွားသင်တန်းသို့ ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ Bagan Visitors၊ New Generation၊ စိတ္တသုခ၊ ဖြူစင်မေတ္တာ၊ လောကမေတ္တာ၊ Save the Bagan၊ ယွန်းလုပ်ငန်းအသင်း၊ သုခစေတနာ၊ မဂ္ဂကာရီ၊ ဂိုးဒင်းအီး၀ Balloonအဖွဲ့၊ ဝေဠုကျော်ဖောင်ဒေးရှင်းစသည့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအပြင် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များအား စနစ်တကျထိန်းသိမ်းနည်းကို စိတ်ဝင်စားကြသည့် သံယာတော်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဂေါပကအဖွဲ့ဝင်များပါဝင်သည့် သင်တန်းသား ၇၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် နည်းပြများက သင်တန်းသား ၇၉ ဦးကို အဖွဲ့လေးဖွဲ့ခွဲကာ လုပ်ငန်းခွင်လုံခြုံရေးမှစ၍ မြေပုံအကြမ်းရေးဆွဲနည်း၊ အင်္ဂတေအပိုင်းအစ၊ လက်ရှိခေတ်အုတ်၊ ရှေးဟောင်းအုတ်၊ ရှေးဟောင်းပစ္စည်းများအား စနစ်တကျခွဲခြားကာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ သိမ်းဆည်းခြင်းများကို လက်တွေ့သရုပ်ပြသင်ကြားခဲ့သည်။

"UNESCO၊ ICCROM က ပညာရှင်တွေပို့ချတဲ့ သင်တန်းရဲ့သဘောကတော့ ရှေးဟောင်းအမွေအနှစ်ကို ရှေးဦးသူနာပြုနည်းနဲ့ ကာကွယ်တဲ့နည်းပေါ့။ အဲဒီက ဘာရသလဲဆိုတော့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို အလေအလွင့်မရှိအောင် နိုင်ငံတကာမှာ စနစ်တကျ ဘယ်လိုထိန်းသိမ်းကြလဲဆိုတာ သိခဲ့ရပါတယ်။ သင်တန်းရဲ့ အဓိကရည်ရွယ်ချက်ကိုက သဘာဝဘေးအန္တရာယ် ဖြစ်လာပြီဆိုရင် ချက်ချင်းပြန်လည်တုံ့ပြန်နိုင်ဖို့ပါ။ ငလျင်ဖြစ်ပေါ်လာပြီဆိုရင် လုပ်ငန်းခွင် လုံခြုံရေးအရဆောင်ရွက်နည်း၊ မှတ်တမ်းကောက်ယူနည်း၊ မြေပုံရေးဆွဲနည်းတွေ၊ စနစ်တကျသန့်ရှင်းရေး ပြုလုပ်နည်းတွေကို သိခဲ့ရတယ်။ အခုဆင့်ပွားသင်တန်းမှာလည်း ကျွန်တော်တို့ ဒါတွေကိုပဲ လက်တွေ့သင်ကြားပေးသွားမှာပါ။ ဒီပညာရပ်တွေကို အခုသင်တန်းသားတွေကနေတစ်ဆင့် ပုဂံဒေသရှိ ဘုရားစေတီပုထိုးတွေမှာ သန့်ရှင်းရေးလုပ်အားပေးနေတဲ့ လူမှုရေး အသင်းအဖွဲ့ဝင်တွေအထိ ပျံ့နှံ့သွားပြီဆိုရင် နည်းစနစ်တကျနဲ့ လုပ်ငန်းတွင်ကျယ်လာမှာပါ"ဟု နည်းပြခေါင်းဆောင်အဖြစ် ဆောင်ရွက်နေသူ Bagan Visitors မှ ကိုကုဒ္ဓေသူက ပြောသည်။

ရဲသူရအောင်(ညောင်ဦး)

လမ်းများအလိုက် လုံခြုံရေးစောင့်ကြည့်စနစ် အကောင်အထည်ဖော်မည်

သပိတ်ကျင်း စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် မြို့နယ်အတွင်းရှိ လမ်းများအလိုက် လုံခြုံရေးစောင့်ကြည့်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်စင်ဦး၏ ပြောကြားချက်အရ သိရသည်။

လမ်းများအလိုက် လုံခြုံရေးစောင့်ကြည့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာနယ်မြေအလိုက် တာဝန်ပေးအပ်မှု အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်များ ရှင်းလင်းပွဲကိုလည်း စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မိုးဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တစ်မြို့နယ်လုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကျဆင်းရေးအတွက် လုံခြုံရေးဆောင်ရွက်မှုတွေကို အခုလက်ရှိဆောင်ရွက်နေတာထက် တိုးမြှင့်ဆောင်ရွက်ဖို့ လမ်းများအလိုက်၊ ရပ်ကွက်အလိုက် စောင့်ကြည့်စနစ်နဲ့ ဆောင်ရွက်သွားမှာပါ။ ပြည်သူတွေနဲ့ ရပ်ကွက်က တာဝန်ရှိသူတွေ ပူးပေါင်းပါဝင်ဖို့ အခုလိုဆွေးနွေးပွဲတွေ ဆောင်ရွက်နေတာပါ"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်စင်ဦး၏ ပြောပြချက်အရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ငလျင်ဒဏ်သင့်ပျက်စီးခဲ့သည့် ဘုရားစေတီ ၁၁၆ ဆူပြန်လည်ပြုပြင်နိုင်ရေး အလှူငွေများ လွှဲပြောင်းပေးအပ်

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၇

ကျောက်ပန်းတောင်းမြို့နယ်တွင် သြဂုတ် ၂၄ ရက် က လှုပ်ခဲ့သောငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဘုရားစေတီများအား ပြန်လည်ပြုပြင်နိုင်ရန် အလှူရှင်များက စုပေါင်းလှူဒါန်းထားသည့် အလှူငွေများ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ယခုလွှဲပြောင်းပေးအပ်သည့်ငွေမှာ အနည်းဆုံးငွေကျပ်ငါးသောင်းမှ အများဆုံးခြောက်သိန်းအထိ စုစုပေါင်း ၃၁ သိန်းဖြစ်ပါကြောင်းနှင့် မတည်ငွေအဖြစ်သာ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြေငလျင်ဒဏ်ကြောင့် ကျေးရွာအုပ်စု အချို့တွင် ဘုရားစေတီများ ပြိုကျပျက်စီးမှုရှိခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ အလှူငွေများကောက်ခံပြီးရရှိသည့် အလှူငွေများကို ပြုပြင်ရန်လိုအပ်သည့် စေတီဘုရားအလိုက်စာရင်းပြုစု၍ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကျေးရွာရှိ ဆရာတော်များထံ အပ်နှံပြုပြင်မည်ဖြစ်ကြောင်းနှင့် ထပ်မံရရှိသည့် အလှူငွေများကိုလည်း ဆက်လက်၍ လွှဲပြောင်းခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မန္တလေးစာကြည့်တိုက်များတည်ထောင်သူက လူငယ်များ စာဖတ်ချင်စိတ်မြင့်မားစေရေး ဆွေးနွေး

သထုံ စက်တင်ဘာ ၁၇

မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ သထုံခရိုင်ပြည်သူ့စာကြည့်တိုက်တွင် စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မန္တလေးစာကြည့်တိုက်များ တည်ထောင်သူ ကိုဇော်ဇော်က လူငယ်များ စာဖတ်ချင်စိတ် မြင့်မားစေရေးအတွက် ၎င်း၏ ဘဝဖြတ်သန်းမှုများနှင့် စာပေကြောင့်ရရှိသည့် ဘဝခွန်အားများ လူမှုဘဝမြင့်မားပြောင်းလဲမှုအတွေ့အကြုံများကို လာရောက်ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

"ကိုဇော်ဇော်က မကြာသေးခင်ကမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြု ချီးမြှင့်တဲ့ လူငယ်စံပြဆုကို ရရှိထားသူပါ။ ဒီကလူငယ်တွေနဲ့တွေ့ဆုံစေတဲ့အခါမှာ သူ့ကို လူငယ်တွေက အားကျပြီး စာတွေဖတ်လာမယ်။ ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ ယုံကြည်တယ်။ လူငယ်တွေ စာများများဖတ်မှ စာပေကရတဲ့ အသိတွေက သူတို့ဘဝကို ပြောင်းလဲနိုင်မှာပါ" ဟု ဆွေးနွေးပွဲကို ဦးဆောင်စီစဉ်သည့် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးစာကြည့်တိုက်များတည်ထောင်သူ ကိုဇော်ဇော်က စာပေကြောင့် မြင့်မားပြောင်းလဲလာသည့် အတွေ့အကြုံများ၊ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ထောင်ထားသည့် စာကြည့်တိုက်လုပ်ငန်း အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးဟောပြောရာ လူငယ် ၁၀၀ ဝန်းကျင်ခန့် တက်ရောက်ပြီး သိလိုသည်တို့ကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

မန္တလေးစာကြည့်တိုက်များတည်ထောင်သူ ကိုဇော်ဇော်အနေဖြင့် ကိုယ်ပိုင်စာကြည့်တိုက် ခြောက်တိုက်နှင့်အတူ မြန်မာနိုင်ငံအနှံ့အပြား၌ စာကြည့်တိုက်ခွဲ ၅၀ ကျော် တည်ထောင်ခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်၌ အမေရိကန်စင်တာမှ ချီးမြှင့်သည့်ဆု၊ ၂၀၁၅ ခုနှစ်က ပြည်သူ့ဂုဏ်ရည်ဆုနှင့် ၂၀၁၆ ခုနှစ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ အသိအမှတ်ပြုချီးမြှင့်သည့် လူငယ်စံပြဆုတို့ကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

(၅၃)နှစ်မြောက် မြန်မာ့အသုံးလုံး အထိမ်းအမှတ်နှင့် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၇

၁၉၆၄-၁၉၈၄ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ အသုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (၅၃) နှစ်မြောက် မြန်မာ့အသုံးလုံး အထိမ်းအမှတ်နှင့် အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ပြီး အမှုဆောင်များ ပြန်လည် ရွေးချယ်ခဲ့ကြောင်း သိရသည်။

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကို တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံမှ အသုံးလုံးအဖွဲ့ဝင်ဟောင်းများဖြင့် ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

သက်တမ်းနှစ်နှစ် ခွဲအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုသို့ သွားရောက်၍ ကျေးလက်ပြည်သူများစွာအား အခမဲ့ဆေးကုသပေးခြင်း၊ ကျေးလက်ဒေသများသို့ ဆေးဝါးများ လှူဒါန်းခြင်း၊ ကျန်းမာရေး၊ ပညာပေး ဟောပြောခြင်း၊ အခြေခံပညာကျောင်းများ၏ ပညာရည်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေးတို့အတွက် ဆွေးနွေးသင်ကြား ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာအုပ်စာတမ်းများ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ လှူဒါန်းခြင်း၊ စာပေဗဟုသုတ ကိုယ်ကျင့်တရားမွန်မြတ်ရေး၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ အိမ်တွင်းမှုပညာရပ်များ သင်ကြားပေးခြင်းစသည့် အထွေထွေ လူမှုအကျိုးပြုလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲအတွက် တေးသီချင်းများ

၁။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)
(က) ဗမာ့သွေး (ဒေါ်ကြည်အောင်)
(ခ) သူဌေးဝါဒ (နန်းတော်ရှေ့ဆရာတင်)
(ဂ) မဟာ (ဇော်ဝင်းထွဋ်)
(ဃ) သုံးရောင်ခြယ် (စိန်ပါတီ/ထား)
(င) ခေတ်ဆန်းချိန် (ရွှေညာမောင်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)
(က) တပင်ရွှေထီး (ဒေါ်ကြည်အောင်)
(ခ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)
(ဂ) သီတာရတနာ (ဒေါ်ကြည်အောင်)
(ဃ) လှေပွဲ (မောင်ကိုကိုနှင့်အဖွဲ့)
(င) ကောင်းစားတော့မည် (မအေးမိ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)
(က) မြန်မာပြည်သား (အဖွဲ့)
(ခ) တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အဖွဲ့)
(ဂ) ပြန်လည်ထူထောင်ရေး (ကိုကျော်ဆွေ)
(ဃ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)

၄။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)
(က) ပုဂံမြေ (ရွဲ့ယဉ်ဝင်း)
(ခ) ထာဝရအဓိဋ္ဌာန် (မေလှမြိုင်)
(ဂ) ဗိုလ်ရှုသာင် (မြသက်မူ)
(ဃ) ဇွဲ (ပြည်လှဖေ)

စောင်းအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)
(က) တောတောင်စွယ် (ယိုးဒယား)
(ခ) ယမုံနာ (ပတ်ပျိုး)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
(င) ရွှေတညာ (ယိုးဒယား)
(စ) ထောင်ရောင်နေ (သီချင်းခံ)
(ဆ) သောင်းကျေးဒီပါဗွေ (မွန်)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ခါန္ဓေဆန်း (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) ဥကင်ဘုံမြင့် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)
(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
(ခ) ယသော်ဓရာ (ယိုးဒယား)
(ဂ) ရန်တကာအောင် (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)
(က) မြမန်းဂီရိ (ယိုးဒယား)
(ခ) မဂ်လာသီရိ (ဘွဲ့)
(ဂ) ရှုတိုင်းသာစွ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

အာရှ-ပစိဖိတ် ခရီးသွားပြပွဲ ၂၀၁၆ တွင် မြန်မာနိုင်ငံမှ ခရီးသွားပြခန်းများပါဝင်ပြသ

နေပြည်တော် စက်တင်ဘာ ၁၇

အာရှ- ပစိဖိတ် ခရီးသွားပြပွဲ ၂၀၁၆ (PATA Travel Mart 2016) ကို စက်တင်ဘာ ဒုတိယပတ်အတွင်းက အင်ဒိုနီးရှားနိုင်ငံ Great Jakarta၊ Banten Province &Sd Indonesia Convention Exhibition ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ဈေးကွက်မြှင့်တင်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်း ဦးဆောင်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ် ၁၅ ဦးတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားလုပ်ငန်း ပြခန်းလေးခန်းခင်းကျင်း၍ ပါဝင်ပြသသည်။

အာရှ-ပစိဖိတ် ခရီးသွားပြပွဲ ၂၀၁၆ (PATA Travel Mart 2016) သို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ခရီးစဉ်ဝယ်ယူသူ ၂၅၈ ဦး၊ ခရီးစဉ်ရောင်းချသူ ၆၈၃ ဦး၊ သတင်းမီဒီယာများ ၈၀၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများမှ ၂၇၂ ဦး၊ လာရောက်လည်ပတ်သူ ၁၁၀၊ နိုင်ငံပေါင်း ၆၃ နိုင်ငံမှ စုစုပေါင်း ၁၂၈၄ ဦးခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ၊ DVD များ၊ ခရီးသွားလမ်းညွှန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြသထားပြီး မြန်မာနိုင်ငံမှ ခရီးစဉ်ရောင်းချသူများက နိုင်ငံတကာမှ ခရီးစဉ်ဝယ်ယူသူများအား မြန်မာနိုင်ငံအကြောင်းရှင်းလင်းပြသပြီး ခရီးစဉ်ရောင်းချနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

အာရှ-ပစိဖိတ် ခရီးသွားပြပွဲ ၂၀၁၆ (PATA Travel Mart 2016) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်ညတွင် ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယသမ္မတ Dr. Jusuf Kalla မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီး Dr. Arief Yahya နှင့် PATA အဖွဲ့အစည်း၏ ဥက္ကဋ္ဌ Mr.Andrew Jones တို့က အသီးသီးအမှာစကားပြောကြားသည်။

PATA Gold Awards 2016 ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း၏ Website : www.mekongtourism.org သည် ၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် ဇွန်လ အထိ Website တွင် ကြည့်ရှုသူ ၂၁၀ ရာခိုင်နှုန်း၊ လူမှုစာမျက်နှာနှင့် Facebook အသုံးပြုသူ ၃၆၀ ရာခိုင်နှုန်းခန့် ဝင်ရောက်ကြည့်ရှုသူများပြားလာခြင်းကြောင့် ဆုရရှိခဲ့သည်။ အဆိုပါဆုကို မဟာမဲခေါင်ဒေသအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းရုံးအဖွဲ့မှ အမှူဆောင်ဒါရိုက်တာ Mr. Jens Thraenhart တို့မှ ဆုလက်ခံရယူသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် PATA Board Meeting သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁၃ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ်များမှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်၊ ကရင်၊ ကယား၊ ရှမ်းပြည်နယ်ဒေသများရှိ မြန်မာ့စီးပွားရေးဘဏ်၏ ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၂၄ ခုသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM) တို့နှင့်ပူးပေါင်း၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြို့ပြနှင့် ကျေးလက်ဒေသရှိ ပြည်သူများအနေဖြင့် MPT, MECTel Sim Card အသုံးပြု၍ မိုဘိုင်းဝန်ဆောင်မှု ချိတ်ဆက်ထားခြင်းဖြင့် မည်သည့်ဖုန်းအမျိုးအစားနှင့်မဆို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို အသုံးပြုနိုင်မည် ဖြစ်သည်။

မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို ချိတ်ဆက်ထားခြင်းဖြင့် ငွေသားပေးသွင်းခြင်း၊ ထုတ်ယူခြင်း၊ ဖုန်းပြောဆိုခ ငွေဖြည့်တင်းခြင်း၊ အငြိမ်းစားများသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရန် (Standing Instruction) ညွှန်ကြားချက် ပေးထားခြင်းဖြင့် ဘဏ်သို့အကြိမ်ကြိမ် လာရောက်ရန်မလိုဘဲ ကိုယ်တိုင် အငြိမ်းစားလစာဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစု အငြိမ်းစားလစာဖြစ်ပါက သုံးလတစ်ကြိမ်သာ လူတွေ့စစ်ဆေးခံရန်လိုအပ်ပြီး မိမိတို့လွယ်ကူအဆင်ပြေသည့် မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) MMM မှ ခန့်အပ်ထားသော နီးစပ်ရာ ပြင်ပအေးဂျင့်များတွင် အငြိမ်းစားလစာကို ရိုးရှင်းလွယ်ကူစွာထုတ်ယူနိုင်ခြင်း၊ မိုဘိုင်းဖုန်းဖြင့် ငွေလွှဲခြင်း၊ ငွေပေးချေခြင်းတို့ကို မြို့ပြ၊ ကျေးလက်ဒေသအထိ မြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့စီးပွားရေးဘဏ်)**

ကိုရီးယားရုပ်ရှင်လောကနှင့် ခုနစ်နှစ်ကြာ ကင်းကွာခဲ့သူ မင်းသမီး ဟန်ချေယောင်း အား တီပွီဖန်သားပြင်ထက် မကြာမီ ပြန်လည်မြင်တွေ့ရမည်

တောင်ကိုရီးယားရုပ်ရှင်လောကနှင့် ခုနစ်နှစ်ကြာ ကင်းကွာခဲ့ရသည့် မင်းသမီး ဟန်ချေယောင်းအား မကြာမီတွင် ကိုရီးယားရုပ်ရှင်ဇာတ်ကားများ၌ ပြန်လည်တွေ့မြင်ရတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် ဟာသဇာတ်မြူးကား Girlfriends မှာ ဟန်ချေယောင်းအတွက် ကိုရီးယားရုပ်ရှင်လောကအတွက် နောက်ဆုံးဇာတ်ကားဖြစ်ခဲ့ပြီး ယခုတစ်ဖန် တောင်ကိုရီးယားအနုပညာလောကသို့ ပြန်လည်ဝင်ရောက်ခြင်းလည်း ဖြစ်သည်။

မင်းသမီး ဟန်ချေယောင်းသည် ကိုရီးယားရုပ်ရှင်ဇာတ်ကားများ မြန်မာရုပ်ရှင်ပရိသတ်များအတွင်း စတင်ရေပန်းစားစေခဲ့သည့် အွန်စော၊ ဂျွန်စော တို့၏ "ဆောင်းဦးရွက်ကြွေချစ်သက်သေ"ဇာတ်ကားနှင့် မြန်မာဆယ်ကျော်သက်ပရိသတ်များအကြား နှစ်သက်စွဲလန်းခဲ့ကြသည့် F4 ဇာတ်ကားများတွင် ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။

ဟန်ချေယောင်းသည် ကိုရီးယားရုပ်ရှင်လောကနှင့် ခုနစ်နှစ်ကြာ အဆက်ပြတ်ခဲ့သော်လည်း ယင်းကာလများတွင် တရုတ်ဒရမ်မာဇာတ်ကားများ၊ ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

အနုပညာလုပ်ငန်းတစ်ဖက်နှင့် စီးပွားရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာလုပ်ကိုင်နေသူ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် ဟန်ချေယောင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ဟာသဇာတ်ကားတစ်ကား၌ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အွန်လိုင်းဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ထားသူ ဟန်ချေယောင်းသည် သရုပ်ဆောင်ပိုင်းဆိုင်ရာဆုများစွာကို ဆွတ်ခူးခဲ့သည့်အပြင် ၂၀၁၁ ခုနှစ်က TV Drama Awards Made in China ဆုပေးပွဲ၌ Best Online Popularity ဆုကိုလည်း ရရှိဆွတ်ခူးခဲ့သည်။

ပရိသတ်များနှင့် သတင်းအချက်အလက်များမျှဝေနိုင်ရန် အင်စတာဂရမ်အကောင့်အသစ်ဖွင့်ခဲ့သည့် သရုပ်ဆောင် အော်လန်ဒိုဘလွန်း

ဟောလီဝုဒ်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ အော်လန်ဒိုဘလွန်းက ပရိသတ်များနှင့် သတင်းအချက်အလက်များ ပိုမိုမျှဝေနိုင်ရန်အတွက် ကိုယ်ပိုင် အင်စတာဂရမ်အကောင့်တစ်ခုကို ဖွင့်လှစ်ရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

သရုပ်ဆောင် အော်လန်ဒိုဘလွန်းသည် ယင်းအကောင့်သစ်ဖြင့် အမည်ခေါင်းစဉ်တပ်ထားခြင်းမရှိသည့်ဓာတ်ပုံများကို စက်တင်ဘာ ၁၅ ရက်က စတင်လွှင့်တင်ခဲ့ပြီး အဆိုပါအကောင့်သစ်အမည်ကို 'I caved' ဟု အမည်ပေးထားသည်။ ဘလွန်းသည် ၁၉၉၇ ခုနှစ် Wilde ဇာတ်ကားတွင် ဇာတ်ပို့တစ်ဦးအဖြစ် သရုပ်ဆောင်ဘဝကို စတင်ခဲ့ပြီး မကြာခင်မှာပင် ၂၀၀၁ ခုနှစ် မှ ၂၀၀၃ ခုနှစ်အထိ ပြသခဲ့သည့် The Lord of the Rings ဇာတ်လမ်းတွဲတွင် Legolas အဖြစ် လူသိများကျော်ကြားလာခဲ့ခြင်းဖြစ်သည်။

အော်လန်ဒိုဘလွန်းသည် ယင်းဇာတ်လမ်းတွဲဖြင့်ပင် သရုပ်ဆောင်ပိုင်းဆိုင်ရာ ဆုပေါင်းများစွာဆွတ်ခူးခဲ့ပြီး ယမန်နှစ်က ကျင်းပခဲ့သည့် Britannia Awards ဆုပေးပွဲတွင် Britannia Humanitarian Award ဆုကို ဂုဏ်ပြုအပ်နှင်းခြင်းခံခဲ့ရသည်။

သရုပ်ဆောင် အော်လန်ဒိုဘလွန်း၏ အနုပညာလှုပ်ရှားမှုအနေဖြင့် Netflix မှ ထုတ်လုပ်သည့် Easy ဟာသဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဖျိုးစန္ဒာမောင် စုစည်း ရေးသားသည်

ဖက်ရှင်ဒီဇိုင်နာ၏ ဒုတိယမြောက်လက်ရာ Nocturnal Animals ဇာတ်ကား နိုဝင်ဘာလတွင် ရုံတင်မည်

အမေရိကန်ဖက်ရှင်ဒီဇိုင်နာ တွမ်ဖို့ဒ်၏ ဒုတိယမြောက် ဒါရိုက်တာအဖြစ် ပွဲထွက်လာခဲ့သည့် Nocturnal Animals လျှို့ဝှက်သည်းဖိုဇာတ်ကားတွင် ဟောလီဝုဒ်မင်းသမီး အေမီအေဒမ်နှင့် Jake Gyllenhaal တို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို နိုဝင်ဘာ ၁၈ ရက်တွင် နိုင်ငံတကာရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသသွားရန်စီစဉ်ထားကြောင်း သိရသည်။

၁၉၉၃ ခုနှစ်က ဝတ္ထုတစ်ပုဒ်ဖြစ်သည့် Tony and Susan ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ယင်းဇာတ်ကားတွင် ဆူစန်အဖြစ် မင်းသမီး အေမီအေဒမ်က ပါဝင်သရုပ်ဆောင်ထားပြီး ၎င်းနှင့်ကွာရှင်းထားသော ၎င်း၏ခင်ပွန်းဟောင်းအဖြစ် မင်းသား Jake Gyllenaal က ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားသည် မကြာခင်က ကျင်းပပြီးစီးခဲ့သည့် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် (၇၃) ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တို့တွင် ပါဝင်ပြသခဲ့ပြီး Grand Jury Prize ဆုရရှိခဲ့သည့် ယင်းဇာတ်ကားတစ်ကားကို BFI လန်ဒန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်လည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောလီဝုဒ်၏ အမြင့်ဆုံးသရုပ်ဆောင်ဆုပေါင်းများစွာကို ပိုင်ဆိုင်ထားသူ မင်းသမီး အေမီအေဒမ်သည် ယခုနှစ် မတ်လအတွင်းက ထွက်ရှိခဲ့သည့် Batman v Superman: Dawn of Justice ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၁၇ တွင် ထုတ်လုပ်မည့် Justice League ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၉ - ၂၀၁၆ (တနင်္လာနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business News
- ၈း၃၅ ၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (အခြေခံပညာ အဆင့်(၁၅- ၂၀) နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၈း၄၅ "ထိန်းသိမ်းကာကွယ်သစ်တော ပြုန်းတီးမှုအန္တရာယ်" (အပိုင်း-၂)
- ၉း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၅၀ ကဗျာရိပ်မြဲ "က ကာ ကား"
- ၁၀း၀၀ Sunday Talk
- ၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ တစ်ပတ်အတွင်းထူးခြားသတင်း
- ၁၁း၃၅ "လုံခြုံစိတ်ချတရားဝင် ရွှေ့ပြောင်းဘဝ"
- ၁၂း၃၅ This Week's Special Interest
- ၁၂း၅၀ ဆေးရောင်စုံရုပ်ရှင် "မာနမင်းသား" (ကျော်သူ၊ မိမိမြင့်အောင် ၊ ဇင်မာဦး) (ဒါရိုက်တာ - သင်းသင်းယု)
- ၁၆း၁၅ ၂၀၁၆ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း) (အဆင့်မြင့် ပညာအဆင့်)(အမျိုးသမီး)
- ၁၆း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေးတေး အရသာ (ဂီတရိပ်သာ) (အပိုင်း-၁၇၀)
- ၁၇း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၈း၁၅ "KARAOKE World Championships (KWC) Myanmar 2016" (LEVEL- 1) (Group- 6)
- ၁၉း၁၅ "သူ"(အပိုင်း- ၂၂)(မြေဇင်၊မင်းသူ၊ရဲမွန်၊ဖူးစုံ၊သဇင်၊မှုံနှ.သာ) (ဒါရိုက်တာ- ဘိုသန့်)
- ၁၉ း၄၅ "အခြေခံဝါးစိုက်ပျိုးရေးမှသည် ခေတ်မီဆန်းသစ်သောဝါးထုတ်ကုန်များအဖြစ်သို့"
- ၂၀ း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀ း၃၅ "ရှန်းကန်လှုပ်ရှားဘဝများ" (ပန်းပျိုးလက်ရဲ့ရုပ်ပုံလွှာ) "တိုးတက်ရွှေ့လျားထိုင်းခရီးသွား"
- ၂၁ း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ - "တစ်ခါကအနုပညာ မှတ်တမ်းများ" (ကျော်ကြားခဲ့သောပြဇာတ်တေးများကိုတမ်းတခြင်း) (အပိုင်း-၂) - (၁၉) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ(ရုပ်စုံသဘင်ပြိုင်ပွဲ) "လူကျေးနဂါးကြွက်လေးပါး ဇာတ်တော်ကြီး"(ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)

MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ" (အပိုင်-၁၀) (ပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ)
- ၈း၀၀ Cartoon Series (English Play Ground)
- ၈း၅၅ Weekly Sports Diary
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၂း၂၀ World of Knowledge (Locked Up Abroad Teen Smuggler)
- ၃း၄၅ Press Conference ASEN Olympic Medlists Ceremony in Bangkok
- ၅း၃၅ Food& Decor
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၈)
- ၇း၁၅ Fashion Week
- ၇း၄၀ THE X-FACTOR MYANMAR
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၃)
- ၉း၅၀ MUSIC LIVE Tonight
- ၁၀း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃၃+၃၄)
- ၁၁း၅၀ MRTV-4 Stage
- ၁း၁၀ World Of Knowledge (Locked Up Abroad Teen Smuggler)

မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၅ ဓမ္မပုဇာတေး
- ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၉း၁၀ World Wide Web
- ၉း၄၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၀း၂၀ Guide For You
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ မြန်မာသံစဉ်ချိန်းဝင်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၀ မျိုးချစ်တပ်မတော်
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အဆုံးသတ်တစ်နေ့ အပိုင်း(၁၀)
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချီ အပိုင်း(၉၇)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၂၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၃၅ ပျိုပျိုမေ
- ၄း၅၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၅၄)
- ၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလက်ာ အပိုင်း(၄၇)
- -VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အကြင်နာမျက်ဝန်း အပိုင်း(၅)

ကမ္ဘာ့အဆင့်(၁)နေရာကိုဆက်လက်ဆုပ်ကိုင်ထားဆဲ အာဂျင်တီးနား၊ ထိပ်ဆုံးအသင်း(၁၀) စာရင်းမဝင်ခဲ့တဲ့ နာမည်ကြီး စပိန်

ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)သည် စက်တင်ဘာလ အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်စာရင်းကို စက်တင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ အာဂျင်တီးနား လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဒုတိယနေရာကို ဥရောပ အသင်းဖြစ်သည့် ဘယ်လ်ဂျီယံက ရယူထားနိုင်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ကမ္ဘာ့ထိပ်ဆုံးအသင်း(၁၀)သင်းစာရင်းတွင်တောင်အမေရိက အသင်းငါးသင်းနှင့် ဥရောပအသင်းငါးသင်း ပါမာဏ ညီတူညီမျှ ပါဝင်နေရာ ကမ္ဘာ့ဘောလုံးအင်အားကြီး ရပ်ဝန်းနှစ်ခု ချိန်ခွင်လျှာ ညီမျှလာသည်ဟူသော သုံးသပ်ချက်များလည်း ရှိနေခဲ့သည်။

သို့သော် အဆိုပါ ကမ္ဘာ့ထိပ်တန်းအသင်း(၁၀)သင်းတွင် ဥရောပနာမည်ကြီး စပိန်လက်ရွေးစင်အသင်း ပါဝင်လာခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ စပိန်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ဘယ်လ်ဂျီယံအသင်းအား နှစ်ဂိုးပြတ်၊ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် လက်ချင်စတိန်းအသင်းအား ရှစ်ဂိုးပြတ်ဖြင့် ဆက်တိုက်အနိုင်ရရှိခဲ့သော်လည်း အဆင့်သုံးသင့် ကျဆင်းသွားကာ အဆင့် (၁၁)နေရာသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

သို့သော် ဝေလအသင်း၊ ဂျာမနီအသင်းတို့မှာ ပြီးခဲ့သည့်လထက် အဆင့်တစ်ဆင့်စီတက်လာကြပြီး ဥရုပ္ပေး အသင်းက အဆင့်သုံးခုနှင့် ဘရာဇီးအသင်းက အဆင့်ငါးဆင့်အထိ ခုန်ပျံတက်လှမ်းလာသည်ကို တွေ့ရသည်။ ဆွစ်ဇာလန်အား နှစ်ဂိုးပြတ်ဖြင့် နှိုးနိမ့်ခဲ့သည့် ပေါ်တူဂီနှင့် ဘီလာရုစ်အသင်းအား သရေသာ ကစားနိုင်ခဲ့သည် ပြင်သစ် အသင်းတို့မှာမူ အဆင့်တစ်ဆင့်စီ ကျဆင်းသွားခဲ့ကြသည်။

မေလဲ့သင်း

ဖီဖာကမ္ဘာ့အေဝင့်သတ်မှတ်ချက်ထိပ်ဆုံး(၁၀)သင်း

လက်ရှိအဆင့်	အသင်းအမည်	ရမှတ်	ပြီးခဲ့သည့်လရပ်တည်မှုအဆင့်
၁	အာဂျင်တီးနား	၁၆၄၆	၁
၂	ဘယ်လ်ဂျီယံ	၁၃၆၉	၂
၃	ဂျာမနီ	၁၃၄၃	၄
၄	ကိုလံဘီယာ	၁၃၂၃	၃
၄	ဘရာဇီး	၁၃၂၃	၉
၆	ချီလီ	၁၂၈၄	၅
၇	ပေါ်တူဂီ	၁၂၂၈	၆
၈	ပြင်သစ်	၁၁၈၈	၇
၉	ဥရုပ္ပေး	၁၁၇၃	၁၂
၁၀	ဝေလ	၁၁၆၁	၁၁

စက်တင်ဘာ ၁၇ ရက် အနိုင်/အရှုံးရလဒ်များ

ပရီမီယာလီဂ ပွဲစဉ်-၅

ချယ်လ်ဆီး ၁ - ၂ လီဗာပူး
ဟားလ်စီးတီး ၁ - ၄ အာဆင်နယ်
လက်စတာ ၃ - ၀ ဘန်လေ
မန်စီးတီး ၄ - ၀ ဘုန်းမောက်
ဝက်စ်ဘရွန်း ၄ - ၂ ဝက်စ်ဟမ်း

လာလီဂါ ပွဲစဉ်-၄

ဘက်တစ် ၂ - ၂ ဂရန်နာဂါ
လီဂါနက်စ် ၁ - ၅ ဘာစီလိုနာ
အက်သလက် ၅ - ၀ စပို့တင်းဂီ၁ွန်

စီးရီးအေ ပွဲစဉ်-၄

ဆမ်ပိုးရီးယား ၀ - ၁ အေစီမီလန်

ဘွန်ဒက်လီဂါ ပွဲစဉ်-၃

ကိုလုံး ၃ - ၀ ဖရိုင်းဘတ်
ဘိုင်ယန်မြူးနစ် ၃ - ၁ အင်ဂေါ့စတက်
ဒေါ့မွန် ၆ - ၀ ဒမ်စတက်
ဟမ်းဘတ် ၀ - ၄ လိုက်ပ်ဇစ်
ဟော့ဖန်းဟိမ်း ၀ - ၀ ဝုဖ်ဘတ်
ဖရန့်ဖတ် ၂ - ၁ လေဗာကူဆင်

ပြင်သစ်လီဂ်း ပွဲစဉ်-၅

ကိန်း ၀ - ၆ ပီအက်စ်ဂျီ
မိုနာကို ၃ - ၀ ရင်းနက်စ်

မောင်မောင်ဇော်

ချယ်လ်ဆီးအသင်းနည်းပြကွန်တီ ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံ လီဗာပူးအသင်း အမှတ်ပေးဇယားအဆင့်(၄)သို့ တက်လှမ်း

ပရီမီယာလီဂ်ပွဲစဉ်(၅)၏ အစောပိုင်းပွဲစဉ်ဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းစတမ်းဖို့ ဘရစ်ချ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း လီဗာပူးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် နှိုးနိမ့်ခဲ့ရသည်။

ထိုသို့လီဗာပူးအသင်းအား အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နှိုးနိမ့်ခဲ့ခြင်းသည် နည်းပြကွန်တီ၏ နည်းပြဘဝဖြတ်သန်းမှုတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ပထမဆုံး အိမ်ကွင်းရှုံးပွဲဖြစ်လာခဲ့သည်။ နည်းပြကွန်တီသည် ချယ်လ်ဆီးအသင်းနှင့် အတူ လီဗာပူးအသင်းကို နှိုးနိမ့်ခဲ့ရခြင်းကြောင့် ၎င်း၏ ပွဲစဉ် ၃၀ ဆက်တိုက်နှုံးပွဲမရှိ စံချိန်လည်း ရပ်တန့်သွားခဲ့ပြီ ဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့၏ ပရီမီယာလီဂ်ပွဲစဉ်(၅)တွင် ဧည့်သည့်အဖြစ်လာရောက်ကစားခဲ့ရသည့် လီဗာပူးအသင်းသည် ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်နှင့် ၃၆ မိနစ်တို့တွင် ဦးဆောင်ဂိုးနှစ်ဂိုးရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းမှာမူ ဒုတိယပိုင်းပွဲကစား ၆၁ မိနစ်ရောက်မှသာ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို လော့ဗ်ရန်နှင့် ဟန်ဒါဆန်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး ဒီယေဂိုကော်စတာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ပရီမီယာလီဂ် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်သို့ နောက်ဆုံးကိုးပွဲသွားရောက်ကစားခဲ့ရာတွင် ငါးပွဲအထိနိုင်ပွဲရယူနိုင်ခဲ့ပြီး ဒီဂျန်လော့ဗ်ရန်သည်လည်း ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလီဂ် ၆၄ ပွဲဆက်တိုက်ဂိုးမသွင်းနိုင်ခဲ့မှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

လီဗာပူးအသင်းသည် ချယ်လ်ဆီးအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် လန်ဒန်မြို့အခြေစိုက် အင်အားအကြီးဆုံးကလပ်အသင်းသုံးသင်းကို ရှုံးပွဲမရှိကစားနိုင်ခဲ့သည့် အသင်းဖြစ်လာခဲ့ပြီး သြဂုတ် ၁၄ ရက်က ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် လေးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ယခုချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။ သြဂုတ် ၂၇ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် ပွဲစဉ်တွင်မူ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

(ဌေကြယ်)

ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးကို ပေါ့ဘာမေ့ထားရန် မော်ရင်ဟို လိုလား



၄၀ ပေးချေရသည့်ကစားသမားများမှာ ၎င်းတို့အတွက် စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်နေရာ ပေါ့ဘာ၏ ပြောင်းရွှေ့ကြေးမှာ ပြောစရာအကြောင်းတစ်ရပ် ဖြစ်နေခြင်းဖြစ်ကြောင်း ပေါ့ဘာနှင့် ပတ်သက်ပြီးကာကွယ်ပြောကြားလိုက်သည်။မန်ယူအသင်းသည် စက်တင်ဘာ ၁၅ ရက်တွင် ဝင်ငွေပေါင် သန်း ၅၀၀ ကျော်ရရှိခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

မေလဲ့သင်း

မန်ယူအသင်းတွင် ခြေစွမ်းပိုင်းရှုန်းကန်နေရသည့် ပေါ့ဘာအနေဖြင့် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ကစားသမားဟူသောအချက်ကို မေ့ထားရန် လိုအပ်သည်ဟု မော်ရင်ဟိုက ယူဆသည်။ မော်ရင်ဟိုက ပေါ့ဘာမှာ ပင်ကိုစွမ်းရည် မြင့်မားသည့် ကစားသမားဖြစ်သည့်အတွက် မကြာမီအချိန်အတွင်း အကောင်းဆုံးပုံစံဖြင့် ပြန်ကစားနိုင်မည်ကို သံသယမရှိသော်လည်း ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဟူသော အကြောင်းတရားက ပေါ့ဘာအား ဖိအားဒဏ်ခံနေစေရသည်ဟု ယုံကြည်သည်။

"သူ(ပေါ့ဘာ)က ယူရို ဗိုလ်လုပွဲအထိ ကစားခဲ့ပြီးနောက် အားလပ်ရက် အပန်းဖြေခရီးထွက်သွားခဲ့ရတော့ အသင်းရဲ့ ရာသီကြိုခရီးစဉ်တွေ မကစားရဘူး။ ဒါကြောင့် ပွဲအရှိန်မရသေးတဲ့အခါ ခြေစွမ်းကျဆင်းနေတတ်တာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ သူဟာ ရည်မှန်းချက်ကြီးသူဖြစ်ပြီး မကြာခင်အချိန်အတွင်း အကောင်းဆုံးပုံစံနဲ့ ပြန်လာနိုင်မယ်လို့ ကျွန်တော်အကြွင်းမဲ့ ယုံကြည်ပါတယ်"ဟု မော်ရင်ဟိုက ရှင်းလင်းပြောကြားလိုက်သည်။

ပေါ့ဘာသည် မန်ယူအသင်းက ဆောက်သမ်တန်အား အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်စီးတီးနှင့်ကစားခဲ့သည့် မန်ချက်စတာဒါဘီ၊ ဖီယင်နော့ဒ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့်ယူရိုပါလီဂ် ပွဲစဉ်နှစ်ပွဲ ဆက်တိုက် မန်ယူအသင်းရှုံးနိမ့်ခဲ့သလို ပေါ့ဘာ၏ ခြေစွမ်းပိုင်းမှာလည်း အဆင့်တစ်ရပ်အောက်ပင် ရောက်ရှိခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ပေါလစ်ခဲ့ကမူ ပေါ့ဘာမှာ တိုနီ၁ရူစ်၊ လူကာမိုဒရစ်တို့ကဲ့သို့ ကစားသမားမျိုးနှင့် တွဲဖက်ကစားနိုင်ပါမှ သူ၏ အကောင်းဆုံးပုံစံကို ပြန်လည်ရရှိမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

မော်ရင်ဟိုက မန်ယူကဲ့သို့ ဘဏ္ဍာရေးအင်အားတောင့်တင်းသည့်အသင်းအတွက် ပေါ့ဘာ၏ ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းသည်ဟု မခေါ်ဆိုနိုင်ကြောင်း၊ သို့သော်အခြားကလပ်အသင်းများက ပေါင်သန်း ၂၀၊ ၃၀နှင့် ဝင်ရောက်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းမှာ လွန်ခဲ့သည့် ဘောလုံးလေးရာသီအတွင်း တစ်ရာသီလျှင် ပျမ်းမျှ ပရီမီယာလီဂ် ပွဲစဉ် ၂၈ ပွဲ ဝန်းကျင် ကစားနေသူဖြစ်သော်လည်း ပြီးခဲ့သည့်ရာသီက ဒဏ်ရာပြဿနာများကြောင့် ထက်ဝက်ခန့်သာ ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။

မန်စီးတီးမှာ ယခုနှစ် ဘောလုံးရာသီ ရှစ်ပွဲဆက် အနိုင်ရရှိထားပြီး နောက်တန်းခံစစ်တွင် အဲဗာတန်အသင်းမှ ပေါင် ၄၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားသည့် ဂျွန်စတုန်း၊ ကိုလာရော့ဗ်နှင့် အော့တာမန်ဒီတို့မှာ ခြေစွမ်းပိုင်းကောင်းမွန်ကြသည်ဖြစ်ရာ ကွန်ပနီအနေဖြင့် ပုံမှန်ပွဲထွက်ခွင့်အတွက် အာမခံချက်မရရှိခြင်းလည်း ဖြစ်သည်။

မေလဲ့သင်း

ကွန်ပနီ အလိုအလျောက် ပွဲထွက်ခွင့်ရမည် မဟုတ်ဟု ဂျာဒီယိုလာ သတိပေး

မန်စီးတီး အသင်းခေါင်းဆောင် ဗင်ဆင့်ကွန်ပနီအနေဖြင့် အော့တာမန်ဒီနှင့် ဂျွန်စတုန်းတို့ထက်ကောင်းမွန်သည့် ခြေစွမ်းကို ပြသနိုင်ပါမှသာပွဲထွက်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂျာဒီယိုလာက သတိပေးစကားဆိုလိုက်သည်။ ကွန်ပနီသည် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပြီဖြစ်သော်လည်း မန်စီးတီးအတွက် အစောတလျင် ဝင်ရောက်ကစားစေဦးမည်မဟုတ်ဟုလည်း ဂျာဒီယိုလာက အစောပိုင်းကာလက ပြောကြားထားပြီး ဖြစ်သည်။

လက်ရှိတွင် မန်စီးတီး ဗဟိုခံစစ်တွင် အော့တာမန်ဒီနှင့် ဂျွန်စတုန်းတို့ အတွဲအဖက်မိနေခြင်းကြောင့် ပွဲကစားချိန်အတွင်း တစ်ဦးနှင့်တစ်ဦး ခြေစွမ်းချင်းပြိုင်ဆိုင်နေရမည်ဖြစ်ကာ ပိုမိုကောင်းသူကိုသာ ဂျာဒီယိုလာက ပုံမှန်ပွဲထွက်နေရာပေးမည်ဟု သိရသည်။

ကွန်ပနီသည် ၂၀၀၈ ခုနှစ် ဟမ်းဘတ်အသင်းမှ ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့လာခဲ့စဉ်ကတည်းက ပုံမှန်ပွဲထွက်ကစားခွင့်ရနေသူဖြစ်ကာ ၂၀၁၁ အက်ဖ်အေဖလားဗိုလ်လုပွဲမှစတင်ကာ ကားလို့စ်တိုဗက်ဇ်၏ အသင်းခေါင်းဆောင်လက်ပတ်ကို အစားထိုးလွဲပြောင်း ရယူနိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် ပွဲစဉ် စုစုပေါင်း ၂၉၈ပွဲ ဝင်ရောက်ကစားထားပြီး ပရီမီယာလီဂ်ဖလား နှစ်ကြိမ်၊ လီဂ်ဖလား နှစ်ကြိမ် ရယူနိုင်ခဲ့သူဖြစ်သည်။

သို့သော် ပြီးခဲ့သည့် မေ ၄ ရက် ရီးယဲလ်မက်ဒရစ် အသင်းနှင့် ရင်ဆိုင်ခဲ့သည့် ချန်ပီယံလီဂ် အကြိုဗိုလ်လုပွဲ အဆင့်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ရာသီကုန်အထိ အနားယူခဲ့ရသလို ယူရို-၂၀၁၆ ဘယ်လ်ဂျီယံအသင်းအတွက်လည်း

ကွန်ပနီ

စိတ်ကြွဆေးပြားများ လက်ဝယ်ထားရှိသူကို ဖမ်းဆီးပြီး ရောင်းချသူကိုပါ ဖော်ထုတ်အရေးယူ

ဘီးလင်း စက်တင်ဘာ ၁၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး စားသောက်ဆိုင် တစ်ခုတွင် စက်တင်ဘာ ၁၆ ရက် ညပိုင်းက သထုံခရိုင် မှူခင်းနှိမ်နင်းရေး ဌာနမှ ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များက သတင်းအရ စိတ်ကြွဆေးပြား လက်ဝယ် ထားရှိသူအား စောင့်ဆိုင်းဖမ်းဆီးခဲ့ပြီး ၎င်းအား စစ်ဆေး ချက်အရ စက်တင်ဘာ ၁၇ ရက်တွင် ကွင်းဆက်ရောင်းချ သူများကိုပါ စိတ်ကြွဆေးပြား များနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

ကုဋ္ဌေလင်းစိုးနှင့် မနီနီအေး။

"ခုလိုဖမ်းမိတာဟာ ပြည်သူတွေက ရဲလုပ်ငန်းစဉ်တွေမှာ အရင်ကထက် ပိုပြီး ပူးပေါင်းပါဝင်လာလို့ပါ။ သတင်းရလို့ မိတာနဲ့ နောက်ဆက်တွဲတွေ ကိုပါရအောင် ကြိုးစားမှာပါ။ ဖမ်းမိတဲ့သူတွေကို ဥပဒေအရ အရေးယူမယ်။ နောက်လည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် အထူးကြပ်မတ်ပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးတာမျိုး အစဉ်လုပ်နေမှာပါ"ဟု သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး နန္ဒဝင်းက ပြောသည်။

ဖြစ်စဉ်မှာ သထုံခရိုင် မှူခင်းနှိမ်နင်းရေးဌာနမှ တာဝန်ရှိသူများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် အတူ ဘီးလင်းမြို့နယ် ကျောက်ရေတွင်း ကျေးရွာအနီး အိုအေစစ် စားသောက်ဆိုင်တွင် စက်တင်ဘာ ၁၆ ရက် ညပိုင်းက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်အတွင်း ဝင်လာသူ ဖြိုးမောင် (၂၇) နှစ် ဘီးလင်းမြို့နေသူအား စစ်ဆေးရာ ၎င်းထံမှ WY ပန်းရောင် စိတ်ကြွဆေးပြား ၉၅ ပြား၊ အစိမ်းရောင်နှစ်ပြား စုစုပေါင်း ၉၇ ပြား အလေးချိန် ၉ ဒသမ ၇ ဂရမ်ကို ဖမ်းဆီးရမိခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာတွင် ဘီးလင်းမြို့နယ် ဒေါက်ရပ် ကျေးရွာအုပ်စု ရွှေအင်ဒုံကျေးရွာနေ ကိုကုဋ္ဌေလင်းစိုး (၁)ကိုဇေ (၃၉)နှစ်နှင့် မနီနီအေး (၃၉) နှစ်တို့ထံမှ ဝယ်ယူကြောင်း ထွက်ဆိုသဖြင့် ဖုန်းဖြင့်ချိတ်ဆက်ဝယ်ယူခိုင်းရာ ကိုဇေ၏ ညီမဖြစ်သူ ပိုးဟပ် (၁) မြတ်စုရောစိုး (၃၀) နှစ်က ဆေးပြားများ လာပို့သဖြင့်ဖမ်းဆီးကာ ကိုဇေနှင့် မနီနီအေးတို့ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အနောက်ခန်းပန်းကန်စင်အောက်တွင် WY ပန်းရောင် စိတ်ကြွဆေးပြား ၄၈၄ ပြား၊ အစိမ်းရောင်သုံးပြား စုစုပေါင်း ၄၈၇ ပြားအား ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဆေးပြား ၅၈၄ ပြား ဖမ်းဆီးရမိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိ ရောင်းချသုံးစွဲသူ ဖြိုးမောင်၊ ကုဋ္ဌေလင်းစိုး (၁) ကိုဇေ၊ မနီနီအေး၊ ပိုးဟပ် (၁) မြတ်စုရောစိုးတို့အား ဘီးလင်းမြို့မရဲစခန်းက မယ(ပ)၆/၂၁၀၆၊ မူး/စိတ် ပုဒ်မ ၁၅/၁၉ (က)/၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သက်ဦး(သထုံ)

■

ဖခင်အမည်မှန်

ဘားအံမြို့ အထက(၄) ဒသမ တန်း (၁)မှ စောအောင်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြ [၃/ဘအန(နိုင်)၁၂၂၂၈၄] ဖြစ်ပါကြောင်း။ **ဦးအောင်မြ**

လွိုင်လင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၇

မူးယစ်တပ်ဖွဲ့စု (၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက်က လွိုင်လင်မြို့အထွက် လွိုင်လင်-မိုင်းပွန်သွားကားလမ်း မိုင်တိုင်အမှတ်(၁၆၉)အနီးတွင် ခွန်မောင်ကြီး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၀ သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-နေပြည်တော်သွားကားလမ်း လိန်းလိကြိုးတံတားအနီးတွင် ကျော်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

ဂီးပွားရေးနှင့် အိမ်မြဲမြေအချက်အလက်အများဆုံး၊ ပါဝင်ဆောဂျားနယ်
ရွှေဆဋ္ဌက်
ကျွန်းပင်
City Mart နှင့် Super Market များအတွင်းရှေ့ဆောင်ကျွန်းပေါ်ကို စေလွယ်တဲ့အကုဒယ်ယူရမှုနှင့် ပါဝင်သည်။
• ၅ လအတွင်းအိမ်မြဲမြေအခွန် ကျပ်(၁၀)တိုလီယံရရှိ
• အိမ်မြဲမြေအခွန် တစ်ပေပတ်လည်ဈေးနှုန်း မြင့်တက်နိုင်
• တန်ဖိုးနည်းအိမ်ရာဆွေးနွေးပွဲ ကျင်းပမည်
• ရန်ကုန်မွန်လေး တောင်ကြီးမြို့များတွင်ဟိုတယ်တည်ဆောက်ခွင့်တားမြစ်
• အထပ်မြင့်စီမံကိန်းမတောင်မမြန်လည်ပြင်ဆင်ရမည့်များကိုစည်ပင်မှခေါ်ယူအသိပေး
• တရားမမှုခင်းမပြီးပြတ်မီ ပစ္စည်းအိမ်မြေကို လွှဲပြောင်းခြင်း
• မြန်မာ့အိမ်ခြံမြေဗီးယွားရေး
• အထင်ပြင့် အိမ်မြဲမြေ ကစားကွက်များ
• နေရေးကျည်ပြအသင်း ဖွဲ့ သင့်သလား
အိမ်မြဲမြေ ရောင်း/ဝယ်/ငှားအချက်လက်
တနင်္ဂနေ့ တိုင်းထွက်ရီနေပါပြီ
ကြော်ငြာများထည့်သွင်းလိုပါက - ၀၁-၅၃၀၉ ၂၂ ၊ ၀၉-၅၃၀၉၅၅
ပါဝင်ရေးအို ရောက်ဆိုရေး စီမံချက်ရေးသားသင်းများ အိမ်မြဲမြေသတင်းများ ဥပဒေ စီမံချက်ရေးသုံးသင်းများ
နှင့် အခြားကဏ္ဍများ

အထူးကျေးဇူးတင်လျှောက်
ကောင်းထက်ကျော်
တန်းစုံကိုယ်ပိုင်အထက်တန်းကျောင်း၊ စာသင်ဝိုင်း၊ ဘော်ဒါ
တို့၏ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
ကို Novotel Hotel(Yangon Ballroom)တွင် ၂.၈.၂၀၁၆(တနင်္ဂနွေ)နေ့က ကျင်းပခဲ့ရာ ကြွရောက်ချီးမြှင့်
ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆုရ ကျောင်းသား/သူများနှင့် အုပ်ထိန်းသူများ၊ ၂၀၁၅ - ၂၀၁၆
ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် **၈အောင်ချက် ၀၄.၀၅%** ဖြင့်ရန်ကုန်တိုင်းတစ်တိုင်းလုံးရှိ အစိုးရ
အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် အဆင့် (၇)၊ ကိုယ်ပိုင်ကျောင်းအားလုံးတွင် အဆင့်
(၂)၊ ဘာသာစုံဂုဏ်ထူးရှင် (၇)ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် (၇)ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် (၁၀)ဦး၊ ၃ ဘာသာ
ဂုဏ်ထူးရှင်(၂၀)ဦး၊ ၂ ဘာသာဂုဏ်ထူးရှင်(၁၀)ဦး၊ ၁ ဘာသာဂုဏ်ထူးရှင်(၃၅)ဦး ထွက်ရှိအောင် သင်ကြား
ပေးကြသော ဆရာ/ဆရာမများ၊ အဋ္ဌမတန်းနှင့်စတုတ္ထတန်း အောင်ချက်အပြည့် (ကုစားမပါ) ရရှိအောင်
သင်ကြားပေးကြသော ဆရာ/ဆရာမများနှင့်ကျေးဇူးတင်ထိုက်သူ အပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။
(ဘာသာစုံဂုဏ်ထူးရှင်များအား i phone latest များ၊ ချီးမြှင့်ခြင်းအပါအဝင်၊ ကျန်ဂုဏ်ထူးရှင်များ၊ Grade- A များ၊ အတန်းတွင်း
ဆုရှင်များအား ထိုက်တန်စွာ ဂုဏ်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။)
ပူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဧည့်ကမ်း၊ ဓာ၊ ဇနပ် အထူးကောင်းမွန်သည်ဟု ပီဘအုပ်ထိန်းသူများအကြား
ဂုဏ်သတင်း မွှေးမျိုးနေသော ကျောင်း
ခြံအမှတ် - ၃၃ (စီ - ၂)၊နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348
လာမည့်စာသင်နှစ်သစ်အတွက်
ကြိုအပ်လက်ခံပါပြီ။

ဟာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ နတ်စင်တံတားအနီးမှ သစ္စာလမ်းဆုံထိ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

ဟာချီလိတ် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနက နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ၊ လမ်းဖြတ်ရေမြောင်းများ ဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းများ သွားလာမှုလွယ်ကူအဆင်ပြေပြီး ယာဉ်အန္တရာယ်၊ ကင်းရှင်းရေး၊ လမ်းများအဆင့်တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် လမ်းဘေးဝဲယာ ကွန်ကရစ်လမ်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၆၆၅၀၀၀ ဖြင့် မကာဟိုခမ်းရပ်ကွက်ရှိ နတ်စင်တံတားအနီးမှ သစ္စာလမ်းဆုံအထိ အရှည် ၁၄၆၅ ပေ၊ အကျယ် ပေ ၃၀၊ ဒု ခြောက်လက်မ ရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက်မွန်းလွဲပိုင်းက ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံမှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးဝင်း၊ ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဝန်းလှိုင်းတို့က သတ်မှတ်စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလမ်းအား ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်မှုမှာ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ လမ်းခင်းပြီးစီးသွားပါက သွားလာမှုလွယ်ကူ အဆင်ပြေပြီး ရေစီးရေလာ ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

မူလတန်းအဆင့် အင်္ဂလိပ်စာသင်ကြားရေး စွမ်းရည်မြှင့်ဆွေးနွေး

လောင်းလုံး စက်တင်ဘာ ၁၇

မူလတန်းအဆင့် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းများရှိ ကျောင်းသူ၊ ကျောင်းသားများ အင်္ဂလိပ်စာဘာသာရပ်နှင့်အခြားဘာသာရပ်များ ထူးချွန်ထက်မြက်စေရန် ထားဝယ်ခရိုင် လောင်းလုံးမြို့ပညာရေးမှူးရုံးက ကြီးကြပ်၍ မြို့နယ်တွင်းရှိ မူလတန်းအဆင့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စာသင်ကြားရေးစွမ်းရည်မြှင့် ဆွေးနွေးခြင်းကို အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၅ ရက်နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ၂ ရက်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၄၁၀ တက်ရောက်ကြပြီး နည်းပြ ၁၁ ဦးဖြင့် ဆွေးနွေးခန်း ၁၀ ခန်းထားရှိကာ မိမိ၏ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာတတ်ကျွမ်းစေရေး ပူးပေါင်းဆွေးနွေးကြကြောင်း သိရသည်။

စိုးထွန်း(ပြန်/ဆက်)လောင်းလုံး

မြို့တွင်းအဓိကလမ်းများတွင် ယာဉ်နှစ်ထပ်ရပ်ယာဉ်များနှင့် အချိန်ကြာမြင့်စွာ လမ်းဆုံလမ်းခွရပ်ယာဉ်များအား အရေးယူ

မန္တလေး စက်တင်ဘာ ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ယာဉ်ရပ်နားစခန်းအုပ်ချုပ်ရေးမှူးများဦးစီးသော ဝန်ထမ်းများ၊ စည်ပင်သာယာရဲတပ် ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့်နေ့စဉ်လှည့်လည်စစ်ဆေးခဲ့ရာ မြို့တွင်းစည်းကမ်းမဲ့ယာဉ်များအားအဖွဲ့ တစ်ဖွဲ့ဖြင့်လည်းကောင်း၊ သုံးတန်နှင့် အထက်ယာဉ်များအား အဖွဲ့တစ်ဖွဲ့ဖြင့် လည်းကောင်း စုစုပေါင်းနှစ်ဖွဲ့ဖြင့်လှည့်လည်စစ်ဆေး ဖမ်းဆီးရေးယူဆောင်ရွက်လျက်ရှိသည်။

ယာဉ်ဖမ်းဆီးရေး ပူပေါင်းအဖွဲ့နှစ်ဖွဲ့ဖြင့် စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း ဆောင်ရွက်ခဲ့ရာ စည်းကမ်းမဲ့ယာဉ် ၁၀၁ စီး၊ သုံးတန်နှင့် အထက်ယာဉ် ၂၄ စီးနှင့် Tow Truck ဖြင့် သုံးစီး စုစုပေါင်း ယာဉ် ၁၂၈ စီးအား ဖမ်းဆီးဒဏ်ရိုက်အရေးယူခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ယာဉ်မရပ်ရနေရာများတွင် စည်းကမ်းမဲ့ရပ်နားသည့် ယာဉ်များအား သော့ခတ်၍ ပြေစာဖြတ်ပိုင်းဖြင့် အရေးယူနိုင်ရေးအတွက် ပညာပေးမှုများ လုပ်ဆောင်ပြီးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ သော့ဖြင့် မော်တော်ယာဉ်များ၏ ဘီးများတွင် သော့ခတ်ကာ စတေကာကပ်ခြင်း၊ ဓာတ်ပုံမှတ်တမ်းများပြုလုပ်ပြီး ပြေစာဖြတ်ပေးမည်ဖြစ်သည်။ စည်းကမ်းမဲ့ယာဉ်များအား အရေးယူနိုင်ရန် ယာဉ်ဘီးခတ်သော့ ၅၀ အား ဝယ်ယူရန်မှာကြားထားပြီး ပစ္စည်းများရောက်ရှိပါက မြို့တွင်းအဓိကလမ်းများတွင် ယာဉ်နှစ်ထပ်ရပ်ယာဉ်များနှင့် အချိန်ကြာမြင့်စွာ လမ်းဆုံလမ်းခွရပ်ယာဉ်များအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေပေးအပ်

မိုင်းပန် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင် ဝမ်ထမ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို စက်တင်ဘာ ၁၃ ရက်နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မိုင်းပန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုင်းဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထန်းလင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေနှင့်ပတ်သက်၍ ရည်ရွယ်ချက်များနှင့်ရရှိမည့်အကျိုးကျေးဇူးများအား ရှင်းလင်းပြီး ဝမ်ထမ်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များအား စီမံကိန်း ရန်ပုံငွေများ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

တောင်သူများထံသို့မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်

ဘားအံ စက်တင်ဘာ ၁၇

ကရင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖာပွန်၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်များရှိ တောင်သူလယ်သမားများသို့ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်သည့် အခမ်းအနားကို သြဂုတ် ၉ ရက် နံနက်ပိုင်းက ပြည်နယ်စိုက်စိုးရေးဦးစီးဌာနမှျူးရုံး ရဲသူရခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံဒေါ်သန်းသန်းလွင်က ယခုနှစ်စပါးစိုက်ခင်းများတွင် မြို့နယ်များအလိုက် ဖြုတ်ပိုးကျရောက်မှုအခြေအနေ၊ ကာကွယ်နှိမ်နှင်းရာတွင် သိရှိလိုက်နာရမည့် အချက်အလက်များအား အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးဦးစောမြင့်ဦးက ဖာပွန်၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်များရှိ တောင်သူလယ်သမားများအား ရေကျနောက်စိုက်ဧရိယာများအတွက် စိုက်ပျိုးရန် ရေမြေပ်ခံစပါးမျိုးစေ့များ၊ ဘက်စုံသုံးဆေးဖျန်းပုံးများ၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်ရာ တောင်သူလယ်သမားများက လက်ခံရယူကြသည်။

အရင်ကတော့ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများပေးတာမရှိပါဘူး အခုလိုပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်ဟု နောင်ဘိုကြီးကျေးရွာမှ လယ်ငါးဧကလုပ်ကိုင်သူ ဦးစိုးရင်အေးက ပြောသည်။

အဆိုပါ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်ရာတွင် ဖာပွန်မြို့နယ်အတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ဒါနဒင်ပိုးသတ်ဆေး ၁၀ လီတာ၊ ရိုးရိုးဆေးဖျန်းပုံး ၈၊ လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီး ကျေးရွာအတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ဒါနဒင်ပိုးသတ်ဆေး ၁၀ လီတာ၊ ဘက်စုံသုံးဆေးဖျန်းပုံး ၈၊ ရွက်ဖျန်း တစ်ဖာ၊ ပုလဲသွယ် တင်း၂၀၊ ကွမ်ဘီကျေးရွာအတွက် ဘက်စုံသုံးဆေးဖျန်းပုံး နှစ်ပုံး၊ Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ရွက်ဖျန်း တစ်ဖာ၊ ကော့ကရိတ်မြို့နယ်အတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ရွက်ဖျန်းနှစ်ဖာ၊ ဘက်စုံသုံး ဆေးဖျန်းပုံး သုံးပုံးတို့အား ပေးအပ်ကြောင်းသိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မထသ၏စပ်ကူးမတ်ကူးကာလနှင့် ခရီးသွားပြည်သူများ၏ဒုက္ခ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသည်ယာဉ်များသွားလာမှုကို စီမံခန့်ခွဲအုပ်ချုပ်မည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ဥပဒေကိုလည်းရေးဆွဲပြီး လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ဆဲဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာချက်ထွက်ပေါ်လာသည့်အခါတွင် ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်လိုင်းများအား လက်ရှိစီမံခန့်ခွဲနေသည့် မထသအဖွဲ့ကြီးအား ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာခဲ့ပါသည်။ သို့သော်လည်း မထသအဖွဲ့မှ တာဝန်ရှိသူများက မထသအား ဖျက်သိမ်းခြင်း မရှိသေးကြောင်း၊ မထသလက်အောက်ခံ ယာဉ်လိုင်းများအား အချက် ၁၃၈ ချက်နှင့်အညီ စီစစ်စီမံခန့်ခွဲလျက်ရှိကြောင်းဖြင့် ပြန်လည် ငြင်းဆိုခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ မထသအဖွဲ့ကြီးအား ရုပ်သိမ်းတော့မည်မှာ သေချာသလောက်ရှိသဖြင့် မထသ လက်အောက်ခံယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များမှာ မထသ၏ အချက် ၁၃၈ ချက်အား မထေမဲ့မြင်ပြုလာကြသည်ကို တွေ့ရှိနေရပါသည်။ စာရွက်ပေါ်တွင် တရားဝင်တောင်းခံခွင့်ပြုထားသည့် ကျပ် ၅၀ ဆိုသည့် ခရီးစဉ်များမှာ လုံးဝမရှိတော့ဘဲ ကျပ် ၁၀၀ သို့တိုးတောင်းလာသည်မှာ ကြာပြီဖြစ်ပါသည်။ ထိုကဲ့သို့ ကျပ် ၁၀၀ တိုးတောင်းရနေသည်ကို မကျေနပ်နိုင်သေးဘဲ ညနေ ၅ နာရီခန့် ရောက်သည်နှင့် ဟိုနား၊ ဒီနား ကျပ် ၂၀၀ ဟုအော်နေသည့် လိုင်းကားများကို ပုဇွန်တောင်စျေးမှတ်တိုင်တွင် စတင် တွေ့ရှိနေရပါသည်။

ထို့နည်းတူ သတ်မှတ်လမ်းကြောင်းအတိုင်းပြေးဆွဲခြင်းမပြုဘဲ အခြားယာဉ်လိုင်းများအတွက်သတ်မှတ်ပေးထားသည့်လမ်းကြောင်းပေါ်တွင် ဝင်လုပြီး အပြိုင်ပြေးဆွဲနေသော ယာဉ်လိုင်းတစ်လိုင်းမှ ယာဉ်အချို့သည်လည်း ယခင်က ညနေရောက်မှ ပုဇွန်တောင်စျေးမှ ပြန်ကွေ့သော်လည်း ယခုအခါရုံးတက်၊ အလုပ်သွားချိန် နံနက် ၈ နာရီခွဲခန့်အချိန်၌ပင်လျှင် ပုဇွန်တောင်စျေးတွင် ဂိတ်ဆုံးပြီဟုဆိုကာ ခရီးသည်များကို ဆင်းခိုင်းပြီး ပြန်ကွေ့နေသည့် မြင်ကွင်းကိုလည်း တစ်စတစ်စ ပိုမိုတွေ့နေရပြီဖြစ်ပါသည်။

ဤကဲ့သို့လိုင်းကားများဖြစ်ချင်သလိုဖြစ်ပြီး ပိုက်ဆံကြိုက်သလိုတောင်း၊ ကိုယ်မောင်းချင်သည့် ယာဉ်လမ်းကြောင်းအတိုင်းမောင်းကာ ကွေ့ချင်သည့်နေရာမှ ပြန်ကွေ့နေသောဖြစ်စဉ်ကို စီမံခန့်ခွဲရန်မေ့နေသော မထသဝန်ထမ်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့တွင် ဆက်လက်ခန့်ထားမည်ဆိုသော သတင်းထွက်ပေါ်လာသဖြင့် ခရီးသွားပြည်သူများကိုယ်စား စိတ်ပျက်နေမိသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) သဘောအရ ယခုကဲ့သို့ စပ်ကူးမတ်ကူးကာလတွင် မော်တော်ယာဉ်လိုင်းများ၏ စည်းကမ်းဖောက်ဖျက်နေမှုများကို တာဝန်ယူထိန်းသိမ်းပြီး အရေးယူရန်ပျက်ကွက်နေသော မထသဝန်ထမ်းများကို အရေးယူရမည်ဖြစ်သည်။ သို့သော်လည်း တာဝန်မကျေသူ ထိုကဲ့သို့သောဝန်ထမ်းများကို အရေးမယူဘဲ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်နေသည့် (တစ်နည်း) တာဝန်ယူရန်ပျက်ကွက်နေသည့် ထိုဝန်ထမ်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(ရကပ)သို့ ပြောင်းလွှဲပြီး တာဝန်ပေးအပ်မည်ဆိုပါက ရကပ အဖွဲ့ကြီးအနေဖြင့် ထိုမထသ၏အကျင့်ပျက် ဝန်ထမ်းများကြောင့် နာမည်ပျက်သွားမည် ဖြစ်ပါသည်။ အာဏာပိုင်အဖွဲ့၏ရည်မှန်းချက်များလည်း အောင်မြင်လိမ့်မည် မဟုတ်ပေ။ ပြောင်းလဲမှုကိုမျှော်လင့်နေသော ခရီးသွားပြည်သူများလည်း အဆင်မပြေမှုဒုက္ခကို ဆက်လက်ခံစားနေရဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် မထသအဖွဲ့အား မဖျက်သိမ်းမီနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ဥပဒေမပြဋ္ဌာန်းမီ စပ်ကူးမတ်ကူးကာလတွင် မော်တော်ယာဉ်လိုင်းများ၏ စည်းကမ်းဖောက်ဖျက်မှု ဒဏ်ကို ခံစားနေရသော ခရီးသွားပြည်သူများ၏ နေ့စဉ်ခံစားနေသော ဒုက္ခအပေါင်းအား မထသမှတာဝန်ယူ၍ စည်းကမ်းချက် ၁၃၈ ချက်နှင့်အညီ ရဲရဲဝံ့ဝံ့ဖြေရှင်းပေးရန်လိုအပ်နေပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။

လင်းကိုကို




ဟိုး
အချိန်ပိုင်းကဗျာ
ဟင်..ကိုးနာရီတောင်
ထိုးတော့မှာနော်
မေမေ
ကိုးနာရီ..မိန်းမလှကြီး
တောင်ရှိနေပြီ..
မေမေ..
ကိုးနာရီ..
ကိုးနာရီ..
ကိုးနာရီ

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၇

စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။ ကိုယ်စားလှယ်များဖတ်ကြားသွားသည့် စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-

ယမန်နေ့မှအဆက်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကိုယ်စားလှယ် ဦးဂျေးယောဝူ ဖတ်ကြားသည့်စာတမ်း

လေးစားအပ်တဲ့-

လွတ်တော်ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ခင်ဗျား-

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားပြုတင်ပြသွားမယ့် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွတ်တော် ကိုယ်စားလှယ် ဦးဂျေးယောဝူဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်က "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဟူ၍ ဖြစ်ပါတယ်။ ဒီမိုကရေစီ ယဉ်ကျေးမှုပန်းတိုင်သို့ ရောက်ရှိအောင် အားလုံးပါဝင်ကြဖို့ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ ကျွန်တော်တို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ စပ်လျဉ်းတဲ့ အမြင်နဲ့သဘောထားများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား-

ဒီမိုကရေစီရဲ့ တရားကိုယ်သဘောကပြည်သူ့ကိုယ်စားလှယ်များ ပါဝင်တဲ့လွတ်တော်အသီးသီးကို ဖွဲ့စည်းနိုင်ခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဦးတည်ဖော်ဆောင်လျက် ရှိပါတယ်။ မိမိတို့ပါတီအနေနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက်ကျရာကဏ္ဍက အစွမ်းကုန်ပါဝင်ကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီကို ကျင့်သုံးရာမှာလည်း အနည်းစုဟာ အများစုရဲ့ဆုံးဖြတ်ချက်ကို လေးစားလိုက်နာဖို့လိုသလို အများစုကလည်း အနည်းစုရဲ့ သဘောထားအကြံဉာဏ်နဲ့ ဆန္ဒတွေကို အလေးထားဖို့လိုအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့ မှီတင်းနေထိုင်လျက်ရှိတာကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ဦးတည်ဖော်ဆောင်ရာမှာ

(၁) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး
(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး
(၃) လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ခွင့်ရှိရေးနှင့်
(၄) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးတို့အတွက် အာမခံချက်များရှိသင့်တယ်လို့ မိမိတို့ပါတီက ခံယူပါတယ်။ အဆိုပါ ဦးတည်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကိုယ်စားလှယ် ဦးဂျေးယောဝူ

တို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့လိုသလို ပြည်နယ်ဒေသတစ်ခုချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို သဟဇာတကျကျပေါင်းစပ် ဖော်ဆောင်သွားဖို့လိုကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား-

ပြည်သူများအနေဖြင့် ဒီမိုကရေစီအနှစ်သာရများနှင့်အညီ အပြည့်အဝရရှိခံစားနိုင်စေဖို့အတွက် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံဖြစ်စေရန် လိုအပ်သကဲ့သို့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရန်လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီး မရှေးမနှောင်းကာလမှစ၍ လက်နက်ကိုင် ပဋိပက္ခများ ပေါ်ပေါက်ခဲ့တာကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် နှစ်ကာလရှည်ကြာစွာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံနှင့် အနိဋ္ဌာရုံတွေကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိနေရပါတယ်။ နိုင်ငံအဝှမ်း ဒေသအနှံ့မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကြီးဖြစ်ထွန်းရေး မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူများအတွက် အခြေခံလိုအပ်ချက်ကြီး ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်ကို ရရှိခံစားနိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့က မနှေးအမြန်ပါဝင်သဘောတူ လက်မှတ်ရေးထိုးကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူအကွပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာတဲ့ ပြည်သူတွေရဲ့အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား-

လွတ်လပ်၍အချုပ်အခြာအာဏာပိုင်စိုးသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးကို ရှေးရှုကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကို ကျင်းပခဲ့ပါတယ်။ အဆိုပါညီလာခံကြီးရဲ့ ဦးတည်ချက်ဟာ ငြိမ်းချမ်းရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးဖြစ်ပါတယ်။ ဒီဆောင်ရွက်မှုတွေဟာ နိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အဆိုပါလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် မိမိတို့ ပါတီအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံးနှင့်အတူ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုဖြစ်စဉ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းဖြင့် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

"မွန်အမျိုးသားပါတီ" ကိုယ်စားလှယ် ဦးနိုင်သီဟ ဖတ်ကြားသည့်စာတမ်း

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ကြွရောက်လာကြသော ဂုဏ်သရေရှိ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီကို ကိုယ်စားပြုစာတမ်းဖတ်ကြားမည့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။

အခုလို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားမှာ ပါတီကိုယ်စားပြုစာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် မျှားစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လူသားအားလုံးဟာ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ပျော်ရွှင်မှုကို ခံစားပိုင်ခွင့် အခွင့်အရေးရှိပြီး အဆိုပါ အခွင့်အရေးတွေကို တန်းတူညီမျှ ခံစားရယူပိုင်ခွင့် အခွင့်အရေးရှိပါတယ်။ ဒါဟာ လူသားအားလုံးအတွက် ကောင်းမွန်တဲ့ဘဝတွေကို ဘယ်လိုကြိုးစားတည်ဆောက်ခွင့်ရှိတယ်ဆိုတာကို အခိုင်အမာလမ်းညွှန်ခဲ့တာလည်းဖြစ်တယ်။

နိုင်ငံသားတိုင်းဟာ ခွဲခြားဆက်ဆံခံရခြင်းမရှိဖို့ လိုအပ်ပြီး ဒီရပိုင်ခွင့်ကို အထူး

'မွန်အမျိုးသားပါတီ' ကိုယ်စားလှယ် ဦးနိုင်သီဟ

ထိန်းသိမ်းကြပ်မတ်ဖို့လည်း လိုအပ်ပါတယ်။ ပညာရေးကဏ္ဍနဲ့ ပြောမယ်ဆိုရင် ကလေးငယ်တွေဟာ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးနေဖို့ လိုအပ်တယ်လို့ ဆိုရမှာဖြစ်တယ်။ လူမျိုးအရဖြစ်စေ၊ ဘာသာစကားအရဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ ဒီအချက်တွေကြောင့် ကလေးငယ်တွေကို စာသင်ခန်းတွေကနေ ဝေးကွာသွားစေတာမျိုး၊ ဘေးဖယ်ထုတ်ပစ်တာမျိုး မဖြစ်ရအောင် ဆောင်ရွက်ရမှာဖြစ်တယ်။

လူတစ်ဦးချင်းစီအတွက် လေးစားမှုနဲ့ ဂုဏ်သိက္ခာရှိစွာ ဆက်ဆံခံရဖို့လိုပါတယ်။ လွတ်လပ်မှုကို ရပိုင်ခွင့်နဲ့ လုံခြုံမှုကို ခံစားပိုင်ခွင့်ရှိရပါမယ်။ နိုင်ငံသားတိုင်းဟာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဆန္ဒပြခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်ရှိနေရမှာဖြစ်တယ်။ မိမိတို့ရဲ့ မိခင်ဘာသာစကားကို အသုံးပြုခွင့်ရှိရမှာဖြစ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှုတွေကိုလည်း ဖော်ထုတ်နိုင်ခွင့် ရှိရပါမယ်။

ဒီမိုကရေစီဆိုတာ ပြည်သူလူထု အုပ်ချုပ်ခြင်း (rule by the people)နဲ့ ပြည်သူလူထုအတွက် အုပ်ချုပ်ခြင်း (rule for the people) ဆိုတဲ့ စည်းမျဉ်းတွေအပေါ်မှာ အခြေခံထားတဲ့ နိုင်ငံရေးစနစ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်မှု (Multi-ethnic context) ဆိုတဲ့ အကြောင်းအရာကို စဉ်းစားတွေးခေါ်မှု မရှိရင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်လာမှုနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှု (Political stability) တွေဟာ အခက်အခဲတွေ ဖြစ်လာစေတတ်ပါတယ်။ လူမျိုးစုရေးရာ ပဋိပက္ခများကို လူမျိုးစုရေးရာ ဖက်ဒရယ်စနစ် (ethnic federalism) ကသာ ဖြေရှင်းပေးနိုင်ကြောင်း အဆိုပြုထားကြပါတယ်။

လူမျိုးစုရေးရာ ဖက်ဒရယ်စနစ်ဟာ တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးစုများရဲ့ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ အဖြေတစ်ရပ်ဖြစ်ကြောင်း ပညာရှင်အချို့က ရေးသားဖော်ပြခဲ့ပါတယ်။ လူမျိုးစုများကို သက်ဆိုင်ရာ လူမျိုးစုအလိုက် အသိအမှတ်ပြုပြီး တိုင်းပြည်ရဲ့ နိုင်ငံသားများအဖြစ် အသိအမှတ်ပြုထားခြင်းကြောင့် လူမျိုးစုရေးရာ ဖက်ဒရယ်စနစ်မှာ Dual Identity လက္ခဏာဆောင်ပြီး လူမျိုးစုများအကြားက ညီညွတ်ရေးကို တည်ဆောက်နိုင်ကြောင်း သုတေသနမှတ်တမ်းများမှာ ဖော်ပြထားပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ ပါဝါခွဲဝေမှု (Division of Powers) က အလွန်အရေးကြီးပါတယ်။ ပါဝါခွဲဝေမှုများကို လက်တွေ့ကျင့်သုံးရာမှာ အခြေအနေ၊ အချိန်အခါ ထည့်သွင်းစဉ်းစားရမှုတွေ ရှိတဲ့အတွက် အသုံးပြုနိုင်တဲ့ တစ်ခုတည်းသော သဏ္ဌာန်ဆိုတာတော့ မရှိနိုင်ပါဘူး။ ပါဝါခွဲဝေတဲ့ နိုင်ငံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အရင်းအမြစ်များကို တန်းတူညီမျှခွဲဝေအသုံးပြုခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အနိုင်ယူရန် ဆန္ဒမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်လိုသည့် နိုင်ငံရေးယဉ်ကျေးမှုထွန်းကားခြင်းစတဲ့ အခြေအနေတွေ ရှိနေမယ်ဆိုရင် အောင်မြင်မှုနှုန်းမြင့်မားပါတယ်။ ပါဝါခွဲဝေတဲ့ အစီအမံများ ချမှတ်ရာမှာ သက်ဆိုင်ရာလူမျိုးအလိုက် မျိုးနွယ်စုများရဲ့ အကျိုးစီးပွားများကို ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် အားလုံးပါဝင်မှု (All inclusiveness) အလေးထားဖို့ လိုအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေး ပစ္စည်းများကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်း

သန်လျင် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် သန်လျင်အဆင့်မြင့်(မွမ်းမံ) သင်တန်းကျောင်းတွင် စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သည့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေး ပစ္စည်းများအသုံးပြုနည်းဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်တို့မှ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ အရှေ့ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသား ၄၀ စုစုပေါင်း ၆၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။**အောင်ဆွေ(ရွှေတံတား)**

သွေးသည်အသက်

“၀”ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖတ်ကြားသည့်စာတမ်း

ယနေ့ ဒီမိုကရေစီနေ့မှာ “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” “Democracy 2030” ခေါင်းစဉ်ဖြင့် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကိုတက်ရောက်လာကြတဲ့ လူကြီးမင်းများနဲ့ ပါတီစုံအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို အထူးပင်လေးစားပါကြောင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ ‘၀’ ဒီမိုကရက်တစ်ပါတီမှ ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားအတွက် စာတမ်းကိုဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပြီး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်မှ ပေးပို့လာသော ဆောင်ပုဒ်ဖြစ်သည့် “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” “Democracy 2030” ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။ အထက်ပါခေါင်းစဉ်ဟာ မိမိတို့နိုင်ငံအတွက် အလွန်အရေးပါသော အလေးထားလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ကျွန်ုပ်တို့နိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး (၃)ရပ်ဖြင့် ပိုင်းခြားကျင့်သုံးလာခဲ့ပြီး ယင်းမဏ္ဍိုင်ကြီး (၃)ရပ်တို့ အပြန်အလှန်ထိန်းညှိခြင်းဖြင့် ဒီမိုကရေစီကို လျှောက်လှမ်းလျက်ရှိပါတယ်။

မိမိတို့နိုင်ငံဟာ အခြားဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သက်တမ်းအတွေ့အကြုံ အလွန်ပင်နုနယ်သေးတဲ့နိုင်ငံဖြစ်ပါတယ်။ နောင်လာမည့် ၂၀၃၀ ခုနှစ်ဆိုလျှင် မိမိတို့နိုင်ငံသည် ရင့်ကျက်သော ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ယနေ့အောင်မြင်သော ဒီမိုကရေစီနိုင်ငံကြီးကဲ့သို့ ဖြစ်ပေါ်ရေးအတွက် ရေရှည်စီမံကိန်းများ ချမှတ်ရေးဆွဲပြီး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေအနေအရပ်ရပ်ကို တွက်ဆ၍ ကြိုတင်စီမံထားရမှာလည်းဖြစ်ပါတယ်။

‘၀’ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် ဦးကျင်ဝမ်း

“ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုသည့် ဆိုရိုးစကားအတိုင်း ယခုအချိန်မှစ၍ လူငယ်များကိုလည်း ဒီမိုကရေစီစနစ်ကျင့်စဉ်၊ စံနှုန်းများ သိရှိနားလည်အောင် လေ့ကျင့် သင်ကြားပြုစုပျိုးထောင်ပေးရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ အနာဂတ်ကာလတွင် ခိုင်မာသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးတွင် လူငယ် လူရွယ်များတက်ကြွစွာ ပါဝင်လာကြစေရန်အတွက် ပါလီမန်မှ ကိုယ်စားလှယ်များက မိမိတို့၏ မဲဆန္ဒနယ်များတွင် ပါလီမန်အတွေ့အကြုံများကို ပြည်သူများထံ ရှင်းလင်းတင်ပြခြင်းများ၊ လူငယ်လူရွယ်များကို တွေ့ဆုံဆွေးနွေးအသိပေးခြင်းများအား အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီရှင်သန် ခိုင်မာလာစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် အရေးကြီးသော မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အဲဒါကတော့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးပဲဖြစ်ပါတယ်။ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ပြီး အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ဟာ မကြာခင်ကာလမှာ ရရှိတော့မည်ဟု ယုံကြည်မိပါတယ်။

တိုင်းပြည်ငြိမ်းချမ်းရေး ရရှိလာပါက လစ်လပ်မဲဆန္ဒနယ်များ မရှိတော့ဘဲ ပြည်သူများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ ပိုမိုပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မှာ ဖြစ်တဲ့အတွက် တိုင်းပြည်လည်းဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီ ၂၀၃၀ တွင် ဖြစ်ပေါ်လာမည့် ရည်မှန်းချက်များနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို “၀” ဒီမိုကရက်တစ်ပါတီက ကိုယ်စွမ်းဘက်စွမ်းရှိသရွေ့ ကြိုးပမ်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးစိုးရွှေ ဖတ်ကြားသည့်စာတမ်း

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက်မှ ဒီမိုကရေစီစနစ်ကိုခံယူကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးမှာ ၂၀၀၈ ခုနှစ်ကစပြီး နှစ်စဉ် စက်တင်ဘာ ၁၅ ရက်ရောက်တိုင်း ကျင်းပခဲ့ကြပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၆)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးစိုးရွှေ

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် IPU က သတ်မှတ်ရွေးချယ်ထားသည့်ဆောင်ပုဒ်မှာ **“အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့”** “Democracy 2030”ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဟူသည် ပြည်သူတို့က ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူအတွက်အလုပ်အကျွေးပြုရန် ရွေးချယ်တာဝန်ပေးအပ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ပြည်သူတို့က ပြည်သူ့ကိုယ်စားလှယ်များကို လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်၍ ပြည်သူ့အုပ်ချုပ်ရေးတာဝန်ကို ပေးအပ်နေပြီဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ပုံတူကူးချ၍မရပါ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဒီမိုကရေစီကျင့်သုံးပုံချင်း မတူသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ မိမိနိုင်ငံ၏ နောက်ခံသမိုင်း၊ ပြည်သူလူထု၏စံနှုန်း၊ လိုက်နာမှု၊ ပထဝီနိုင်ငံရေး အခြေအနေတို့ အပေါ်မူတည်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်သွား ရမည်ဖြစ်ပါသည်။ ထိုသို့ ကျင့်သုံးရာတွင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားပြည်သူအားလုံးကလည်း ဒီမိုကရေစီရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို အလေးထားချစ်မြတ်နိုးပြီး စည်းကမ်းရှိစွာ ဆင်ခြင်တုံဉာဏ်ဖြင့် ပါဝင်ကျင့်သုံးကြရပါမည်။ ပြည်သူ့ကရွေးချယ်ထားသော အစိုးရအနေဖြင့်လည်း ဒီမိုကရေစီ၏ အခြေခံရပိုင်ခွင့်များကို ပြည်သူတို့အား ပေးအပ်ထားပြီး ပြည်သူ့အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုရေးကို မူတည်၍ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ကို အမြစ်တွယ် ရှင်သန်အောင် ပြုလုပ်ကြရမည်ဖြစ်ပါသည်။

စည်းကမ်းရှိသော ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးအတွက် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး ဒီမိုကရေစီစံနှုန်းများကို သိရှိယုံကြည်ပြီး ၎င်းစံနှုန်းများအတိုင်း ပြုမူလိုက်နာဆောင်ရွက်တတ်သည့် အလေ့အထများကို မိမိတို့၏ နေ့စဉ်ဘဝတွင် အမြဲတမ်းကျင့်သုံးနေဖို့ လိုအပ်ပါသည်။ ထိုသို့ ကျင့်သုံးနိုင်ရေးအတွက် ဒီမိုကရေစီစံများ၊ ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ပြည်သူအားလုံးပါဝင်လာအောင် ဆောင်ရွက်ကြရပါမည်။ ပြည်သူအားလုံး ပါဝင်အောင် ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့် စည်းကမ်းရှိသော လူ့အဖွဲ့အစည်းပေါင်းစည်းညီညွတ်မှုသာ စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ပြည်သူ့အုပ်ချုပ်ရေးစနစ် အမြစ်တွယ်ရှင်သန်မည်ဖြစ်ပါသည်။ စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ပြည်သူ့အုပ်ချုပ်ရေးစနစ် တာဝန်များကို ထိရောက်မှန်ကန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့ကိုယ်စားလှယ်ခေါင်းဆောင်များရော ပြည်သူများပါ အသိအမြင် ဗဟုသုတကြွယ်ဝ၍ ဆင်ခြင်တုံဉာဏ်ရင့်သန်ကာ အမြော်အမြင်ရှိသော လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်သွားကြရပါမည်။ လူ့အဖွဲ့အစည်းကို ဦးဆောင်သူများ အနေဖြင့် **“ပြည်သူတို့၏ အကျိုးစီးပွား”**ကို အစဉ်ဦးထိပ်ထားလျက် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် အချင်းချင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဦးဆောင်ထူထောင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

စည်းကမ်းရှိသော ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းသော၊ အေးချမ်းသော လူ့အဖွဲ့အစည်းအတွင်း၌သာ အမြစ်တွယ်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်အမြစ်တွယ်ရန်အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မရှိမဖြစ် အထူးလိုအပ်ပါသည်။ လက်ရှိတွင်လည်း ကျွန်တော်တို့နိုင်ငံအနေဖြင့် ဥပဒေပြုလွှတ်တော်များ၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအဖွဲ့အစည်းများက မိမိတို့၏ အခွင့်အာဏာများကို အတတ်နိုင်ဆုံးပိုင်းခြားအသုံးပြုလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့လူမှုစီးပွားဖွံ့ဖြိုး တိုးတက်လုံခြုံရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစသည့် အာဏာသုံးရပ်ကို လက်နက်ကိုင်တောင်းဆိုမှုသည် မည်သည့်ဒီမိုကရေစီနိုင်ငံတွင်မှ မရှိတော့ကြောင်း တွေ့နိုင်မည်ဖြစ်ပါသည်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်ဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရပါမည်။ ငြိမ်းချမ်းရေးရရှိမှသာ ဒီမိုကရေစီကျင့်စဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိ မ်းချမ်းရေးရရှိ ရန် အတွက် ပြည်သူလူထုတစ်ရပ်လုံးကလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ လိုက်နာဆောင်ရွက်ကြမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများဖြစ်ကြသည့်အတွက် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဘာသာစွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကိုယ်စီအသိဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရန်လည်း အထူးလိုအပ်လှပါသည်။ ပြည်သူတို့၏ ပင်ကိုအသိစိတ်ဖြင့် လိုက်နာအပ်သော အစဉ်အလာကျင့်ဝတ်၊ နီတိ၊ စည်းကမ်း၊ ဥပဒေများကို လိုက်နာပြီး ဒီမိုကရေစီစနစ်တွင် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန် လေးစားယုံကြည်အားထားမှုကို တည်ဆောက်ကျင့်သုံးကြရမည်ဖြစ်ပါသည်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအတွင်း အမြင်သဘောထားချင်း မတူညီမှုများ၊ ကွဲပြားမှုများအား စေ့စပ်ညှိနှိုင်းပြီး ဘုံရပ်တည်ချက်တစ်ရပ်ကို ရှာဖွေသဘောတူညီနိုင်သည်အထိ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံး ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြရာတွင် အဆင်မပြေမှုများ၊ အခက်အခဲများကိုလည်း ပြည်သူ့အားလုံးနှင့်အဖွဲ့အစည်းအသီးသီးမှ စိတ်ရှည်သည်းခံခြင်းဖြင့် အောင်မြင်သည်အထိ တစ်ဆင့်ချင်းပိုင်းဝန်းတည်ဆောက်ရန် အရေးကြီးပါသည်။ ထိုသို့ တည်ဆောက်နိုင်ပါက ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်နေမည်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ အဖြစ်သို့ IPU ၏ မျှော်မှန်းချက်အတိုင်း ၂၀၃၀ တွင် မလွဲမသွေရောက်ရှိလာမည်ဖြစ်ပါသည်။ ဒီမိုကရေစီတာဝန်ခံမှုကို “ဖူကူယားမား” ၏ အဆိုအရ “အထိန်းအကွပ်” တို့ဖြင့် “စည်းမျဉ်းစည်းကမ်းများ” ကို ပုံဖော်ယူရမည်ဟု ဆိုသကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ရောက်ရှိရေး ပိုမိုလိုလားမျှော်လင့်မိပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သော **“အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့” “Democracy 2030”** ဆောင်ပုဒ်နှင့်အညီ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသား ပြည်သူအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု ဆန္ဒပြုရင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အား ဂုဏ်ပြုအပ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်၊ ကြွေသီးများ လဲလှယ်

ချောင်းဦး စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား လေလွင့်ပြန်းတီးမှု မရှိစေဘဲ ဓာတ်အားအပြည့်အဝ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေးအတွက် လျှပ်စစ်ကြိုးများနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်း၊ ကြွေသီးများ လဲလှယ်ခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦး ဦးဆောင်သောအဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက “ချောင်းဦးမြို့ပေါ် (၆)ရပ်ကွက်လုံးမှာ ရှိတဲ့ ဓာတ်အားလိုင်းကြိုးများနဲ့ ထိစပ်နေတဲ့ သစ်ပင် သစ်ကိုင်းတွေကို မြို့နယ်လျှပ်စစ်က အဖွဲ့တွေခွဲပြီး ဖယ်ရှားဆောင်ရွက်ခဲ့သလို ချောင်းဦးမြို့ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက်လည်း 33 kv, 11 kv , 0.4 kv ဓာတ်အားလိုင်းတွေကို ကြွေသီးတွေ လဲလှယ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်” ဟု ပြောသည်။

မိမိ (ချောင်းဦး)

ဓာတ်အားခွဲရုံသစ်တည်ဆောက်ရေးလုပ်ငန်း ပြီးစီး၍ ကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ပြီ

ရေဦး စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အနောက်ဘက်ခြမ်း ကျေးရွာများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး အတွက်နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ရေဦး-ချောင်းဆုံ ဓာတ်အားခွဲရုံသစ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီး၍ စက်တင်ဘာ ဒုတိယပတ်မှစတင်ကာ လျှပ်စစ်ဓာတ်အား စမ်းသပ်ပေးလွှတ်နေပြီဖြစ်ကြောင်း သိရသည်။

ရေဦးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခွဲရုံမှာ လက်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းမှ ဒီပဲယင်းမြို့သို့ ခွဲပေးနေခြင်းကြောင့် ရေဦးမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများ၏ သုံးစွဲဗို့အားနှင့် လက်ခံဗို့အားအပေါ် မူတည်၍ လိုင်းများပိတ်ရခြင်း၊ ဖိဒါလျှော့ချခြင်းတို့ကြောင့် လျှပ်စစ်မီးအား အဝင်နည်းပါးခြင်း၊ မကြာခဏ လျှပ်စစ်မီးပျက်ခြင်းများ ဖြစ်ခဲ့သည်။

ယခုအခါ ရေဦး - ချောင်းဆုံ ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ဒီပဲယင်းမြို့မှ ဓာတ်အားလိုင်းတည်ဆောက်မှု ပြီးစီးပါက ချောင်းဆုံဓာတ်အားခွဲရုံမှ ဒီပဲယင်းမြို့သို့ ဓာတ်အားခွဲဝေပေးသွားမည်ဖြစ်သည်။ ရေဦးမြို့နယ်အနေဖြင့် ချောင်းဆုံ- မြင်းပေါက် ၁၁ကေဗွီ လိုင်း (၃ ဒသမ ၅မိုင်)၊ ချောင်းဆုံ-တမာတော ၁၁ကေဗွီလိုင်း ၆ မိုင်ရှိ ဓာတ်အားလိုင်းများ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးနေပြီး ဒီပဲယင်းမြို့ ဓာတ်အားလိုင်း တည်ဆောက်မှု အပိုင်း ပြီးစီးပါက လက်ရှိခွဲဝေပေးနေသော ရေဦး- ဒီပဲယင်းဓာတ်အားလိုင်းအား ဖြုတ်ချသွားမည်ဖြစ်သည့် အတွက် ရေဦးမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများ ယခင်ကထက် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်သည်။ ရေဦးမြို့နယ်အနောက်ဘက်ခြမ်းကျေးရွာများအနေဖြင့်လည်း ချောင်းဆုံဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား လွယ်ကူစွာဖြင့် ရယူသုံးစွဲနိုင်မည့် အခွင့်အလမ်း ရရှိသွားပြီဖြစ်ကြောင်း ရေဦးမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနခွဲရုံမှူး ဦးမင်းအောင်ကပြောသည်။

သန်းထိုက်(ရေဦး)

မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေတွင် မြေယာနှင့်သီးနှံလျော်ကြေးပေးလျော်ခဲ့ခြင်းနှင့် ပတ်သက်၍ ဆက်လက်ပေးလျော်သွားရန် တောင်သူများသို့ ရှင်းလင်းဆွေးနွေး

မင်းဘူး စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်း မန်းရေနံမြေမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေအမည်ပေါက် ပိုင်ဆိုင်မှုရရှိနိုင်ရန် မြေယာနှင့် သီနှံလျော်ကြေးပေးလျော်ခဲ့ခြင်းနှင့် ပတ်သက်၍ တောင်သူများသို့ ရှင်းလင်းဆွေးနွေးပွဲကို မန်းရေနံမြေလုပ်သား အပန်းဖြေရိပ်သာ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မန်းရေနံမြေမှ မြေလျော်ကြေးပေးလျော်ရန် ၃၈၂ ဒသမ ၇၅ ဧကရှိကြောင်း၊ တစ်ဧကကို မြေအတွက် လျော်ကြေး ၁၂ သိန်းနှင့် သီးနှံအတွက် တစ်ဧကမှာ အမြင့်ဆုံး စေ့အကောင်းဆုံးရရှိသော နှမ်းနက်အား သက်မှတ်၍ တစ်ဧကအထွက်နှုန်း ၁၀ ဒသမ ၁၁ တင်း တစ်တင်းကို ၅၀၀၀၀ နှုန်း သတ်မှတ်ပေးထားကြောင်း စုစုပေါင်း တစ်ဧကကို ၂၇၁၆၅၀၀ လျော်ကြေးပေးလျော်ခဲ့ကြောင်း၊ မတ် ၂၈ ရက်နေ့ထိ ပေးလျော်ထားသူ တောင်သူ ၆၇၇ ဦး မြေဧကအနေဖြင့် ၃၃၆ ဒသမ ၂၄ ဧကအား ပေးလျော်ထားရှိကြောင်း၊ ထိုသို့ပေးလျော်ဆောင်ရွက်လျက်ရှိသည့် အချိန်တွင် မှားယွင်းပေးလျော်မှုများရှိနေကြောင်း၊ တောင်သူများ၏ တိုင်ကြားချက်အရ ဆက်လက်ပေးလျော်ရန်မဖြစ်နိုင်သည့် အတွက် ရပ်နားထားရကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းဆောင်ရွက်မှုရရှိပါက ဆက်လက် ပေးလျော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်၊ မဲဆန္ဒနယ်အမှတ်(၂)မှလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မကွေးတိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး ဦးတင့်နိုင်ထွန်း၊ မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းတို့က အမှာစကားများ ပြောကြားခဲ့သည်။

ယင်းသို့ အမှာစကားပြောကြားရာတွင် မြေယာတိုင်းတာရေး အဖွဲ့သစ်ကိုဖွဲ့၍ ကွင်း(၁၄)ကွင်းကို စက်တင်ဘာ ၁၇ ရက်မှစတင်ကာ ၁၄ ရက်တိုင်တိုင် တိုင်းတာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတောင်သူများမှ လာရောက်ပူပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် တောင်သူများမှ လျော်ကြေးနစ်နာမှုများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ဦးကြီးများ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးပြည့်(မင်းဘူး)

SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပ

ကလေး စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စက်မှုဇုန်ခန်းမ၌ Small and Medium Enterprises(SME) ဌာနနှင့် လုပ်ငန်းရှင်များတွေ့ဆုံပြီး ကလေးဒေသရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလေးမြို့ စက်မှုဇုန်ဥက္ကဋ္ဌ ဦးတင်စိုးကအဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားကြကာ Mr. Michel Jamar(Chief TechnicalAdvisor, Entrepreneurship and SME Support Project)၊ ဦးသူရိန်ဝင်း(National Project Coordinator, SME Sector,Entrepreneurship and SME Support Project)နှင့် ဒေါ်ကြည်ကြည်အေး(National Project Coordinator, Tourism Sector, Entrepreneurship and SME Support Project)တို့မှ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော SME လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ လျှပ်စစ်မီးရရှိရေးနှင့် မြေဂရန်ရရှိရေးတို့နှင့် ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အသေးစိတ်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

ယင်းနောက် ဟိုတယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

ယင်းနေ့ဆွေးနွေးပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်စီမံကိန်း ဦးစီးမှူး ဦးဝင်းဆွေ၊ ခရိုင်စက်မှုကြီးကြပ် ဦးသိန်းဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ စက်မှုဇုန်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျိုးနက်

ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် စက်တင်ဘာ ၁၇

ဇီကာဗိုင်းရပ်စ် ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ဇီကာဗိုင်းရပ်စ် ရောဂါနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်သိန်းကျော်က ဇီကာဗိုင်းရပ်စ် ရောဂါ အကြောင်း၊ ရောဂါကူးစက်ခံရသူ၏ လက္ခဏာ၊ ရောဂါဖြစ်ပွားနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးသယ်ဆောင်လာသော အေးဒီးစ် (Aedes) ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့သောရောဂါတစ်မျိုးဖြစ်ကြောင်း၊ ဇီကာဗိုင်းရပ်စ် ရောဂါသယ်ဆောင်သော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင်သာပေါက်ဖွားပြီး ဇီကာဗိုင်းရပ်စ် ရောဂါနှင့်ပတ်သက်၍ ကာကွယ်ဆေးမရှိသေးကြောင်း၊ ရောဂါလက္ခဏာသက်သာရန်အတွက်သာ ကုသပေးနိုင်ကြောင်း၊ ရောဂါကူးစက်ပျံ့ပွားမှု မရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျား၊ ပိုးလောက်လန်း မပေါက်ပွားနိုင်အောင် ဝုံး ၊ သွန် ၊ လဲ ၊ စစ် လုပ်ငန်းများကို မပြတ်ဆောင်ရွက်ရန်နှင့် ခြင်ကိုက်ခံရခြင်း မရှိအောင် နေထိုင်ခြင်းဖြင့် ဇီကာဗိုင်းရပ်စ်ရောဂါ အပါဝင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ရွှေ (မလှိုင်)

အမြဲတမ်းအတွင်းဝန် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)လုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်သည် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ညွှန်ကြားရေးမှူးများနှင့်အတူ စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့ စုပေါင်းရုံး၌ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများကို မေးမြန်းစစ်ဆေးကာ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံလိုအပ်ချက်များကို တစ်နေရာထဲတွင် ဝန်ဆောင်မှုရရှိစေရန် ဆောင်ရွက်ပေးသည့်အတွက် ဝန်ထမ်းများ အနေဖြင့် မိမိတို့ဌာနများ၏ ရည်မှန်းချက်များတာဝန်များကို ကောင်းမွန်စွာသိရှိနားလည်ပြီး ဝန်ဆောင်မှုပေးသွားရန်လိုအပ်ကြောင်း၊ ဝန်ဆောင်မှုပေးရာတွင် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြည်သူများနှင့်ထိတွေ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အတွက် ဝန်ထမ်းများအပေါ် ယုံကြည်မှုရရှိလာကာ ဌာနဆိုင်ရာအချင်းချင်းအနေဖြင့် အပြန်အလှန်ထိန်းကျောင်းလာနိုင်မည်ဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန်က တွေ့ဆုံမှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် စုပေါင်းရုံးအတွင်း ဖွင့်လှစ်ထားသည့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများ ဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအားတွေ့ဆုံအားပေးပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့သည်။

ပြည်နယ်ပြန်/ဆက်

ကမ္ဘာ့အရေး အမေးပုစ္ဆာ ဆွေးနွေးဖြေရှင်း ထင်လင်းစေရာ

ကိုရင်ဩ
koyinau.mirrordaily@gmail.com

ဓာတ်ပုံ- ကုလသမဂ္ဂဖြန်ကြားရေးဌာန။

ကုလသမဂ္ဂမည်သော ကမ္ဘာလူသားမျိုးနွယ်အဖွဲ့အစည်းကြီး၏ ၇၁ ကြိမ်မြောက် အထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု၏ အထင်ကရ နဂရမြို့ကြီးဖြစ်သော နယူးယောက်မြို့၌ စက်တင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်လိုက်ပြီဟု ကျွန်ုပ်ကြားသိရလေသောအခါ လျောက်ပတ်သော အခါကာလ၌ အကျိုးစီးပွားနှင့် စပ်သောစကားအား ဆိုအပ်ရာ၏ဟူသော လောကနီတိ အဆုံးအမ အတွေးအမြင်တစ်ရပ်ကို ကျွန်ုပ်ဆင်ခြင်မိလေ၏။

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးသည်ကား ကမ္ဘာ့မိသားစုအဖွဲ့ကြီး၏ အဖွဲ့ဝင် ၁၉၃ နိုင်ငံတို့မှ ကိုယ်စားလှယ်တော်ကြီးများတွေ့ဆုံကြပြီးလျှင် နိုင်ငံတကာပြဿနာရပ်များကို သုံးသပ်စောဂြောရန် အခွင့်ပေးသည့် စင်မြင့်ကြီးဟု ဆိုအပ်သည်သာတည်း။

ကမ္ဘာ့အရေး အမေးပုစ္ဆာ

ကမ္ဘာ့အရေး အမေးပုစ္ဆာများအတွက် အဖြေရရှိရန်ကား ဆွေးနွေးတိုင်ပင်နှီးနှောခြင်းသည်သာတည်း။

ညီလာခံကြီး၌ ဆွေးနွေးအပ်ရာ ပုစ္ဆာများသည်ကား များ၏။ ယင်းပုစ္ဆာများကို အဖြေထုတ်ခြင်းဌာ လုံ့လပြုခြင်းလည်းရှိအပ်၏။ ဖြစ်ပေါ်နေသော ပြဿနာရပ်များ ပိုမိုဆိုးရွားလာခြင်းမဖြစ်စိမ့်သောဌာ လုံ့လပြုခြင်းလည်းရှိအပ်သည်သာတည်း။

တစ်ခဲနက်ချမှတ်ကုန်ရာသော မူဝါဒများ ထွက်ပေါ်လာရေးအတွက် နိုင်ငံတကာမှ ကိုယ်စားလှယ်တော်ကြီးများ အသို့ဆွေးနွေးကြအံ့နည်းဟု ကျွန်ုပ်စိတ်ဝယ်ကပ်ငြိမိ၏။ ကမ္ဘာတစ်လွှား အလုံးစုံအနှံ့ဖြစ်ပေါ်နေသော ပုစ္ဆာများကို ပရိသတ်နှင့်တကွ စုဝေးကာ ညီညာဖျဖျ မည်မည်ရရ ဆွေးနွေးငြင်းခုံကြခြင်းသည်ကား ကျွန်ုပ်တို့ မျှော်မှန်းသော ဒီမိုကရေစီဘဝအတွက် စံနမူနာ ပြရာလည်းရောက်၏။

ကုလသမဂ္ဂ ပဋ္ဌာဉ်စာတမ်းကြီး၏ အခြေခံမူများနှင့် အညီ နိုင်ငံတကာ ပြဿနာရပ်များကို ဆွေးနွေးကြ၊ နိုင်ငံတကာဥပဒေ၏ အခြေခံမူများနှင့်အညီ စံနှုန်းများကို မြှင့်တင်ကြနှင့်ရှိကြမည့် ပွဲကြီးသဘင်တွင် မည်ကဲ့သို့ ဇာတ်ပေါင်းကြမည်နည်းဟူ၍လည်း ကျွန်ုပ်တွေးတောမိရာသည်။

စုဝေးနီးနော သောသောညည်

အထွေထွေညီလာခံကြီးကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပေရာ မျက်မှောက်ရေးရာများကို ကမ္ဘာနှင့်ချီကာ စုဝေးနီးနှောသော ပွဲကြီးသဘင်အဖြစ် ဂုဏ်တင့်၏။

အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ သို့မဟုတ် ဝန်ကြီးများတက်ရောက်ကြသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံးပါဝင်ပြီး တန်းတူအခွင့်အရေးပေးသော ညီလာခံတွင် ကမ္ဘာ့နိုင်ငံကြီးငယ်မရွေး ပါဝင်ဆွေးနွေးခွင့်ရကြခြင်းမှာ ဒီမိုကရေစီကျင့်စဉ်၏ နည်းနာနိသယတစ်ရပ်ဟုလည်း ကျွန်ုပ်တွေးမိသည်။ အထွေထွေညီလာခံ၏ ပုံမှန်အစည်းအဝေးများကို နှစ်စဉ်စက်တင်ဘာလ တတိယပတ်အင်္ဂါနေ့မှ စတင်ကာ ဒီဇင်ဘာလလယ်အထိ ကျင်းပသည်။ သို့သော် အထူးအစည်းအဝေးများကို လိုအပ်သလို ကျင်းပခွင့်ရှိလေသည်။

လုံခြုံရေးကောင်စီ တောင်းဆိုချက်နှင့် အဖွဲ့ဝင်နိုင်ငံအများစု၏ တောင်းဆိုချက်တို့အရ အရေးပေါ်အစည်းအဝေးကို ၂၄ နာရီအတွင်း ကျင်းပနိုင်လေသည်။

အထွေထွေညီလာခံသည် ကုလသမဂ္ဂ ပဋ္ဌာဉ်စာတမ်း၏ မူဘောင်အတွင်း အကျိုးဝင်သည့် အရေးအရာမှန်သမျှကို ဆွေးနွေးပိုင်ခွင့်ရှိပြီးလျှင် ထောက်ခံပိုင်ခွင့်လည်းရှိသည်။

အထွေထွေညီလာခံအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကိုမျှ အရေးယူဆောင်ရွက်ပေးရန် ညွှန်ကြားပိုင်ခွင့် မရှိသော်လည်း အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များသည် တစ်ကမ္ဘာလုံး၏ အမြင်နှင့် ဆန္ဒသဘောထားကို ဖော်ကျူးနေပေရာ တည်ကြည်လေးနက်လှသည့် ဆုံးဖြတ်ချက်များဖြစ်ကုန်၏။

အထွေထွေညီလာခံတွင် လက်နက်ထိန်းချုပ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စများတွင်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများကို ထိပါးလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စဉ်းစားရန်၊ အကြံပေးရန်စသည့် လုပ်ပိုင်ခွင့်များရှိလေသည်။

အထူးအားဖြင့် အထွေထွေညီလာခံကြီးသည် အပြည်ပြည်ဆိုင်ရာ တရားရုံးအတွက် တရားသူကြီးများ ရွေးချယ်တင်မြှောက်ရေး၊ လုံခြုံရေးကောင်စီ၏ အကြံပြုချက်ဖြင့် အတွင်းရေးမှူးချုပ် ရွေးချယ်ရေးစသည့် လုပ်ငန်းများကိုလည်း ဖော်ဆောင်ရလေသည်။

ငြိမ်းချမ်းရေးအတွက် လွန်စွာအရေးကြီးလှသည့် ပြဿနာရပ်များကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များ တညီတညွတ်တည်း သဘောတူညီချက်မရပါက အထွေထွေညီလာခံက အရေးယူဆောင်ရွက်နိုင်ခွင့်ရှိခြင်းမှာ အထူးအရေးပါသော လုပ်ပိုင်ခွင့်ဟု ကျွန်ုပ်မှတ်သားရလေသည်။

ကုလသမဂ္ဂ ပဋ္ဌာဉ်စာတမ်း၏ ဘောင်အတွင်း မည်သည့်အကြောင်းခြင်းရာ ကိစ္စကိုမဆို ဆွေးနွေးခွင့်ရှိပေရာ ကမ္ဘာအရပ်ရပ်မှ ကိုယ်စားလှယ်တော်ကြီးများ အားတူအင်မျှဆွေးနွေးကြလေ့ရှိပေသည်။

အထွေညီလာခံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများအား ရွေးချယ်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ အဖွဲ့ဝင်များအား ရွေးချယ်ခြင်း၊ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို ခန့်အပ်ခြင်းတို့ ပြုလုပ်နိုင်သော အခွင့်အာဏာများ ရှိပြီးလျှင် ကုလသမဂ္ဂ၏ ဘတ်ဂျက်ငွေစာရင်းတွင်လည်း ဆွေးနွေးအတည်ပြုပေးသည်။

သာတူညီမျှ ကျားနှင့် မ

၇၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသည် အတွင်းရေးမှူးချုပ် ဘန်ကီမွန်းအတွက် ၎င်း၏ ရာထူးသက်တမ်းအတွင်း နောက်ဆုံးအကြိမ် ကျင်းပသည့် အထွေထွေညီလာခံဖြစ်ပေသည်။

ငါးနှစ်သက်တမ်းရှိ ကုလသမဂ္ဂအကြီးအကဲ ရာထူးကို ဒုတိယအကြိမ် တာဝန်ယူထားသူ ဘန်ကီမွန်း၏ ရာထူးသက်တမ်းမှာ ယခုနှစ် နှစ်ကုန်တွင် ပြီးဆုံးပေလိမ့်မည်။

ကျား-မ သာတူညီမျှမှုကို အလေးပေးသူ ဘန်ကီမွန်းသည် ကုလသမဂ္ဂ၌ တာဝန်ထမ်းဆောင်နေချိန် ကာလအတွင်း ကုလသမဂ္ဂ၏ အထက်တန်း စီမံခန့်ခွဲရေးမျှူးများ အဖြစ် အမျိုးသမီးများတာဝန်ထမ်းဆောင်ခွင့် ၄၀ ရာခိုင်နှုန်းကျော် ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယနေ့အချိန်အခါသည် ကုလသမဂ္ဂအဖွဲ့ကြီးကို အမျိုးသမီးတစ်ဦးက ဦးဆောင်သင့်သည့် အချိန်ကာလဖြစ်သည်ဟု ဘန်ကီမွန်းက ထောက်ခံပြောဆိုခဲ့သည်။ လောလောဆယ်တွင် ဘန်ကီမွန်း၏ ရာထူးနေရာကို ဆက်ခံနိုင်ရန် ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ် ၁၀ ဦးအနက် ငါးဦးမှာ အမျိုးသမီးများဖြစ်ကြရာ လာမည့် အတွင်းရေးမှူးချုပ်မှာ အမျိုးသမီးတစ်ဦးဖြစ်ကောင်းဖြစ်လာနိုင်ပေလိမ့်မည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ကမ္ဘာက အလေးပေး

ယခုနှစ်၏ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ လက်တွဲကြိုးပမ်းကြရန် အကျယ်တဝင့် ဆွေးနွေးကြမည်ဟု ကျွန်ုပ်သိရလေသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ထိပ်သီးညီလာခံ၌ ကမ္ဘာ့ခေါင်းဆောင်များက ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အစီအစဉ်ကို အတည်ပြုချမှတ်ခဲ့ကြရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက် ၁၇ ရပ် ပါရှိလေသည်။

ဆင်းရဲမွဲတေမှုနှင့် ဆာလောင်မွတ်သိပ်မှု အဆုံးသတ်ရေး၊ ကျန်းမာရေးနှင့် ပညာရေး မြင့်မားတိုးတက်ရေး၊ မြို့ကြီးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ မတရားမှုများ ကင်းဝေးပျောက်ရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရေး၊ ပင်လယ်သမုဒ္ဒရာများနှင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကို ရည်မှန်းချက်များအဖြစ် ချမှတ်ထားလေသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းက အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့ဝင်များအနေဖြင့် ရည်မှန်းချက်များကို မူဝါဒအဖြစ်သို့ ပြောင်းလဲနိုင်ရေး ဆွေးနွေးကြပေမည်။

ဒုက္ခသည်များအရေး ထိပ်တန်းဦးစားပေး

ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများနှင့် ဒုက္ခသည်များ အရေးဆိုင်ရာ အဆင့်မြင့် ပုဂ္ဂိုလ်အဆင့် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီးလျှင် စက်တင်ဘာ ၂၀ တွင် ဒုက္ခသည်များဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ကြမည်ဟု ကျွန်ုပ်လေ့လာသိရှိရ၏။

ရွှေ့ပြောင်းအခြေစိုက်သူများနှင့် ဒုက္ခသည်များဆိုင်ရာ ပြဿနာသည်ကား ကမ္ဘာကြီးကို ဖိစီးနေသော ပြဿနာများတွင် ရှေ့ဆုံးမှ ရှိနေသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့တစ်လွှား ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများနှင့် ဒုက္ခသည်ဦးရေ ၂၄၄ သန်းအထိ ရောက်ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်က ရှိခဲ့သည့် ဦးရေနှင့် နှိုင်းယှဉ်ပါက ၄၁ ရာခိုင်နှုန်း ပိုတိုးလာခြင်းဖြစ်သည်။

ဒုက္ခသည်ပြဿနာကို ပိုင်းခြားလေ့လာပါလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာများဖြင့် ရေကြော၊ မြေကြောလိုက်နေသည့် ပြဿနာအဖြစ် ရှုမြင်ရ၏။ ယင်းပြဿနာကို လူ့အခွင့်အရေး စံနှုန်းများနှင့် ဆက်စပ်တွေးဆလျှင် ပိုမိုကျယ်ပြန့် နက်ရှိုင်းနေသည်ဟု ထင်ရှားလှ၏။ တစ်နိုင်ငံတည်းက ဖြေရှင်းနိုင်သည့် ပြဿနာမဟုတ်မူ၍ နိုင်ငံတကာက ပိုင်းဝန်းဖြေရှင်းရမည့် အနေအထားတွင်လည်း ရှိနေ၏။

ယနေ့ကာလသည် ဒုက္ခသည်အရေးအတွက် ကမ္ဘာ့နိုင်ငံများက အာမဝန္ဓာခံကာ ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်သည်ဟု ကျွမ်းကျင်သူ ပညာရှင်များက ယူဆကြသည်။ ရန်ပုံငွေများ တိုးမြှင့်ထောက်ပံ့ပေးရေး၊ ဒုက္ခသည်များကို ပိုမိုလက်ခံရေး၊ လူ့အသိုက်အဝန်းတွင် မိမိခြေထောက်ပေါ် မိမိ ရပ်တည်နိုင်ရေးအတွက် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးတို့ ရှိရပေလိမ့်မည်။

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက် အာဏာသက်ဝင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးကြရန်လည်း စီစဉ်ထားပေသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂမူဘောင် သဘောတူညီချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သော်လည်း နိုင်ငံများအားလုံးက အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ယခုနှစ်ကုန်မတိုင်မီ ယင်းသဘောတူညီချက်ကို အတည်ပြုခြင်း သို့မဟုတ် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးရန် လုပ်သိရှင်းကြား ကတိကဝတ်ပြုခြင်းတို့ ပြုလုပ်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းဆော်သြလျက်ရှိလေသည်။

ကမ္ဘာပေါ်တွင် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုကို အများဆုံး ပြုလုပ်နေကြသော တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့က ယင်းသဘောတူညီချက်ကို တရားဝင်အတည်ပြုရန် စီစဉ်လျက်ရှိသည်ဟု မကြာမီက ထုတ်ပြန်ကြေညာခဲ့ကြရာ ကမ္ဘာ့ရာသီဥတု ကောင်းမွန်ရေးအတွက် အားတက်စရာဖြစ်ရလေသည်။

အချေအတင် ဆွေးနွေးပွဲကြီး

စက်တင်ဘာ ၂၀ ရက်တွင် အထွေထွေညီလာခံ အချေအတင်ဆွေးနွေးပွဲကြီးသို့ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်ကာ ကမ္ဘာ့ရေးရာများနှင့် နိုင်ငံအလိုက် ဦးစားပေး မူဝါဒများနှင့်ပတ်သက်၍ အလေးအနက် ဆွေးနွေးကြပေမည်။

ယခုနှစ် အထွေထွေညီလာခံကြီးတွင် ကမ္ဘာ့တစ်ဝန်း၌ ဖြစ်ပေါ်နေသော ပြဿနာများကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်တော်ကြီးများက စုပေါင်းဆွေးနွေးကာ ဝိုင်းဝန်း အဖြေရှာကြမည်ဖြစ်သည်။ ဆွေးနွေး ဖြေရှင်းသော နည်းလမ်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဟု တွေးတောမိရင်း "ကမ္ဘာ့အရေး အမေးပုစ္ဆာ ဆွေးနွေးဖြေရှင်း ထင်လင်းစေရာ" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။

အထူးကျေးဇူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံ၏ နံပါတ်တစ်လူသုံးအများဆုံး အိမ်ခြံမြေရောင်းဝယ်ဌား ဝဘ်ဆိုဒ် ဖြစ်သော iMyanmarHouse.com မှ ကြီးမှူးကျ Golden City မှ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နှင့် ၁၁ ရက်နေ့ များတွင် GOLDEN CITY Show Gallery ၌ အထူးအိမ်ရာ အရောင်းပြပွဲကြီး ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပွဲတွင် Golden City မှ အောက်တိုဘာလတွင် ဆောက်လုပ်ပြီးစီးမည့် ကွန်ဒို အခန်းများကို အထူးဈေးနှုန်းများ၊ အထူးငွေချေစနစ် များဖြင့် ရောင်းချခဲ့ရာ တန်ဖိုးငွေ စုစုပေါင်း (၆) ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၅ သန်း) ကျော် တန်ဖိုးရှိသော အခန်းများကို ရောင်းချပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပွဲသို့လာရောက်အားပေးကြသော မိဘပြည်သူအပေါင်းနှင့် iMyanmarHouse.com အား ပွဲစီစဉ်နိုင်ရန် ယုံကြည်စိတ်ချစွာ အပ်နှံခဲ့သော Golden City ကို အထူးကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

iMyanmarHouse.com (အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း)

မြန်မာနိုင်ငံ၏ နံပါတ်တစ်လူသုံးအများဆုံး အိမ်ခြံမြေရောင်းဝယ်ဌားဝဘ်ဆိုဒ်

အာရှနဂါး
မြေတိ/ကျွန်းထိုးမိုး
ရောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အထက(နမ္မတီး) ဒသမတန်း(F)မှ မရာဒေါ်၏ ဖခင်အမည်မှန်မှာ ဦးရမ်မလာလ[၁/မကတ(နိုင်)၀၂၀၇၇၁] ဖြစ်ပါသည်။

သန်းဌေးနှင့်ရောင်းရင်းများ ၄ သီတင်းကျွတ်ဘုရားခုံရှိ:

၀ အင်းလေးဖောင်တော်ဦးကွဲ၊ တောင်ကြီး။ ပင်းတယ၊ ကုန်လုံ၊ ထပ်မံစမ်းလိုက်ဂူ၊ မြေတော်ကဂွာ(၄)ရက် ၀ ရွှေ့ခင်ကော် ပါ(၆)ရက်။ Oct 14, 21, 28 ထုတ်မည်။ ၀ ပုဂံ၊ ပုဖွား။(ဖွယ်တော်လေးဆု)၊ ပြည်ငမြည်(၄)ရက်။ ၀ မန္တလေး၊ ပုံရွာ၊ ပြင်ဦးလွင်(၄)ရက်။ အား၊ လုံး၊ ပါ(၇/၁၀)ရက်။ ၀ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်တမ်း၊ ခြေ(၆)ရက်။ ၀ ရုနိုင်၊ ငြောက်ဦး။ ကျောက်တော်၊ စစ်တွေ၊ ပေလီ(၆)ရက်။ ကျွန်းထိုးရိုး ရောင်းသာ ၀ မော်လမြိုင်၊ ကျိုက္ကဆီ၊ ဂေါ်ဝီ၊ (ကျွန်းထိုးရိုး)(၂/၃)ရက်။ ၀ ဝလွန်း၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်...(ဝန္ဒေ/ပြန်)...(ဝဒေ/တနင်္ဂနွေ)

အမှတ်(၄၂၄)ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

ဒေါ်လားရှိုး
ရန်ကုန် — လားရှိုး
အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး
ရန်ကုန်ပြည်တွင် လာရှိပြီးချိန်တွင် ရန်ကုန်တွင် လက်မှတ်များလွယ်ကူစွာ ဝယ်ယူနိုင်ရာရောက် (အရေး) ပို့ဆောင်ပေးပါသည်။

ရန်ကုန်၊ M/Gအရန်း (၁၀)၊	09 73146467, 09 73146468, 09 73146469,
အောင်မင်္ဂလာကားဝင်း	09 977908554, 09 977908557.
အောင်ထန်းကွင်း	09 73227730, 73227738, 09 977908558.
လားရှိုးမန်ဆူကားဝင်း	082 30770, 09 977908550.
နားမဝေါကားဝင်း	082 28133, 09 977988551.

MIN MAHAR LAWKA Travels & Tours
ဘားအံ-မြဝတီ-မဲဆောက် (၃ရက်-၁ရိုးစဉ်)
(နေ့ချင်းပြန် ခရီးစဉ်များ)
Ph : 09 5 111 387
09 965 111 387
09 790 63 83 63
Hotel Booking Service

Soya R
အစ္စီးမှုန့်အစားထိုး သဘာဝဟင်းစတ်မှုန့်
ကျွန်းမာရေးအထောက်အကူပြု "ပဲပိစပ်" ဖြင့် (သက်သတ်လွတ်) စီမံထုတ်လုပ်ပြီး တာရှည်ခံစေတုပစ္စည်းနှင့် အစ္စီးမှုန့်, "လုံးဝ" မပါဝင်ပါ။
စားသောက်ကုန်ဖွင့်ပြုချက်အမှတ် -အစဝ၂ (၁၈၀၀၀)
Ph: 09-420316407, 09-400023226, 09-43114485

ဖခင်အမည်မှန်

ပုလဲမြို့နယ်၊ အထက၊ ချင်ပြစ်၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသင်းမာစိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းကို [၅/ပလန(နိုင်)၀၉၂၈၂၂] ဖြစ်ပါကြောင်း။

ဦးတင်ဝင်းကို

သင်္ဘောသားရေး အတွေ့အကြုံ ထဲကြည့်ပြီး အားထားရာ STUDY ABROAD Information Centre

SIM GLOBAL EDUCATION

A Singapore education is a step towards Global Recognition

Gain a Global Edge at **Singapore Institute of Management (SIM)** with our reputable partner universities

Top 3 Best Private Institute for 8 Consecutive Years at AsiaOne People's Choice Awards (2008/2009 – 2016)

Join us at our Info Seminar to find out more now!

Yangon
Date : 24 Sept 2016, Saturday
Time : 10 am - 12 pm
Venue : Park Royal Hotel, Padanmya Room 3

Mandalay
Date : 25 Sept 2016, Sunday
Time : 10 am - 12 pm
Venue : Sedona Hotel, Amarapura Ballroom

Su Myat Moe Helen
SIM GE Scholar
BSc (Business Administration)
University at Buffalo (SUNY), US

STUDY ABROAD Information Centre
Diamond Condo Tower B, Room 1502, Floor 15, Pyay Road, (Near Myint-Tar-Oo Clinic) Kamaryut Township, Yangon
+9595151008, +95973242404

THE GLOBAL EDGE | ABILITY | ADAPTABILITY | EMPLOYABILITY

simge.edu.sg

trust

K&H TRAVELS

8 October 2016 ထွက်ခွာမည့်ခရီး	
Bangkok - Pattaya	(4Day/3Night)
8 October 2016 ထွက်ခွာမည့်ခရီးစဉ်များ	
Bangkok - Hua Hin	(4Day/3Night)
Buddha Gaya	(8Day/7Night)
Hochimin - Dalat	(5Day/4Night)
Siem Reap	(5Day/4Night)
11 October 2016 ထွက်ခွာမည့်ခရီး	
Korea Package	(7Day/7Night)
13 October 2016 ထွက်ခွာမည့်ခရီး	
Hanoi - Halong Bay	(5Day/4Night)
15 October 2016 ထွက်ခွာမည့်ခရီး	
Bangkok - Dream World	(4Day/3Night)

Hot Line - 01 510 338,09 777 620 470

★STAR★
အင်္ဂလိပ်သက်အရေးရှိင်း။
တောင်ရိုးရှိင်း။ မြောက်ရိုးရှိင်း။
ဆိုင်ကမ်းရိုးမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

STRATEGY FIRST

ICM Internationally Recognised Qualifications from **Institute of Commercial Management, UK**

single subject diploma in
Logistics & Supply Chain Management
Lecturer:
Capt. U Aung Khin Myint, Chairman,
Myanmar International Freight Forwarders Association
Every Tuesday – 6:00 to 8:30 pm
Starting Date - 20 September 2016

single subject diploma in
Project Management
Lecturer:
Daw Aye Aye Win,
M.A (Int'l Business Studies) (Sophia),
M. Com, B. Com (Hons) (YIE), Dip in English
Every Thursday – 6:00 to 8:30 pm
Starting Date - 29 September 2016

Program Fees – 420,000 kyats + 105 USD for exam & reg

CALL NOW: (09) 250 7171 66 ~ 68

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon. သတင်းပြန်-ဆေးဝါးအရောင်း ဗီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ဂုဏ်ဆိုင်ရာ ဝန်ဆောင်မှုများကို လုပ်ဆောင်မှုမပေးပါ။

ကြော်ငြာ

(၇၀)နှစ်ပြည့်မွေးနေ့မင်္ဂလာ
ဦးမြင့်တင်(ခ)ဦးဝိုးထောင်
(ဦးဝိုးထောင်၊ ကိုဘွန်ချွန် သတင်းစာ၊ ဂျာနယ် ဖြန့်ချိပို့ဆောင်ရေးလုပ်ငန်းစု)

ချစ်သောဖေဖေရဲ့ **၁၈-၉-၂၀၁၆**ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ချစ်သောမိသားစုနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ အနာဂတ် ခရီးလမ်း လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး	- ဒေါ်လေးမိ(ခ)တန်လေဘီ
ချစ်သမီးကြီး	- မဝင်းသီရိတင်(ခ)သင်သင်း
ချစ်သမီးလတ်	- မထွန်းပပတင်(ခ)ကျူကျူ
ချစ်သမီးငယ်	- မဝင်းစန္ဒာတင်(ခ)စွမ်စွမ်
ချစ်သားကြီး	- ကိုမျိုးမောင်မောင်တင်(ခ)ဘွန်ချွန်- မကေခိုင်ခိုင်လင်း
ချစ်သားငယ်	- ကိုဖြိုးမောင်မောင်တင်(ခ)ဘွန်ဟော့
ချစ်မဝတ့ဲ တစ်ဦးတည်းသောမြေးမလေး	- မအိမ့်ကြယ်စင်(ခ)အိန်အိန်း

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

HIJET/CARRY MINI TRUCK 2006-07-08 4WD/2WD MT PS AC ပဲခူး/မန်းလိုင်စင် စတိအမှတ် (လူအမည်ပေါက်) IN STOCK 5စီးမှ 10စီး အမြဲရှိပါသည်။ (73/83သိန်း)

စုံစမ်းရန်-০৯৭৯২১၂၈၂၀၆
ရန်ကုန်/တောင်ဥက္ကလာ

ကွန်ကရစ် အုတ်ခဲ၊ ရိုက်စက်
ဒေတာမီဒီယာအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(ပဲခူး)အင်းလေး(၁)လမ်းရုံ(၂)တောင်ဒုံ။

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြတ်ဇောခီ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့

"ခန်းဆောင်မှုခေတောင်းခေတောင်းစရာနေ့နှင်းဆီပွင့်အထူးခရီးစဉ်"

၈ ရက်ခရီး - ဧပြီလ်း - သံဝေဇနီယ(၄) ဌာန၊ အဝီဇတီတ(၃) ဌာန(အိန္ဒိယ - နီပေါ)
၁၂ ရက်ခရီး - ဧ . ၅သီလ်း - သံဝေဇနီယ(၄) ဌာန၊ အဝီဇတီတ(၄) ဌာန၊ (သက်သာနဝိုရ်)၊ ဘုရားဌာနအားလုံး ၊ (အိန္ဒိယ-နီပေါ) (အထူးခရီးစဉ်)
၁၅ ရက်ခရီး - ၁၀ . ၅သီလ်း - သံဝေဇနီယ(၄) ဌာန၊ အဝီဇတီတ(၄) ဌာန၊ ဝဝါမြစ်၊ အာဝရာ(တဝိုဘုပ်မဟာ)၊နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)

၁၅ ရက် - (Oct-15,Nov-12,Dec-10,Jan-21, Feb-4,18), (Mar-4,18), (April-8 ...)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မြတ်အိန္ဒြေ၏ မြတ်မိခင် **"အစ်မ ဒေါ်ကေခိုင်ရွှေ"** (မန်နေဂျင်းဒါရိုက်တာ)၏ **၁၈-၉-၂၀၁၆**ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာသက်ရှည်၍ ချစ်သောမိသားစု၊ ချစ်သောတပည့်များနှင့်အတူ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်၍ မြတ်အိန္ဒြေ ကုမ္ပဏီအား အောင်မြင်သောလုပ်ငန်းကြီးအဖြစ် နှစ်ပေါင်းများစွာ ဦးဆောင်မှုပြုနိုင်ပါစေဟု တောင်းဆုပြုလျက်---

ချစ်တပည့်များ
မြတ်အိန္ဒြေ Group of Companies

ရွှေကောင်းတင် အဆင့်မြင့် ခန်းဆီး ၊ လိုက်ကာ

ဒီဇိုင် ဒီဇိုင် သယ်
တန်ဆိုက် ၊ တင်ဘော် ၊ ချင်စ ဘေဒို
★ နယ်အော်ဒါလက်ခံသည်။ ★
အမှတ်(၁ ၅)၊ ထိုးနိုပ်(၉)လမ်းနှင့်သံသုမာလမ်းဆောင်ပြင်သာလိုင်ထင်ရဲ့အဝင်ပေါ်သယံနီးကျွန်းမြို့နယ်၊ရန်ကုန်မြို့။
09-43168269, 09-43113342,09-451111717

AA ပကဋ္ဌေတင်းသင်တန်း

ဘဏ္ဍယ်တရားကားသင်တန်းလိုလျှင် ဟင်္သာ(၁)ရုံတော်ဘဏ္ဍာအပြိုင်ပေါ်ရှိ ဦးမောရကိုယင်းပေးသည်။
09-43156380,09-73031472

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

- စမ်းချောင်းမြို့နယ်၊ ဌက်ပျောတောလမ်း၊ ကျွန်းတောလမ်းမအနီး၊
- ပေ(၁၂၅×၅၀)၊ မြေညီ(ထပ်ခိုးနှံ)ပါ ပြင်ဆင်ပြီး မြေညီ(၂)ထပ်၊
- အပေါ်ထပ်၊ MBR(1),BR(1),A/C(2), ရေပူရေအေး၊ လျှာထိုးပြည့်၊
- အောက်ထပ်(Hall)၊ ကြွေပြားပြည့်၊ ကားထားရ။ **ကျပ်သိန်း(၉၂၀)**

ပိုင်ရှင် ဖုန်း-09-774851363, 09-5185350

ဝါနဂါးကိုးကောင် စိန်ရွှေရတနာဆိုင်

ဖိုးဇလိ **ကံဝမ်းရန်မရှိ**

Special Promotion

"ရွှေဝယ်လျှင် ရွှေလက်ဆောင်"

ရမည့်အခွင့်အရေး
၂၇-၈-၂၀၁۶ မှ ၅-၁۰-၂၀۱۶ အထိ

ဆိုင် (၁) - အမှတ် (၅၀၅)၊ မဟာဗန္ဓုလလမ်း (ရွှေဘုံဘာလမ်းထိပ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၅၃၃၂၂၊ ၀၁-၃၀၅၂၀၄၇။

ဆိုင် (၂) - အမှတ် (၁၈)၊ Junction Square (အမြင့်စက်တန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၀၄၃၃၄၊ ၀၁-၂၂၀၄၃၄၅

Keen Cie Health Care Services 09-73076404 / 09-783934551

သင့်တော်သောနေ့ထောင်ခြင့် အရည်အသွေးမီ ပြုစုမှုပေးခြင်း
အိမ်တိုင်ရာရောက်သူနာပြုများခန့်ထောင်မှုလုပ်ငန်း
(ဆုံးဖြတ်အထောက်အထား)
အခန်း(၅)ခု(၁၂)ရုံလိုတွန်ကို "စီ" ဆောင်းတွဲဘေးသုတရားလမ်း၊ဝဟန်ပြိုမြို့လယ်။

ပထမဦးဆုံး ဦးထွန်းဦး-ခေါ်ဝင်းမာ T.V (ရန်ကုန်)

ကားစမောင်း--စက်ပြင်သင်တန်း
ဦးဆောင်ကျောင်းသား-ကျောင်းသူ ... ကားတပ်ဆင်ခြင်း
ဆိပ်ကြီး- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ခေတ်- 09-260111942, 09420066955
09-440051112, 09-44051113

ပြည်တွင်းဘုရားဖူးလုပ်ငန်းလုပ်ကိုင်သူများအားလုံးသိစေရန်

ပြည်တွင်းဘုရားဖူးလုပ်ငန်း လုပ်ကိုင်သူများ၊ Rental များ၊ Facebook နှင့် သတင်းစာများတွင် ကြော်ငြာ၍ လုပ်ကိုင်သူများ၊ အခြားနည်းဖြင့် ဘုရားဖူးခရီးထွက်သူများ သိရှိစေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၄၅ ယောက်စီးယာဉ်များ၏ ဝင်/ထွက် ခွင့်ပြုချက်ကို သိရှိနိုင်ရန် စက်တင်ဘာလ စတုတ္ထပတ်တွင် အစည်းအဝေး ပြုလုပ်မည်ဖြစ်ပါသည်။ သိရှိလိုသည်များကို အသင်းရုံးတွင် စုံစမ်းနိုင်ပါသည်။ Ph: 09 5004786, 09 43125181, 09 5066657

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း

Super Cool

Air Con ရေခဲသေတ္တာ၊အစတ်ရေချိုစက် တပ်ဆင်၊ ပြုပြင်ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)

(၁) ပ/ဒဂုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာဓေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) ပ/ဥတ္တရာမြို့နယ် -09-450013581, 09-49316140
(၆) ပန္တလေး -09-49252181, 09444042912
(၇) မရမ်းကုန်းမြို့နယ်၊ အထက်တိုလမ်း - 09-5079115,09 73066696
(၈) လှိုင်မြို့နယ်၊ အင်းစိန်လမ်း - 09-256223396, 09-47054581

Hot Line : 01-706356

ဖုတ်ချက် – Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမူရင်းရေးအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။

STANDARD

နည်းပညာသစ်နဲ့ သဘာဝ သစ်လွှာကြမ်းခင်း Wooden Floor

သစ်သားစစ်စစ် မျက်နှာပြင်အတိုင်း ဖွဲ့စည်းပုံရှိခြင်း၊ကြာရှိပ်မှုရှိခြင်း
SAVE MONEY ကျွန်း အစစ်ပါကေးထက် ပိုမို သက်သာတဲ့ ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခြင်း

Buy FLOOR 3 ကျော်

Get FREE Japan Wall Leather 1 ကျော်

* Limited Stock only

HOTLINE 09 4555 444 30
09 4555 444 03

ဝိုးစက်ရောင်းရန်ရှိသည်

ကိုင်းကန်တန်းရောင်းရန်ရှိသည်
200KVA
6CTA 8.3G2
Brand New
Sound Proof Generator
09-5145988

သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်း၊နယ်စေးအိမ်
အပြောင်းအရွှေ့အတွက် စီစဉ်ပေးသည်။
Ph:01-570307, 09-5112729, 09-5126394

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)ကွက်သစ်၊ မြေကွက်အမှတ်(၁၃၇)အမည်ပေါက်ဦးရဲညွှန်၊ မြေကွက်အမှတ်(၉၄၇)အမည်ပေါက်ဦးစိန်ညွှန်၊ မြေကွက်အမှတ်(၆၈၅) အမည်ပေါက် ဦးကျင်သိန်းတို့၏ မြေကွက်များအား ဝယ်ယူပိုင်ဆိုင်သူ ဦးတွန်မြင့်[၁၂/ကတန(နိုင်)၀၅၇၁၀၇၄]ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာနံ့ခွဲ(၂)မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁) ကွက်သစ်၊ မြေကွက်အမှတ်(၁၃၉၅) ၁၃၉(၆) အမည်ပေါက် ဦးမောင်ချစ်၊ မြေကွက်အမှတ်(၉၉၂) အမည်ပေါက် ဒေါ်မြင့်သန်း၊ မြေကွက်အမှတ်(၉၉၃)အမည်ပေါက် ဦးမြင့်အောင်တို့၏ မြေကွက်များအား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းသန်းဌေး[၁၂/ကတန(နိုင်)၀၅၇၁၀၇၃]ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာနံ့ခွဲ(၂)၊ မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဗြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၄၄၂)၊ အမည်ပေါက် ဦးမြင့်သိန်း၊ မြေကွက်အမှတ်(၅၀၀)အမည်ပေါက် ဦးမိုးဇော်၊ မြေကွက်အမှတ်(၅၀၁)အမည်ပေါက်ဦးအုန်းသိန်းတို့၏ မြေကွက်များအား ဝယ်ယူပိုင်ဆိုင်သူ ဦးတိုးမြင့်[၁၂/ကတန(နိုင်)၀၅၇၁၀၇၁]ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာနံ့ခွဲ(၂)၊ မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

စမ်းချောင်းမြို့နယ်၊ မုနှ/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၂)လမ်း၊ အမှတ်(၁၄)ရှိ နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံ၏ ၄-လွှာ(ခြေရင်းခန်း)၊ ပေ(၁၂၅×၅၀) တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင်ပိုင်ဆိုင်သူ ကန်ထရိုက်တာဦးကျော်ကျော်လေး[၁၂/စခန(နိုင်)၀၁၅၁၀၈]ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးဘုန်းမြင့်(ဝါးသိုင်းချောင်း) (LL.B)
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)
ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တိုင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့(ခုံအဖွဲ့ဝင်)
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။
Ph:09-789877799, 09-420710888, 09-420726999

ပြင်းရောက်ထုလိုရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုယ်ခုပမေးအမိန့်- ၅၅ နည်းဥပဒေ- ၂၀)
ရန်ကုန်မြို့နယ်တရားမရုံးတော်၌
၂၀၁၆-ခုနှစ် တရားမကြီးမှုအမှတ်- ၂၇

ဦးမိုးမြင့်
(ဌာနမဏ္ဍိုင်ရဂိုယ်စားလှယ်
ဦးအောင်မောင်မောင်ဖိုး)
ဝေါ

၁။ ဦးစိုးမောင် ... ထရားမြင့်မှာ၊
၂။ ဒေါ်အုံးခင် ... ...

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရေကန်ကုန်းလမ်း၊ အမှတ်(၁၅) နေထိုင်သူ ဒေါ်အုံးခင်(ယခုနေရပ်လိပ်စာမသိသူ) သိရပေသည်။

သင်အပေါ် ၌ တရားရပ် ဦးမိုးမြင့်က ပဋိညာဉ်အတိုင်း အိမ်မပြန်ပြေအား အရောင်းအဝယ်မှတ်တမ်းစာချုပ် ချုပ်ဆိုပေးရေးပြု ငွေဆိုလျှောက်ထားရက် ရှိသည်မှာမို့ သင်ကိုယ်တိုင်ပြုစုပေ သို့တည်မဟုတ်၊ ၎င်းအမှုနှင့် စပ်သည်၊ ဤ အရောင်ကြီးသည့် ဧကအရေပါ်ရပ်တို့ကို ချေပ ပြောဆိုခြင်းသူ သင်ကိုယ်တစ်ယောက် ရုံးတော်အမှုခင်းမိမိရောရှေ့ပြုပြမ ... ...

2017 MAZDA 3

mazda

NEW LOOK AND IMPROVED FEATURES

MYANMAR PLAZA ROADSHOW 22nd TO 25th SEPTEMBER

DISCOUNT UP TO USD 3,000



*15 UNITS ONLY

Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay- No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456,1111,04 , 09 456,1111,05

Made In JAPAN

3 YEARS MAZDA WARRANTY

ခေါင်းကိုက်ခြင်း၊ ကိုယ်ပူမှုန်းနာခြင်း၊ နှာစေးခြင်းတို့အတွက် ..

NEO MIXAGRIP

ပစ်ဆာဂရစ် ၏

ကျွက်ခဲဘဲ

MIXAGRIP Myanmar

ဆေးပါးမှတ်ပုံတင်အမှတ် - R2001AA1988

◆ ကိုယ်လက်မအီမထပြန်ခြင်း ◆ ခေါင်းမူးခြင်း ◆ နှာချေခြင်း ◆ ကိုယ်ပူမှုန်းနာခြင်း
◆ ကြွက်သားများနာကျင်ခြင်း ◆ ခေါင်းကိုက်ခြင်း ◆ နှာစေးအလွင်းအမေ့ရောင်ခြင်း ◆ ချမ်းတုန်ခြင်း
◆ နှာစေးပိတ်ခြင်း

NEO MIXAGRIP

လျှင်မြန်ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

KALBE

ရိပ်သာလုပ်ရန်သင့်တော်သည့်

မြေ(၂)ကွက် သက်သာသည့် ဈေးနှုန်းဖြင့်အမြန်ရောင်းမည်

သန်လျင်၊ ကျောက်တန်း၊ ပါဒကြီးဘုရားအနီး၊ မြေတစ်ဧကခွဲခန့် အကျယ်ရှိသော မြေ(၂)ကွက်။

ဈေးနှုန်း-ရောင်းဈေး-တစ်ကွက် သိန်း (၁၈၀၀)။

ရုံးချိန်အတွင်းဆက်သွယ်ပါရန်-ခြံစောင့် ဖုန်း-၀၉-၂၅၀၂၆၅၆၀၇

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မိုအဆင့်(၁)ကွက်သစ်၊ မြေကွက်အမှတ်(၉၄)၊ အမည်ပေါက် ဦးအောင်မင်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်အေးမော်[၁၂]/ကတန(နိုင်)၀၀၃၁၃] ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

air , m½kd(2)air , mXmec
mtyE8h cdkmzkbtcl&;0[p[20me

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)ကွက်သစ်၊ မြေကွက်အမှတ်(၅၄)၊ အမည်ပေါက် ဦးလှဝင်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းမြင့် [၁၂]/ကတန(နိုင်)၀၅၇၁၇၄] ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား (မူရင်း)များတင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

air , m½kd(2)air , mXmec
mtyE8h cdkmzkbtcl&;0[p[20me

JEWEL HOTEL Yangon

ဂျူးဝဲလ်ဟိုတယ်

မှ

အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook
Pun Hlaing Siloam Hospitals

အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၁ ၆၈၄ ၃၂၅၅ ၆၈၄ ၃၃၆ (၀၉) ၄၂၁ ၀၄ ၂၆ ၇၉ (၀၉) ၂၅၄ ၉၅၀ ၈ ၁ ၇ / မန္တလေး (၀၉) ၄ ၃ ၂ ၀ ၇ ၇ ၈ ၁

www.punhlaingsiloamhospitals.com

တစ်နာရီ အတွင်း
၅ မိနစ် ထက်ကျော်သွားတဲ့
ဖုန်းပြောချိန်တိုင်းဟာ **အခမဲ့** ပါ။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်



ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။

"၂၀၁۶ ဖေဖော်လ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday

ပရဟိတ ကလေးများဘဝ
ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေးဖေး၊ မိမဲ့ဖမ့်၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ ကျောင်းသူကလေးပေါင်း (၃၁၅)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၆)နှစ်တာ ခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်းကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များ လိုအပ်ခြင်း၊ ကျောင်းသူ မိန်းကလေး အိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၂၅၅၃၄၆၂၄၊ ၀၉-၄၉၃၁၅၃၃၀၊ ၀၉-၇၉၆၆၂၅၃၀

ရွှေဂုံတိုင်ကမ္ဘာဇာတ်အကောင့်နံပါတ်

ဦးဇင်ရီလ(A/C No.007-301-00700708002)

CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လျှောက်ထားနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)

အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၅၃၃၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

မှတ်ချက် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် တစ်မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလျှုံခံစေလွှတ်ထားခြင်းမရှိပါ။

မြောက်ဦးဆရာတော်၏ (၅၈)ကြိမ်မြောက်(ရန်ကုန်)
အထူးအလုပ်ပေး တရားစခန်း

ae&m/ ရတနာမာရ်အောင်တောရမမ္ဗရိပ်သာ၊ နွယ်သာကီလမ်းဥာဏာရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊

w&m;pcef&uf (၁၃၇၈)ခု သီတင်းကျွတ်လဆန်း(၅)ရက်မှ သီတင်းကျွတ်လပြည့်နေ့ထိ ၆-၁၀-၂၀၁၆ မှ ၁၆-၁၀-၂၀၁၆ထိ

pm&if;vufrHhtkuf (၁၃၇၈)ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်၊ ၂၅-၉-၂၀၁၆ရက် နံနက်၉နာရီမှညနေ၃နာရီထိ
(ဦးရောဂါနှင့်သတ်ထားပါသည်။ ဦးရာလူစနစ်ဖြင့်လက်ခံပါမည်။)

rSwfuf တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ (၅၀၀၀)ကျပ်ကိုတစ်ပါတည်း ပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။
(ကျန်းမာရေးမကောင်းသူများကို လက်မခံပါ)

"rSwfqifhtzkef;uk&ef;
zkef;-09-42114320, 09-448032278

ထိုင်းနိုင်ငံ၊ ဝေဌာနီဆေးရုံကြီး၏ အထူးအစီအစဉ်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ နိုင်ငံတကာအဆင့်မီ ဝေဌာနီဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး DR. WANAKAN SINGHASENA သည် ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ပြီး ၂၄-၉-၂၀၁၆ (စနေနေ့)တွင် ဟောပြောဆွေးနွေးပွဲပြုလုပ်ပါမည်။ ယင်းဟောပြောပွဲသို့ သားသမီးရတနာရရှိရန် အခက်အခဲရှိသူများ၊ ဖန်ပြွန်သန္ဓေသားရလိုသူများ၊ သား(သို့) သမီးရွေးချယ်လိုသူများ၊ သားသမီးအမြွာရရှိလိုသူများမှ လာရောက်၍ **"အခမဲ့"** တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ကြိုတင်စာရင်းပေးနိုင်ပါသည်။

ZAW MAUNG MEDICAL SERVICES
09 73191864, 09 421081127, 09 5154047
(နံနက် ၁၀း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း ဆက်သွယ်ပါရန်)

ရွှေမန်းတောင် အမှတ်တံဆိပ် အစာကြွေဆေးပြား
TMR000063(0715)

ရွှေမန်းတောင် အမှတ်တံဆိပ် သွေးတိုးကျဆေးပြား
TMR012467(1116)

ကျေးဇူးအထူးတင်ရှိခြင်း နှင့် ဝမ်းမြောက်ဂုဏ်ယူအသိပေးကြေညာခြင်း

Laos နိုင်ငံ Vientiane မြို့တွင် စက်တင်ဘာ(၅)ရက်နေ့၌ ကျင်းပသည့်
ASEAN BUSINESS AWARDS 2016 @
CLMV SME EXCELLENCE WINNER AWARDS ၏
INNOVATION CATEGORY
ထူးချွန်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် သတင်းစာ၊ တယ်လီဖုန်း၊ E-mail ၊ Facebook၊ Viber ၊ WhatsApp ၊ Messenger များမှတစ်ဆင့် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းစကားများပြောကြားပေးသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ မိသားစုဝင်များ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ (၂၃)နှစ်တိုင်တိုင် အခက်အခဲများကို အတူတကွရုန်းကန်လှုပ်ရှားရင်ဆိုင်ကျော်ဖြတ်၍ ပိုင်းဝန်းလုပ်ကိုင်ကြသောဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ (၂၃)နှစ်တိုင်တိုင် ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ **Forever Gems by** ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ **Jewel Collection Manufacturing Co.,Ltd** တို့ကို တစ်စိုက်မတ်မတ် ဝယ်ယူအားပေးပံ့ပိုးကူညီကြသော ရတနာချစ်သူမိဘပြည်သူများအားလုံးကို အထူးပင်လိုက်လိုက်လဲ့လဲ့ ကျေးဇူးအထူးတင်ရှိပါသည်။

ဝယ်ယူအားပေးသူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စိတ်တိုင်းကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အတွက် ကမ္ဘာ့အဆင့် **Forever Gems by** ရွှေနန်းတော် **Online Shopping** ကို ၂၀၁၆ နိုဝင်ဘာလမှစတင်၍ လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ **Junction City Yangon** (ဗိုလ်ချုပ်ဈေးသစ်နေရာ) ၏ ပထမထပ်တွင် ကြီးကျယ်ခမ်းနားစွာ စတင်ဖွင့်လှစ်မည့် မြန်မာ့ရတနာလောကဏ္ဍ၏ အကြီးကျယ်ဆုံး အခမ်းနားဆုံး **Forever Gems by** ရွှေနန်းတော်၏ **Flagship** ရတနာဆိုင်၌ **3D CAD/CAM** နည်းပညာများဖြင့် ဒီဇိုင်းထုတ်လုပ်၍ **Micro-setting , Invisible setting** တို့ဖြင့် ကမ္ဘာ့အဆင့် နောက်ဆုံးပေါ် လက်ဝတ်ရတနာများကို ဂုဏ်ယူဝမ်းမြောက်စွာ စတင်မိတ်ဆက်ရောင်းချပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာဆောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်
သမီးသက်ရတနာကျော်ဝင်း
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co.,Ltd. United GP Development Co.,Ltd @ 68 Residence

ကြော်ငြာ

ဗျာဒီသား ထူးထူးခြားခြားဒါနခရီးစဉ်များ
Ph:09425334456,09493239965,09495782 05

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

MIHARA TRAVELS & TOURS
→ မြဝတီ - မဲဆောက်-ဘားအံ ရထားစဉ်
→ ပုဂံ - ညောင်ဦး - ပဉ္စပါး ရထားစဉ်
အပတ်စဉ်
Ph: 09-49218700, 09-5025400, 09-43124072

ဇမ္ဗူအာလင်း တရားအသံတော်ဖြန့်ချိရေး
(MP 3 စက်၊ USB - MicroStick) တရားအသံတော်များကို သက်သာသောနှုန်းဖြင့်ဆောင်ရွက်ပေးပါသည်။ 01 - 200747 - 1315 , 09 - 73009841
ဆိုင် - L7 - ယုဇနပလာဇာ၊ မြေညီ။ ဝင်ပေါက် (၂၂) အိမ်-၃၅ ကြောင်မျက်ရှင်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။ (ပုလဲလမ်း - မြလမ်း မှတ်တိုင်)

No.303, U Wisara Road, Sanchaung Township, Yangon, Myanmar. Ph : 95 1 500060

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ပြည်မြန်မာ
အိမ်ပြောင်းအိမ်ရွှေ့ /ကားအငှား ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်းနယ်ဝေးသို့ ကားနှင့်လုပ်သားများ စီစဉ်ပေးသည်။
01 511929, 09 963685160, 09 252463094, 09 781269412

တက်နေဝန်း
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြည့်အစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

MAB MOBILE BANK
မိုဘိုင်းဗဟုနိုးထိုက ကျွန်ုပ်ဘဏ်

MAB မိုဘိုင်းဘဏ်ဖြင့် လျှပ်စစ်မီတာဘီလ်များကို
အောက်ပါမြို့နယ်များတွင် လွယ်ကူစွာပေးဆောင်နိုင်ပါပြီ

မြို့နယ်ပေါင်း ၅၀

မီတာဘီလ်များကို လစဉ် ၁၃ ရက်မှ ၂၅ ရက်အတွင်း ပေးဆောင်နိုင်ပါသည်။

မန္တလေးတိုင်း	ရန်ကုန်တိုင်း					ပဲခူးတိုင်း	
အောင်မြေသာဇံ *	သဃန်းကျွန်း *	ဒဂုံမြို့သစ်(မြောက်) *	ရန်ကင်း *	ကမာရွတ် **	လှည်းကူး **	ပဲခူး *	တောင်ငူ *
မဟာအောင်မြေ *	မြောက်ဥက္ကလာပ *	ဒဂုံမြို့သစ်(အရှေ့) *	သန်လျင် *	ဗဟန်း **	တိုက်ကြီး **	ဝေါ *	ရေတာရှည် *
ချမ်းအေးသာဇံ *	တောင်ဥက္ကလာပ *	ဒေါပုံ *	လမ်းမတော် **	ဆိပ်ကမ်းမြို့နယ် **	ထန်းတပင် **	ညောင်လေးပင် *	ကျောက်ကြီး *
တံတားဦး *	တာမွေ *	မရမ်းကုန်း *	လသာ **	မင်္ဂလာဒုံ **	ရွှေပြည်သာ **	ကျောက်တံခါး *	ဖြူး *
ကူမဲ *	မင်္ဂလာတောင်ညွှန့် *	ဒဂုံ *	အလုံ **	မော်ဘီ **		ဒိုက်ဦး *	အုတ်တွင်း *
မြစ်သား *	ပုဇွန်တောင် *	သာကေတ *	ကြည့်မြင်တိုင် **	မြောင်းတကာ **		ရွှေကျင် *	
	ဝိုလ်တထောင် *	ဒဂုံဆိပ်ကမ်း *	စမ်းချောင်း **	ထောက်ကြန့် **		မြန်တန်ဆာ *	

* မြို့နယ်များ - နောက်ဆုံးရက်မနက် ၁၀ နာရီအထိပေးဆောင်နိုင်သည်။
** မြို့နယ်များ - နောက်ဆုံးရက်ထက် (၁)ရက်ကြိုတင် ၅ မနက် ၁၀ နာရီ မတိုင်မီပေးဆောင်နိုင်သည်။

မှတ်ချက်။ ။ မီတာဘီလ်စာရွက်ပေါ်မှ ရည်ညွှန်းနံပါတ်ကို မှန်ကန်စွာရိုက်ထည့်ရပါမည်။

Call Center 01-8610612 for more information
ပြန်မာ့ရေဆောင်ဘဏ်

လွမ်းဆွတ်သတိရကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဦးအေးကျော်(ညောင်ကျိုး)

(ရာဇလင်း ဆေးတက္ကသိုလ်ပညာသင်ဆုအလျှရှင်၊ ပွင့်သစ်စက္ကူဘူးစက်ရုံပိုင်ရှင်)

နှင့်

သားမောင်ရာဇာလင်း

(ပထမနှစ် ဆေးတက္ကသိုလ်-၂ ရန်ကုန်)

ဖေဖေက မေမေနဲ့ ခွဲခွာသွားတာ ဒီနေ့(စက်တင်ဘာ ၁၈)ဆိုရင် (၃)နှစ်ပြည့်ခဲ့ပါပြီ။ ချစ်သားလေးက မေမေနဲ့ခွဲခွာသွားတာ ဒီနေ့ဆိုရင်(၉)နှစ် (၆)လနဲ့ရက်(၂၀)ရှိပါပြီ။ နေ့စဉ်နှင့်အမျှ ထာဝရလွမ်းဆွတ်သတိရ ကြေကွဲလျက်ပါ။ ဖေဖေနဲ့သားလေးတို့အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်လျက်ရှိသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် မြင့်သော၊ မြတ်သော ဘုံဘဝများမှ သာဓုခေါ်နိုင်ပါစေ. . .

ဖေဖေနဲ့ သားသားတို့ရေ အမျှ၊ အမျှ၊ အမျှ

သာဓု. . . သာဓု. . . သာဓု

မေမေ ဒေါ်အေးအေးမြင့်

ရာဇလင်း မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်လွင်

အသက် (၈၈)နှစ်

သူငယ်ချင်း ဒေါက်တာသီတာမြ-ဦးထွန်းစိန်တို့၏ အနန္တကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်လွင်သည် ၁၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃-၈၈ ဆေးတက္ကသိုလ်(၁)မှ

သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဖွားတုတ်(ချောက်)

အသက်(၈၁)နှစ်

United Wood Industries Co.,Ltd. ၏ ဒါရိုက်တာ ဦးကျော်ကျော်-ဒေါ်ဝါဝါခိုင်တို့၏ မိခင်ကြီး ဒေါ်ဖွားတုတ်သည် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

United Wood Industries Co.,Ltd

Moby Dick Tours Co.,Ltd

Smart Designs Co.,Ltd

ကျေးဇူးအထူးတင်ရှိခြင်း

၁၁-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသော တိုက်(ဒီ-၆၂)၊ အေးသာယာလမ်း၊ (FMI)ဝင်းနေ ဦးမောင်မောင်သွင် အသက်(၆၆)နှစ် လက်ထောက်ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏နာရေးတွင် ကွယ်လွန်ပြီးနောက် တရားဓမ္မများ ချီးမြှင့်ပေးတော်မူသော ဆရာတော်ကြီးများ ဈာပနကိစ္စအတွက် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်း ညီအစ်ကိုမောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်များ ဖုန်းဖြင့်အားပေးနှစ်သိမ့်စကား ပြောကြားပေးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ လျှုဖွယ်ပစ္စည်း၊ လွမ်းသူ့ပန်းခြင်း ပေးပို့ကြသော ရပ်နီးရပ်ဝေးမှမိတ်ဆွေများ၊ နာရေးကိစ္စတွင် နေ့ရောညပါ အစစအရာရာကူညီဆောင်ရွက်ပေးကြ သူများ၊ ဈာပနကိစ္စတွင်မြေကျပြီး အရိုးပြာအိုးအား မြစ်ထဲသို့မျှောပြီးသည့်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးကြသူများ၊ F.M.I (CITY)ဓမ္မာရုံမှ ယောဂီမိတ်ဆွေများ၊ ၁၉၇၆-၇၇ Y.I.Tမှ ကျောင်းနေဖက်သူငယ်ချင်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းကြီး/ငယ်များနှင့် အခြား ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ယုတီ(တိုက်ကြီး)

အသက် (၉၄) နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၁၅)နေ ဦးတင်ဦး-ဒေါ်လှမြင့်(ရွှေစင်စိန်ရွှေရတနာရွှေဆိုင်)တို့၏ မိခင်ကြီး ဒေါ်ယုတီ (တိုက်ကြီး) အသက် (၉၄) နှစ်သည် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးထုံရွှေပန်းထိမ်ရွှေဆိုင်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ယုတီ (တိုက်ကြီး)

အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၁၅)နေ **မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ပဟိုအလုပ်အမှူဆောင် ဦးတင်ဦး-**ဒေါ်လှမြင့်(ရွှေစင်စိန်ရွှေရတနာရွှေဆိုင်)တို့၏ မိခင်ကြီး ဒေါ်ယုတီ (တိုက်ကြီး) အသက်(၉၄)နှစ် သည် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း

အလုပ်အမှူဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းသီ(တာပရွာ၊ မအူပင်မြို့)

လ/၄စ၃၄၈၊ မြို့နယ်ရဲတပ်ဖွဲ့.မှူး(ငြိမ်း)၊ လွိုင်လင်

အသက်(၉၃)နှစ်

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) - ပါမောက္ခ ဒေါက်တာဝင်းဝင်းမြ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ Emeritus Professor, UM-1) တို့၏ဖခင် ဦးထွန်းသီသည် ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့

မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းသီ(တာပရွာ၊ မအူပင်မြို့)

လ/၄စ၃၄၈၊ မြို့နယ်ရဲတပ်ဖွဲ့.မှူး(ငြိမ်း)၊ လွိုင်လင်

အသက်(၉၃)နှစ်

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) - ပါမောက္ခ ဒေါက်တာဝင်းဝင်းမြ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ Emeritus Professor, UM-1) တို့၏ဖခင် ဦးထွန်းသီသည် ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်

သားဖွားမီးယပ်အထူးကုဆရာဝန်များ

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအေးကျော် (မအူပင်မြို့)

တိုင်းမြေစာရင်းဦးစီးဌာနမှူး(ငြိမ်း)

အသက်(၆၆)နှစ်

ဒေါ်ဆွေဆွေ၏ ခင်ပွန်း ဦးအေးကျော် အသက်(၆၆)နှစ်(တိုင်းမြေစာရင်းဦးစီးဌာနမှူး(ငြိမ်း)၊ စစ်ကိုင်းတိုင်းဒေသကြီး ဂရိတ်ဝေါလ် စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလိမိတက်၏ အကြံပေးပုဂ္ဂိုလ်)သည် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကုမ္ပဏီဥက္ကဋ္ဌနှင့် တကွ ဒါရိုက်တာအဖွဲ့၊ ဝန်ထမ်းများအားလုံးမှ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းနှမြောတသဖြစ်ရပါသည်။

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်းကုမ္ပဏီမိသားစု

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းတင့် (အငြိမ်းစား)

(အထက-ဖောင်တော်သီ)

အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၄၁)နှင့် ဖောင်တော်သီမြို့၊ ဇေယျာလမ်းနေ ဆရာဦးစံလှထွန်း၏ဇနီး၊ (ဦးခင်စိုး-ဒေါ်သန်းမြင့်)၊ (ဦးအုန်းလွင်-ဒေါ်ဌေးမြင့်)၊ ဦးအောင်မြင့်-ဒေါ်ခင်သန်း၊ (ဦးစံလွင်)၊ ဒေါ်သိန်းရီ၊ ဦးစိုးမြင့်တို့၏ညီမ/အစ်မ၊ ယင်းငြိမ်နေ ဦးဘိုးမောင်-ဒေါ်ဖွားချစ်တို့၏သမီး၊ ဦးကြွက်-ဒေါ်သိန်းရင်တို့၏သမီးချွေးမ၊ မရီရီမွန်၊ မဖြူဖြူထွန်း၊ ကိုမောင်မောင်သွင်-မသီသီထွန်း၊ ကိုကျော်နိုင်-မန္တယ်နွယ်ထွန်း၊ မည်ညည်ထွန်း(Chief Accountant-ပြည်ဖြိုးအောင် ကုမ္ပဏီ လိမိတက်)၊ ကိုသန့်စင်ငြိမ်း-မအေမိထွန်းတို့၏မွေးသမီခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ကိုဇင်မင်းလတ်-မယဉ်မင်းထိုက်တို့၏အဒေါ် ဆရာမဒေါ်အုန်းတင့်သည် ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၀၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၄၁)နေ အိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၂) ဒသမ တန်း(ဂ)မှ မချယ်ရီလွင်၏ဖခင် အမည်မှန်မှာ ဦးဌေးအောင် (ရ/၁၃၉(နိုင်)၀၁၆၅၂၀) ဖြစ်ပါကြောင်း။ **ဦးဌေးအောင်**

ပျောက်ဆုံး

ကျွန်မ ဒေါ်နှင်းဝေဝိုး(၆/မအရ(နိုင်)၀၉၃၁၀၉၇)၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးကြပါရန်။

ဖုန်း-၀၉-၉၆၆၇၃၁၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဘောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၇၇၅)၊ မြေကွက် တည်ရေးနေရာအမှတ်(၇၅၅)၊ ၁၃-လမ်း(၅)လုပ်ကွက်တောင်ဥက္ကလာပမြို့နယ် ဦးမုံအမည်ပေါက်၊ မပါမစ်မြေအားအမည်ပေါက် ဦးမုံထိမ့ ဦးကျော်စိုးလင်း(၁၂/လသန၊(နိုင်)၀၆၃၆၃၃) ကလည်းကောင်း၊ ဦးကျော်စိုးလင်းထံမှ ဦးသန်းဇော်(၉/မဟမ(နိုင်)၀၁၇၉၇၈)ကလည်း ကောင်းအရပ်ကတိကဝတ္တရားတင်ဆက်ပြီး ဝယ်ယူရောဂတ္တင်ဂင်းခေါ်ယူခဲ့သည့်ပါမစ်မြေရင်းတွင် မိုမိနေထိုင်သူများခေါ်ရောင်းမပါ ရှိကာမိသားရေ မာတာ၊ပုံ၊ရွှေပြောင်းမည့်သူများ၏ရောဂါ၊ဝေဒနာ ကျည်ချုပ်ရန် ဆိမ်ရောဂေါက်လုပ်ရေးထိုင်ခုံ ကို ပြုလုပ်ပါရှိသည့်ပါမစ်မြေရင်း(မပြည့်နဲ)တင်ပြ ရန်နှစ်(၆၀)မြေဘားစာချုပ်(ကနဲ)လျှောက်ထား လာသောကြောင့်ကျင်းဆင်းစစ်ဆေးရာ၁၄/ မ(၄၀ ၊ ၆၀)ရိုးပြီးမြေကွက်လပ်မြေခြင်းကြောင်းတွေ့ရှိ ရချိန်မြေကွက်လပ်ပြမ်ခြင်းအတွက်တာဝန်ယူ ကြောင်းခန့်ခံကတိတင်ပြမျှောက်ထားလာ ခြင်းအားတရားဝင်နိုင်လိုသောအသေဘောက်အ ထားများဖြင့်ကျေကြောင်းပါသည့်မျှမရှိ(၇) ရက်အတွင်းကန့်ကွက်နိုင်ပါ။ကြောင်းနှင့်ကန့် ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအလိုက်ဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ၊ကြောင်းအသိ ပေးကြသောအပ်ပါသည်။

ဖြို့ကြီးမင်းကိုးနှင့်ဖြစ်မိမ်ခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နရပတိ

(သာသနဇေ မဟာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ)

သိဂ္ဂါတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဓမ္မာစရိယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ (၅၆)ရပ်ကွက်၊ မဟာဓမ္မာစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မူလရွာ) လေးဒေါင့်ကန်၊ ကေသရာရာမစာသင်တိုက်ကြီး၏ မဟာနာယက၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တပ်သစ်ထောင်ကျောင်းတိုက်ကြီး ပဓာနနာယက ဘဒ္ဒန္တ နရပတိ (သာသနဇေဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ) မြို့နယ်ဩဘါဒါဒေါ်ရိယ မဟာထေရ်မြတ်ကြီးသည် ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ဓမ္မာစရိယကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်းနှင့် [(၁၃၇စုခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်)၊ ၂၄-၉-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။]

တပည့်-သံဃာတော်များနှင့်

ဒါယကာ-ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း၊အဝီစိတွင်း၊ကွန်ကရစ်စကြီလမ်း ဒါယကာကြီး

ဦးအောင်စန်း (မုဒုံ/ကျ||ကဒတ်) (၈၅)နှစ်

ဒုဘဏ္ဍာရေးမှူး(ငြိမ်း)၊ မွန်ပြည်နယ်လျှပ်စစ်ရုံ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၁၀၈၀)နေ ဒေါ်ထားကြင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကျ||ကဒတ်ကျေးရွာနေ၊ (ဦးဦးဖေ-ဒေါ်ကြေးငွေ)တို့၏သား၊ မုဒုံမြို့နေ (ဦးအောင်ဖေ-ဒေါ်ဌေးလှိုင်)တို့၏ သားသမက်၊ ဦးထွန်းထွန်းဦး (လျှပ်စစ်ကျွမ်းကျင်)-ဒေါ်နီနီထွေး (JAT အထက-၁၊ မုဒုံ)၊ ဦးကျော်စိုးနိုင် (Shwe Taung Co.,Ltd)၊ ပိုလ်မျူးသက်မင်းထွန်း(ငြိမ်း) (Myanmar Mobile Money Co.,Ltd)-ဒေါ်သီတာလတ်၊ ဦးအောင်စိုးကျော်(ရေသန့်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်တင်လဲ့လဲ့ဝင်းတို့၏ ကျေးဇူးရှင်မွေးသ ဖခင်၊ မောင်ထိန်လင်းဦး (3rd year GTC မော်လမြိုင်)၊ မမြမေအား (Grade-10 မုဒုံ)၊ မောင်ဆက်တိုးတက်ထွန်း (Primary 6 ,ILBC၊ ရန်ကုန်)၊ မောင်ဥာဏ်လင်းအောင် (Grade-1 TTC ကမာရွတ်)၊ တို့၏ ချစ်လှစွာသော အဘိုးသည် ၁၆-၉-၂၀၁၆(သောကြာနေ့)၊ နံနက် ၇း၅၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၆(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၁၆(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် အတူတကွ တရားနာယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဦးတင်ယု(မြိတ်/မာန်အောင်)

B.E (EC)1981

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၇)၊ ဘယသူ့ဓမ္ဓလမ်း၊ လေးလွှာ(B)၊ တာမွေမြို့နယ် နေ (ဦးဟုန်တင်)-ဒေါ်စောရီတို့၏ သားကြီး၊ ဦးထွန်းဝင်း-ဒေါ်တင်မြင့်တို့၏ သားသမက်၊ ဒေါက်တာဇော်ဝင်းစိုး-ဒေါက်တာရီရီတင်တို့၏မောင်၊ ဦးဝင်းယု-ဒေါ်ကြည်ကြည်မြင့်၊ ဦးဝင်းအေး-ဒေါ်ခင်အေးမြင့်၊ ဒေါ်ရီစုစုတင်၊ ဦးမင်းဇော်ဟိန်း-ဒေါ်ရီလွယ်လွယ်တင်တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်ခိုင်စုလတ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟရဲလင်း (Genius Grade 7)၊ မမေသံစဉ်ချို (Genius Grade 3)တို့၏ ချစ်လှစွာသော ဖခင်၊ တူ/တူမလေးယောက်တို့၏ ဦးကြီးသည် ၁၅-၉-၂၀၁၆ရက် နံနက် ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆(တနလာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဝင်းနိုင်၏ ဖခင်ဖြစ်သူ ဦးသန်းလှိုင် အသက်(၈၈)နှစ်သည် ၁၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၅(EC.ED.RIT)မှ

သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည်(အုတ်တွင်း)

အသက်(၇၈)နှစ်

သူငယ်ချင်းဒေါက်တာမိုးကျော်၏မိခင်သည် ၉-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

1982-1991 Batch B.V.Sမှချစ်သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့၊ ဒဂ္ဂီဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-စ/ဒဂ္ဂီဏာသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၃-၃၀စ၈၄)(၃-၃၀စ၈၄)၊ ဧရိယာ(၀.၂၉၃)ကေကျယ်ဝန်းသော မြေကွက်ကို ဒေါ်နန်းခင်ကြည်[၁၃/ကဟန(နိုင်)၀၀၁၂၉၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက တရားနည်းလမ်းတကျ အပြီးအပိုင်ဝယ်ယူပြီး၍လည်ကောင်း၊ နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့၊ ဒဂ္ဂီဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်စ/ဒဂ္ဂီဏာသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၃-၃၀စ၈၄)(၃-၃၀စ၈၄)ဧရိယာ(၀.၂၉၃)ကေ ကျယ်ဝန်းသော မြေကွက်ကို ဒေါ်နန်းနွမ်းဟွမ်[၁၃/ကဟန(နိုင်)၀၁၃၄၉၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက တရားနည်းလမ်းတကျ အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါ မြေကွက်(၄)ကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၅)ရက်အတွင်း အောက်အမည်ပါ ကျွန်ုပ်တို့ထံသို့လည်းကောင်း(သို့မဟုတ်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကန့်ကွက်လိုသူမှ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ဖိုင်လုံစွာတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်(၄)ကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ဖွယ်ရာရှိသောကိစ္စရပ်များကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)
BSc,DA,HGP,RL,DBL,DML,DIL
ဒေါ်နှင်းဆီ LL.B(စဉ်-၄၅၁၀)
ဒေါ်သင်းဇေခြည် LL.B(စဉ်-၄၄၈၃)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၄၂၂၉၁၆၂၆၊ ၀၉-၇၈၂၄၂၅၈၁

ဦးသိန်းညွှန့်
BA,HGP,R.L,DBL,DML,DIL
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆)
အမှတ်(၁၂၂)၊ မဟာဗန္ဓုလမန်းခ်ုံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၃၁

၂၃-၈-၂၀၁၆ ရက်စွဲပါ ကြေးမုံသတင်းစာတွင် လွှဲအပ်ညွှန်ကြားသူ မအိဖြူစင်နှင့် ဦးမင်းဇော်ဦး အထက်တန်းရှေ့နေ (စဉ်-၃၉၈၄၀)တို့၏ အများသိစေရန် ကြေညာခြင်းစာသားအား အကြောင်းပြန်ခြင်းအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလှိုင်[၇/အဖန(နိုင်)၀၅၈၁၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာအုပ်စု၊ (၇)ရပ်ကွက်၊ ရောလမ်းမသား၊ ခြံအမှတ်(၃၉/၄၀)မြေကွက်ရေယာ ပေ(၆၀×၁၆၀)၌ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ မအိဖြူစင်မှာ ဦးစိုင်းမောင်မောင်မြင့်နှင့် မင်္ဂလာကြောင်းလမ်း စကားပြောစဉ်ကပင် ဦးစိုင်းမောင်မောင်မြင့်မိသားစုများမှ နှစ်ဖက်လူကြီးများစုံရာ ရှေ့မှောက်၌ လက်ဖွဲ့ပေးကမ်းခဲ့ပါသည်ဟုဆိုခြင်းမှာ မုန်ကန်မှုမရှိပါ။ လုံး၀ ပေးခဲ့ခြင်း မရှိပါ။ အဆိုပါမြေကွက်နှင့်အိမ်အား ယခုအခါ ကျွန်ုပ်မိတ်ဆွေပိုင်ရှင်ဖြစ်သူ ဦးဝင်းလှိုင်သည် သော့ခတ်ကာ အဆိုပါမြေကွက်နှင့်အိမ်အား မိမိပိုင်ဆိုင်မှုအောက်တွင် ထားရှိလျက်ရှိကြောင်းကို ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဝင်းလှိုင်
[၇/အဖန(နိုင်)၀၅၈၁၂၆]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ဝိုး(B.A, H.G.P)
အထက်တန်းရှေ့နေ(စဉ်-၁၂၅၄၀)
ဖုန်း-၀၉-၄၄၈၀၀၄၆၁၆

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြင့် (သစ်စက်) မြို့လှမြို့

အသက် (၈၂) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ မြို့မြေရပ်ကွက်နေ (ဦးညီဥ-ဒေါ်သန်း)တို့၏သမီး၊ ဦးခင်မောင်လွင်-ဒေါ်တင်ထွေးတို့၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါ်ဆန်းဆန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊အသံလွှင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊နေပြည်တော်)၊ ဦးစိုးဝင်း-ဒေါ်စမ်းသန္တာချို၊ ဦးနေဝင်းစိုး-ဒေါ်လွင်လွင်မာ၊ ဦးဖုန်းတင့်-ဒေါ်ခိုင်ဇင်ဝင့်(သစ်စက်)တို့၏ကျေးဇူးရှင်မွေး သမိခင်၊ မဝင်းလဲ့လဲ့ဦး၊မရည်လွင်ချို၊ မမြတ်သဠေမော်၊ မသဲနေမွယ်စိုး၊ မဇာယဉ်လဲ့နှင်း၊ မချမ်းမြေမြည့်စုံ၊ မသန္တာလင်းခိုင်၊ မစုယဉ်နွေးတို့၏ ချစ်လှစွာသော အဘွား၊ မောင်ခန့်ညားထွန်း၏ဘေးဘေးကြီးသည် ၁၇-၉-၂၀၁၆(စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မြို့လှမြို့၊ မြောက်ပိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ် ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်အေးမြင့်(သစ်စက်)(မြို့လှမြို့) (၈၂) နှစ်

ဦးဝင်းမြင့်-ဒေါ်ဆန်းဆန်းဦး (ဒုတိယညွှန်ကြားရေးမှူး၊ အသံလွှင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်)တို့၏မိခင် ဒေါ်အေးမြင့် အသက် (၈၂) နှစ်သည် ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇေယျာ(ညွှန်ကြားရေးမှူး၊ အသံလွှင့်)
(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဇနီးဒေါ်သီတာဝင်းနှင့်
အသံလွှင့်ဌာနခွဲဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ယုတီ (တိုက်ကြီး)

အသက် (၉၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၁၅) နေ ဦးတင်ဦး+ဒေါ်လှမြင့် (ရွှေစင်စိန်ရွှေရတနာ ရွှေဆိုင်) တို့၏ မိခင်ကြီး ဒေါ်ယုတီသည် ၁၃-၉-၂၀၁၆ (အင်္ဂါ နေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုဌေး+မရည်ရည်မွန်
(ရွှေကျင်ရတနာရွှေဆိုင်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းသီ

အသက် (၉၃) နှစ်

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏နာယကအဖွဲ့ဝင်ဦးလမ်ချုပ်သန်းအောင် (ငြိမ်း)၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)၏မခင် ဦးထွန်းသီသည် ၁၄-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရ ပါကြောင်း။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မာရီ(ခ)ဘေဘီ (Vandar Awdith)

တောင်ကြီးမြို့

အသက်(၈၂)နှစ်

သူငယ်ချင်းဦးစိုးနိုင်-ဒေါ်သန္တာလတ်(တူးတူး)တို့၏မိခင် ဒေါ်ခင်မာရီ သည် ၁၆-၉-၂၀၁၆(သောကြာနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(မာမီကောင်းရာသုဂတိရောက်ပါစေ)

ဝင့်ရည်အေး၊ ဒေါ်ရော၊ မာမာအေး၊ မော်မော်ဝင်း၊ ခင်စန်းဝင်း၊ ဖြူဖြူစိုး၊
မာလာသန်း၊ အေးအေးထွန်း၊ နန်းစံမွန်း၊ မော်မော်၊ မိမိခိုင်၊ စမ်းငယ်၊
မီးငယ်၊ အေးအေးစိုး၊ မြတ်ချစ်သန္တာ၊ မြင့်မြင့်သိန်း၊
(အောင်ဆန်းယောဇိအဖွဲ့)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးစောမီးဟူး (ငြိမ်း)

ကြည်း-၁၀၅၇၄

ဗိုလ်သင်တန်းအမှတ်စဉ်(၃၂)စည်သူတပ်ခွဲ

အသက်(၇၇)နှစ်

တောင်ငူမြို့

၂၀၁၆ ခုနှစ် စက်တင်ဘာလ (၁၅)ရက်နေ့က တောင်ငူမြို့၌ ကွယ်လွန် သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်သင်တန်းအမှတ်စဉ်(၃၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်မြင့်(၇၇)နှစ်

ဗိုလ်ချုပ်လမ်းနှင့် အောင်မင်္ဂလာအမှတ်(၁)လမ်းထောင့်၊ အောင်မင်္ဂလာရပ်ကွက်၊ မုရ္ခာမြို့နေ (ဦးထင်စိန်)၏ ဇနီး၊ ဦးကျော်သန်းလှိုင်-ဒေါ်အေးအေးခိုင်(သစ်ဆန်း Electronic), (Board of Director-M9 Group Co.,Ltd)(ဦးညွှန့်နိုင်-ဒေါ်ဖြူဖြူဝင်း) (ဟောင်ကောင် Mobile) တို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ကျင်မြင့် အသက်(၇၇)နှစ်သည် ၁၆-၉-၂၀၁၆(သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

M9 GROUP COMPANY LIMITED
President, Vice President, Board of Director
အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

အနှီရှု

ဒေါ်သန်းတင်(ဒေးဒရဲ)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ သယ်နီးကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၃)နေ (ဦးထွန်းငြိမ်း-ဒေါ်သိန်း) တို့၏သမီး၊ (ဦးကျင်အောင်)၏ ဇနီး၊ (ဦးမြင့်သန်း)-ဒေါ်ခင်သန်း(တရားရုံး ချုပ်ငြိမ်း)၊ ဒေါ်ပြုံးပြုံး(ကပရ-အင်ဂျင် နီယာဌာန-ငြိမ်း)၊ ဒေါ်မြင့်မြင့်စန်း (စက်မှုဝန်ကြီးဌာန-ငြိမ်း)-ဦးခင်ကျော် (စက်မှုဝန်ကြီးဌာန-ငြိမ်း)၊ ဒေါက်တာ အမာတူး (ပါမောက္ခဌာနမှူး၊ ရူပဗေဒ ဌာန၊ မအူပင်တက္ကသိုလ်)တို့၏ကျေးဇူး ရှင် မွေးသမိခင်၊ ကိုအောင်ကျော်မိုး၊ ကိုနိုင်လင်းအောင်တို့၏အဘွား၊ မောင် ဘုန်းပြည့်သုတ၏ ဘွားဘွားကြီး သည် ၁၆-၉-၂၀၁၆ (သောကြာနေ့) ည ဂုး၂၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၉-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဟန်ဝင်း (၉၃)နှစ်

ဆင်ပေါင်ဝ

သမဝါယမဦးစီးဌာန (ရုံးချုပ်)

ဆင်ပေါင်ဝမြို့နေ(ဦးစီး-ဒေါ်ကျင်မြ) တို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ ခြံအမှတ် (၃၅၁) Nနေ ဒေါ်မာမာခင်၏ ခင်ပွန်း၊ ဦးမင်း မော်-ဒေါ်ခင်မောင်း (U.S.A)၊ ဦးသင်း ဇော်-ဒေါ်ချိုချိုအုန်း၊ ဒေါ်ညိမ်းညိမ်း ဝင်း (ဦးစီးအရာရှိငြိမ်း၊ ပျားလုပ်ငန်း ဌာန)၊ ဒေါ်အေးအေးဝင်း၊ ဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဝင်း (U.S.A) တို့၏ မွေး သမိခင်၊ ကိုမျိုးမင်းဝင်း-မစုစန္ဒာလွင် (U.S.A)၊ ကိုအောင်အောင်ဇော်-မအိန္ဒြာဇော်၊ မအွှေလီဝင်းမြင့်တို့၏ အဘိုး၊ မဆုန်လပြည့်ဇော် (Brain Work - Parami)၊ ဃထက်ဝင်းရတီ တို့၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၆း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများ အကြောင်းကြားအပ်ပါ သည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် တွင်အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးလှ (လှည်းကူးမြို့)

အသက် (၉၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး မြို့၊ ဈေးကြီးရပ်ကွက်၊ တန်မကြီးလမ်း နေ (ဒေါ်မိုး) ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစိုး ဝင်း-ဒေါ်စန်းရီ၊ ဒေါ်အုံး သွယ်၊ဦးသန်းထွန်း-ဒေါ်ခင်ဝေ၊ ဦးသန်း နိုင်၊ (ဦးသိန်းနိုင်)-ဒေါ်စန္ဒာခင်၊ ဦးမြင့် ကျော်-ဒေါ်သန်းသန်းဝင်း၊ ဦးကျော်စိုး ဟန်-ဒေါ်အေးအေးမော်တို့၏ မွေးသ ဖခင်၊ မြေး ၁၅ ယောက်၊ မြစ်လေး ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၉-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီ တွင် လှည်းကူးမြို့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းဝင်းသူ(မုံရွာမြို့)

အသက်(၈၅)နှစ်

မုံရွာမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘသူ)-ဆရာမကြီး (ဒေါ်မြကြေ) တို့၏ သမီးကြီး၊ (ဦးဘညွန့်-ဒေါ်စံညွန့် တို့၏ သမီးချွေးမ၊ (ဦးကျော်စိန်)၏ ချစ်လှစွာသော ဇနီး၊ (ဦးအေးမောင်သူ-ဒေါ်တင်သန်းထွန်း)၊ (ဦးသွင်လှရွှေ-ဒေါ်သိန်းနွဲ့သူ) (ဦးပြေတင်)-ဒေါ်ခင် မြတ်သူ၊ ဦးမြင့်သိန်းသူ-ဒေါ်တင့် တင့်ဝင်း၊ (ဦးမိုးမြင့်သူ)-ဒေါ်ခင်ဌေးရီ၊ (ဦးမောင်မောင်-ဒေါ်မြင့်မြင့်သူ)တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်သိန်းဝင်း သူသည် ၁၇-၉-၂၀၁၆ (စနေနေ့)၊ နံနက် ၉း၃၀နာရီတွင် ဝိတိရိယဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သိန်းကြည်(အငြိမ်းစားကျောင်းဆရာမကြီး)

အသက်(၈၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်(၇၁၃) အမှတ် (၄၉/က)၊ လမ်း(၃၀)၊ ၇၄-၇၅လမ်းကြားနေ (ဦးဘတော်-မြို့မ ဝန်ထောက်ကြီး)-(ဒေါ်တင့်)တို့၏သမီးကြီး၊ ဒေါ်ခင်မျိုးညွန့်(အငြိမ်းစား ကျောင်း ဆရာမကြီး၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မန္တလေးမြို့)၊ ဦးကိုကိုကြီး (အငြိမ်းစားမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)၊ (ဗိုလ်မှူးတော်တော်)၊ ဒေါ်မေမေ တော်(အထပြ-ငြိမ်း၊ အထက-၁၊ မိတ္ထီလာမြို့)၊ ဒေါ်ခင်ခင်တော်တို့၏ အစ်မကြီး၊ ဒေါက်တာဦးမျိုးမင်း(ဆေးရုံအုပ်ကြီး၊ ခုတင် ၃၀၀၊ ပြည်သူ့ဆေးရုံ၊ ကလေးမြို့)-ဒေါ်ခင်သီတာမျိုး(မန္တလေးမြို့)တို့၏ ချစ်လှစွာသောကြီးတော်၊ မောင်မြတ် မင်းဟိန်း၊ မောင်မျိုးအောင်ကျော်တို့၏ ချစ်လှစွာသော အဘွားသည် ၁၆-၉-၂၀၁၆ (သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၈-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေနေရာ(၆)ရပ်ကွက်ရှိ ကိုနိုင်ကျော်-ဒေါ်ခင်ကြီ(ကုန်ကူးသည်)-ဦးခင်ကျော်(ကုန်ကူးသည်)-ဦးခင်ကျော်(ကုန်ကူးသည်)-ဦးခင်ကျော်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်ပင်စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၅၀၀၀ စုပေါင်းစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၁၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခရေပင်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက ကံ့ကော်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စိုက်ပျိုးပင်များ အား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော တတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ ကို **စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**

အာဆီယံ ယူ-၁၉ ပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ကစားမည်

ရန်ကုန် စက်တင်ဘာ ၁၇

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက်(ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)စတုတ္ထနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ လာအိုအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**

မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ မြန်မာနှင့် ဩစတြေးလျ ယနေ့ထိုးသတ်မည်

ရန်ကုန် စက်တင်ဘာ ၁၇

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရုပ်)က စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight XVI မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် (ယနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မဂ်လာတောင်ညွှန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွှေ၊ ငွေ၊ ကြေးရရှိကြသည့် မျိုးဆက်သစ်အားကစားသမားများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြေးရရှိသည့် ကောင်းထက်(သထုံ)နှင့် စောအိုကေ(သတ္တိ)၊ စစ်ထန်(နဂါးမာန်) (ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကြေး)နှင့် ဝဏ္ဏ(ဝင်းက)ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ငွေ၊ ရဲနိုင်ဦး(ကြေး)(နောင်ကလား)နှင့် နန်းတော်လေး(မန္တလေး)၊ ဗိုလ်ခါချဉ်(ငွေ)(T&T)နှင့် ဆလိုင်းချမ်းမြေ့ကို(ရွှေ)(ထွန်းသွင်)၊ ဂလင်း(ဩစတြေးလျ)(သတ္တိ)နှင့် ရာဇာ(ထွန်းသွင်)တို့က သုံးချီပွဲများဖြင့်လည်းကောင်း၊ ကျန်ကျောင်း(ဗမာ့သွေး)နှင့် အလင်းရောင်-ငွေ(T&T)၊ ချိုင်းထူး(နဂါးမာန်)နှင့် စိန်လုံးချော-ငွေ(ဗမာ့သွေး)တို့က လေးချီပွဲနှင့် အထူးအမျိုးသမီးပွဲတွင် ထက်ထက်မင်း(ခ)နန်းခင်စိုး(အဖြူရောင်သွေးသစ်)နှင့် ရွှေစင်မင်း(မြွေဟောက်မင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ပြီး လက်ဝှေ့ဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင် ကြောင်း သိရသည်။ **(ကြေးမုံ)**

ပဋ္ဌမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ပဋ္ဌမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်သည်။

"ဒီနေ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး အဓိကအကြောင်းအရာနှစ်ခုကို ဆွေးနွေးပါတယ်။ နံပါတ်(၁)က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဆွေးနွေးရမယ့်အကြောင်းအရာတွေအားလုံးကို ပြန်စိစစ်တယ်။ NCA စာချုပ်ပါ ကဏ္ဍငါးခုနဲ့ ခေါင်းစဉ် ၁၀ ခုကို ပြန်သဘောတူတယ်။ ဒုတိယအနေနဲ့ ခေါင်းစဉ် ၁၀ ခုထဲက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတဲ့အခါ ဘယ်အကြောင်းအရာကို လူမျိုးအလိုက် ဆွေးနွေးမယ်။ ဘယ်အကြောင်းအရာကို ဒေသအလိုက် အရင်ဆွေးနွေးမလဲ၊ ဘယ်ဟာကို အကြောင်းအရာအလိုက် ဆွေးနွေးမလဲဆိုတဲ့ ကဏ္ဍတွေကို ချမှတ်နိုင်ခဲ့ပါတယ်"ဟု ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့်ပတ်သက်၍ UPDJC ၏ အတွင်းရေးမှူး ဒေါက်တာ ဆလိုင်းလျန်မှန်းဆာခေါင်းက ပြောသည်။

ဆက်လက်၍ "အခုဆွေးနွေးထားတဲ့ဟာတွေ အားလုံးက ဒီမှာဆွေးနွေးထားတဲ့အတိုင်း အမျိုးသားအဆင့်မှာ ဆွေးနွေးမယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**

ပဋ္ဌမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကျင်းပစဉ်။ (ဓာတ်ပုံ-ဖေဇော်)

မျိုးဆက်သစ်ရုပ်ပြ

ကြေးမုံ
အထူးကဏ္ဍ

စက်တင်ဘာ ၁၈၊ ၂၀၁၆ (တနင်္ဂနွေနေ့)

မနုံးပါရစေနဲ့ မိုး

ကိုစ
B.E (Mechanical)

စက်တင်ဘာရဲ့ မိုးစက်များအောက်မှာ သူ့ကို စတွေ့ခဲ့ခြင်းဖြစ်သည်။ ကိုင်းတစ်ဖက်ကျိုးနေသောထီးနှင့် ထမင်းဘူးလေးကိုင်ပြီး ကားစောင့်နေသော သူ့ပုံရိပ်တို့က ပြန်တွေးတိုင်း ရင်တစ်ခြမ်းလုံးနွေးနေဆဲ။ လောကခံရဲ့ ထုထောင်းမှုကို ဆန့်ကျင်နေသော မာနတရားတို့ကား သူ၏မျက်နှာတွင် အထင်းသားပေါ်လွင်နေပေသည်။

"အောက်လမ်းပါတယ်၊ အောက်လမ်း၊ မော်တင်ကို"

မိုးနှင့်ပန်းရလှသော သူ့အလှကို ငေးမဝမီ (၃၉) ကားက သူ့အား ဆောင်ကြဉ်းသွားပေသည်။ ဆစ်ခနဲကျင်လာသော ရင်ဘတ်ကို အကြောင်းမဲ့ငုံ့ကြည့်မိသည်။

မိုးတွေကရွာလို့။

"Love at first sight" မည်သူက စတင်ဖော်ထုတ်ခဲ့သော နိယာမတစ်ခုမှန်းမသိပေမယ့် တဒင်္ဂဖြစ်ပေါ်နေသော ရင်တွင်းခံစားချက်ကြောင့် ထိုအဆိုမှန်ပေစွဟု လက်ခံမိသည်။ တစ်ဆက်တည်း ငါသာမျက်မမြင် တစ်ယောက်ဖြစ်နေခဲ့ရင်ရောဆိုပြီး မဆီမဆိုင်လည်း တွေးမိသေးသည်။ အချစ်ဆိုသည့်အရာသည် ရူးစေတတ်ပါသလား။

ဝန်ခံပါသည်။ ကျွန်တော် သူ့ကိုမြင်မြင်ချင်းချစ်မိခဲ့ခြင်းဖြစ်သည်။ ကျွန်တော်အရူးတစ်ယောက်ဖြစ်နေချေပြီ။

"ကိုစကို ခင်လေးချစ်ပါတယ်"

ပဋ္ဌသိဒ်နတ်သား၏ စောင်းသံကို မကြားဖူးပေမယ့် သူ့နှုတ်ဖျားမှထွက်ကျလာသောစကားသံတို့ကို မီမည်မထင်။ ချိုသာလွန်းပေစ့။ သာယာလွန်းပေစ့။ နားဝင်ပီယံရှိလွန်းပေစ့။

အပတ်စဉ်ရုပ်ရှင်ကြည့်ဖို့ရာအတွက် ကျွန်တော် ရှုဘီဆေးလိပ်မသောက်တော့ပေ။ ဂျိုးသိန်း ၂၀၀ ဖိုးသည် ကျွန်တော့်အတွက် တစ်ပတ်စာ နီကိုတင်းမာတ် အာသာဖြေဖြစ်သည်။ တစ်လနှစ်သောင်းပေးရသော အဆောင်သည် ကျွန်တော်နှင့်မအပ်စပ်တော့။ ဦးလေးတော်စပ်သူ ကျောင်းထိုင်နေသော ဘုန်းကြီးကျောင်းသည်သာ စံမြန်းရာဗိမာန် ဖြစ်လာခဲ့တော့သည်။

"မောင်မကြိုက်ရင် ခင်လေးနောက်မဝယ်တော့ပါဘူး မောင်"

နှစ်ကိုယ်နီးရန်ကြိုးစားနေရချိန်တွင် မွေးနေ့အတွက် သူဝယ်ပေးသော နာရီတစ်လုံးသည် အပိုကုန်ကျစေခြင်းဟု ကျွန်ုပ်မြင်မိသည်။ ငယ်စဉ်ထဲက မိဘမရှိ၍ အဒေါ်အိမ်ကပ်နေရသော သူနှင့် ဘုန်းကြီးကမွေးစား၍ လူဖြစ်လာသော ကျွန်ုပ်တို့ထူထောင်မည့် နှစ်ကောင်ကြွက်ဘဝအတွက် ရှေ့ရေးကိုတွေးကာလည်း ရင်မောမိသည်။

"အခါတော်ပေးတာက နတ်ရေးငယ် ရွှေစာ . . . "

ရပ်ကွက်ဓမ္မာရုံမှ ပျံ့လွင့်လာသောသီချင်းသံကြောင့် ရင်ထဲဆို့သွားမိသည်။ သူလည်း နိုးနေပါလိမ့်မည်။ မိန်းကလေးတစ်ယောက်အတွက် တစ်သက်တွင် တစ်ကြိမ်သာ ကြုံရမည့်မင်္ဂလာပွဲကို သူလုပ်ခွင့်မရခဲ့။ တရားရုံးတက် လက်မှတ်ထိုး၊ ခင်မင်သောမိတ်ဆွေများကိုသာ ကော်ဖီနှင့် မုန့်ကျွေးခဲ့ရသော မင်္ဂလာဆောင်အတွက် သူ့ကို အားနာမိသည်။ ကြင်စဦးဇနီးမောင်နှံအတွက် မြို့ပြနှင့် ဝေးကွာသော ဆင်ခြေဖုံးတွင် အိမ်လေးတစ်လုံး ငှားနိုင်ရေးသည် ကျွန်ုပ်တို့ မင်္ဂလာပွဲထက် ပိုအရေးကြီးခဲ့သည်လေ။

"ခင်လေး ရုံးသွားတော့မယ် မောင်"

ရူပဗေဒမေဂျာနှင့် ကျောင်းပြီးသော သူ့အတွက် အရောင်းစာရေးဆိုသောအလုပ်သည် မအပ်စပ်ဟုထင်မြင်မိသည်။ ပညာရေးဆုံးခန်းတိုင် အောင်မသင်ဘဲ စာရေးဆရာဘဝ ခြေစုံပစ်ဝင်ခဲ့မိသော မိမိကိုယ်ကိုလည်း အပြစ်တင်မိပြန်သည်။

"ကန်စွန်းရွက်ကြော်နဲ့ ဘဲဥချဉ်ဟင်း ထည့်ထားတယ် ခင်၊ မောင်လည်း ညနေစာမူခဏုတ်ရမယ်။ မောင်တို့ ဆူးလေနားမှာပဲ ညစာစားကြမယ်လေ"

မကြာမကြာမဟုတ်ပေမယ့် တစ်လတစ်ခါလောက်တော့ သူ့ကို အားရှိတာစားစေချင်သည်။ သားလား သမီးလား မသိရသေးပေမယ့် ချောမောကောင်းမွန်စွာ မွေးဖွားလာဖို့ သူအားရှိရန်လိုအပ်သည်လေ။ ငွေကြေးမချမ်းသာသော်ငြား သူ၏ ညနေရုံးဆင်းချိန်သည် ကျွန်တော့်ဘဝအတွက် အပျော်ဆုံးအချိန်များဖြစ်သည်။ ဟာသဝတ္ထုများ ရေးသော ကျွန်ုပ်အတွက် သူသည် နေ့စဉ်ကုန်ကြမ်းလည်းဖြစ်သည်။

"မောင်ရေ ကုန်ကြမ်းရအောင် စာဖတ်ပါဆို အရုပ်နည်းတယ်၊ စာများတယ် လုပ်မနေနဲ့။ ခင်ဝယ်ပေးတဲ့ စာအုပ်တွေဖတ် စာလည်းရေးဦး"

မသေချာသော စာမူခများကို မမျှော်ကိုးဘဲ သူရုံးသွားချိန်တိုင်း သတင်းစာနှင့် ရေသန့်ပို့နေခြင်းကိုသိလျှင် သူ စိတ်မကောင်းဖြစ်မှာသေချာသည်။ လစဉ်တက်နေသော ကုန်ဈေးနှုန်းကိုလိုက်မီရန် အိမ်မှာ အခန့်သား စာထိုင်ရေးနေ၍မရတော့။

"အင်းပါ ခင်ရဲ့ မောင်ရေးနေပါတယ်"

စကားထပ်မဆက်စေရန် လက်ဖက်တစ်ဖွန်းခွဲ့ကျွေးရင်း ပါးပြင်ကို ဖွဖွလေးနမ်းမိသည်။ သူသည် ကျွန်ုပ်အတွက် ဘုရားရှင်ကပေးသော တစ်ခုတည်းသောဆုပင်ဖြစ်သည်။

စက်တင်ဘာ၏မိုးကား သည်းလွန်းလှသည်။ ဘယ်အငြိုးနဲ့မှန်းမသိရွာနေသောမိုးစက်တို့ကို မုန်းသည်။ မိုးခြိမ်းသံကြားလျှင် ရင်ခွင်ထဲတိုးကာထိတ်လန့်နေသော သူ့ပုံရိပ်တို့က အတွေးအာရုံမှာ ထင်ဟပ်လာသည်။ သူ ချမ်းနေရှာရော့မည်။

"မောင်လာပြီ ခင်ရေ၊ မောင်လာပြီ။ ခင့်ကို မောင့်ရင်ခွင်ထဲ အမြဲထည့်ထားပါ့မယ်"

"မိန်းမရော ကလေးရော မီးတွင်းထဲမှာ ဆုံးသွားတာလေ"

"မိုးရွာတိုင်း သူ့မိန်းမအုတ်ဂူသွားနေတာ။ ရပ်ကွက်က စိတ်ကျန်းမာရေးဆေးရုံပို့မလို့။ ခုလည်း အုတ်ဂူဘေးမှာ လဲနေတာ"

ကလိုရင်းနဲ့တွေ့ရသည်။ ခေါင်းတွေလည်း တဆစ်ဆစ် ကိုက်နေသည်။ စကားသံတွေက ကြားတစ်ချက် မကြားတစ်ချက်။

"မောင် ဟထားလေကွာ အကျယ်ကြီးဟ"

ချစ်သူဘဝ နှစ်ယောက်သား ကန်ဘောင်မှာချိန်းတွေ့ တုန်း သူ့ခွံ့ကျွေးသော ဘယာကြော်နှင့် ထမင်းဖြူလေးကို သတိရလာသည်။

"ခင် ဘာလုပ်တာလဲ"

စီးထားတဲ့ဖိနပ်ကို ရေထဲပစ်ချလိုက်သောသူ့ကို တအံ့တသြမေးမိသည်။

"မောင်မှာလည်း ဖိနပ်မှမပါတာ အခု ဘဝတူ ဖြစ်သွားပြီပေါ့"

ဖိနပ်ပြတ်သွားခြင်းကို စိတ်မည်စစ်တော့ဘဲ နှစ်ယောက်သား မိုးရေထဲလက်ချင်းတွဲကာ ခြေဗလာဖြင့် လမ်းလျှောက်ခဲ့ပုံများကို မြင်ယောင်လာသည်။

"လက်လျှော့ လိုက်ပြီ"

မပီမပြင်တော့ကြားနေရသေးသည်။ အသက်ရှူရတာ မဝတော့။ ခင့်မျက်နှာက အာရုံမှာပီပြင်စွာပေါ်လာသည်။

"မောင်လာပြီ ခင်ရေ။ မိုးတွေသည်းလည်း ခင် မကြောက်ရတော့ပါဘူး။ တင်းကျပ်စွာဆုပ်ကိုင်ထားသော သူပေးခဲ့သည့် နာရီသံလေးကား တဖြည်းဖြည်းဝေး၍ လာသည်။

"သေဆုံးချိန် ၁၁ နာရီ ၁၅ မိနစ်"

စက်တင်ဘာရဲ့မိုးစက်တွေကတော့ အပြင်မှာသည်းနေဆဲ။ ။

ညည့်သည်

ဘဝထဲမှာ
ခဏပဲလာလည်ကြပေမယ့်
ငါ့အတွေ့ရှေ့တန်းတင်
ငါသာဘုရင်လုပ်ချင်ခဲ့ကြတာ။
တကယ်တော့
"မသာ"ချစ်ယင်ဆိုတာ ဘာပါတာမှတ်လို့လဲ။
သတိမထားမိသရွေ့ အသုဘဆိုတာ
မီးခိုးထွက်မြေချ ငိုကြတဲ့ပွဲပေါ့။
နေခဲ့တဲ့ဒီနေရာ မစွန့်နိုင်ရင်
မင်းကျွတ်မှာမဟုတ်ဘူး။
သံသရာမှာ ကျင်လည်မှာဆို
မင်းရင်ခွင်ဗလာနဲ့တော့မလျှောက်နဲ့။
ကိစ္စမပြတ်မရွှေ့ သွားရမယ့်ဒီခရီး
မင်းတွေးကြည့်ဖူးလား။
အဲ့မေးခွန်းဖြေဖို့ ကျမ်းတွေကိုပြန်လှန်
အဖြေတွေထုတ်ရင်း တမိုးချုပ်ခဲ့ပြန်ပြီ။
နောင်တတွေနဲ့ အမှောင်မကျခင်
ကိုယ့်ကိုယ်ကိုယ်မြေချ ခဏသေကြည့်ပါ။

ရဲရင့်ထိုက်

လုံမလေးတို့အိမ်

ပန်ကာမရှိဘူး
လေအေးအေးပေးတဲ့
ယပ်တောင်လေးရှိတယ်။
ဘောစင်မရှိဘူး
ရေဇလုံလေးနဲ့
ရေပတ်ဝတ်လေးရှိတယ်။
ရေခဲသေတ္တာမရှိဘူး
သဘာဝအေးမြတဲ့
သဲရေအိုးလေးရှိတယ်။
မွေ့ယာမရှိဘူး
သင်ဖြူးဗျာလေးတွေ
ခင်းအိပ်ကြတယ်။
ဆူညံတဲ့ငြူဆူသံမရှိဘူး
ကြည်နူးတဲ့ ရယ်မြူးသံလေးတွေရှိတယ်။ ။

နီယွန်
B.Sc (Zool:)

အချစ်ဦး

ဟိုတုန်းတစ်ချိန်က
ပျိုမျစ်ရွယ်ကောင်း တက္ကသိုလ်ကျောင်းဝယ်
ချစ်ခဲ့ရသူတစ်ယောက်ရှိခဲ့ဖူးတယ်။
ထနောင်ပင်ကြီး
သက်သေတည်နေပေလိမ့်မယ်၊
အမွှေးပျံ့ဆုံး ပန်းခရေတစ်ကုံး
အချစ်ဆုံးရဲ့ကေသာထက်ဝယ်
အဦးဆုံးပန်ဆင်ပေးဖို့ရည်ရွယ်
ကိုယ်တိုင်ကောက်ယူသီကုံးခဲ့ဖူးတယ်
ပင်စည်ကတုံးတိုဖြစ်ရှာ့ပေလိမ့်မယ်။
လေတိုးသံလား ချိုသာစကား
ချစ်ရသူရဲ့ ရယ်မောသံအား
နားစွင့်ကြည်နူး
အဝေးကနေပျော်ရွှင်ခဲ့ဖူးတယ်
ကော်ရစ်တာကြီး သနားနေပေလိမ့်မယ်။
ချစ်ရည်ရွှင်သော ပန်းနရောင်သွေး
လှသောအပြုံး ပန်းဖူးငုံလား
ချစ်စရာနှုတ်ခမ်းလွှာအား
လှမ်းမျှော်ငေးမော ခိုးယူနမ်းရှိုက်ခဲ့ဖူးတယ်
နေမင်းကြီးပင် ရှက်သွေးဖြာနေပေလိမ့်မယ်။
အသည်းနှစ်မြွာကြား ရင်တွင်းစကား
ချစ်ရသူလေး မသိခဲ့သော်ငြား
ရေးဖွဲ့သီကုံး ကဗျာအဆုံးမှာ
ဆွေးတမြည့်မြည့် ရင်မှာတင့်ငွေ့ရှိနေဆဲမို့
အချစ်ဦး . . .
အချစ်ဦးရယ်လို့ လွမ်းနေခဲ့မိတယ်
သူငယ်ချင်းတွေက
လှောင်ပြောင်ရယ်မောနေကြပေလိမ့်မယ်။ ။

မိုးသားတိမ်(မတ္တရာ)

မကောင်းကျောင်းပို့

ကိုနောင်(မြန်မာ)
အဝေးသင်စတုတ္ထနှစ်(မြန်မာစာ)
အနောက်ပိုင်းတက္ကသိုလ်

ခါတိုင်းလိုပင် အိပ်ရာထနောက်ကျတတ်သော ကျွန်တော်သည် အရေးကြီးအစည်းအဝေးမီရန် ဖုတ်ဖက်ခါ၍ ပျာပျာသလဲပြင်ဆင်ရပြီး အမေ ကြော်လှော် ချက်ပြုတ်ထားသည့် မနက်စာကိုပင်စားရန် အချိန်မမီတော့။

ဒီလိုနှင့် ဘတ်စ်ကားမှတ်တိုင်သို့ အပြေးအလွှား။ မနက်ခင်း သူသူငါငါ ရုံးတက်ချိန်နှင့်ကြုံ၍လားမသိ ဘတ်စ်ကားပေါ်တွင် လူအများပြည့်ကျပ်နေသည်။ အရေးကြီးအစည်းအဝေးရှိသည်ဆိုတော့ မထူးတော့။ လူကျပ်ကျပ်ကားကိုပင် အလုအယက်တက်ခဲ့ရသည်။

နှစ်မှတ်တိုင်အကျော်လောက်တွင်မူ ကျွန်တော် မတ်တတ်ရပ်သောနေရာ၌ ထိုင်ခုံနှင့်ထိုင်စီးလာသည့် ခရီးသည်တစ်ဦး ဆင်းသည်နှင့်ကြုံသဖြင့် ထိုင်စရာနေရာ ရလိုက်သည်။ ဒီလိုနှင့် ရုံးတက်ခရီးက မှေးခနဲပျော်သွား၏။

"မြန်မာစာ. . . "ဟူသောအသံကြားလိုက်သည်နှင့် အကြောပေါင်းတစ်ထောင်တို့ လင်းလက်သွားသည့်နှယ် မှေးပျော်နေရာမှ ဆက်ခနဲလန့်နိုးပြီး နားစွင့်မိသည်။

ဘေးတွင်ထိုင်နေသောအသက် (၄၀) ကျော် (၅၀) ခန့် အမျိုးသမီးကြီးနှစ်ဦး ပြောဆိုနေကြသည်ကို သိလိုက်ရသည်။

မြန်မာမှုနှင့် မြန်မာစာပေကိုချစ်မြတ်နိုးသည့် လူတစ်ဦးဖြစ်နေ၍လော သို့တည်းမဟုတ် သူများအကြောင်း သိချင်ဇောနှင့် နားစွင့်တတ်သည့် လူ့သဘာဝစရိုက်ကြောင့် လားတော့မသိ ဆက်လက်၍ နားထောင်ဆဲ။

အသားဖြူဖြူ ခပ်ဝဝအမျိုးသမီးကြီးက "ကျွန်မသားက ကျောင်းဆက်မတက်ချင်တော့ဘူးပြောတယ် အစ်မရယ်"

"သားက ဆယ်တန်းမှာ အမှတ်နည်းတော့ တက္ကသိုလ် ကောင်းကောင်း လျှောက်လို့အဆင်မပြေဘူး။"

"ကျွန်မကတော့ သားရယ် အနည်းဆုံးဘွဲ့တစ်ခုတော့ ရအောင်ယူပေါ့ ဆိုပြီး ချော့မော့ပြောရတယ် အစ်မရယ်။"

ဘေးဘက်က အသားညိုညို ခပ်ထွားထွား အမျိုးသမီးက "အဲဒါဆိုလည်း အဝေးသင်မြန်မာစာ လျှောက်ခိုင်းပြီး ကျောင်းဆက်တက်ခိုင်းကြည့်ပေါ့။"

"ဘွဲ့ရလည်း လွယ်တယ်။ စာကလည်း မြန်မာလိုဆိုတော့ သိပ်အားစိုက်စရာမလိုဘူး။ ကျူရှင်တက်လိုက်ရင် အချိန်တန်ဘွဲ့တစ်ခုတော့ရမှာပဲ။"

ဖြူ။ ။ ဟုတ်တယ် ကျွန်မလည်း အဲဒါပဲ စဉ်းစားနေတာ။ မြန်မာစာပဲတက်ခိုင်းရင်ကောင်းမလားလို့။

ကိုယ့်စာပေ၊ ကိုယ့်ဘာသာစကားကို မြတ်နိုးရကောင်းမှန်းမသိဘဲ ဘွဲ့တစ်ခု အလွယ်ရရင်ပြီးရော ဆိုသည့်စိတ်နှင့် တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ မြန်မာစာမေဂျာမှာ ဒုနဲ့ဒေးပါ။

ညို။ ။ ကောင်းတယ်။ ကျွန်မသမီး အကြီးမလည်း မြန်မာစာအဝေးသင်နဲ့ဘွဲ့ရထားတာ။ အနီးကပ် ၁၀ ရက်ကို ငါးရက်လောက်တက်ပြီး စာမေးပွဲဖြေခိုင်းလိုက်ပေါ့။

ဖြူ။ ။ ဒါဆိုလည်း သားကို မြန်မာစာပဲတက်ခိုင်းလိုက်တော့မယ်။ ကျူရှင်ကိစ္စလေး နည်းနည်းပါးပါး ကူညီပါဦး။

ကျွန်တော်ဆက်လက်၍ နားမထောင်နိုင်လောက်အောင် ဒေါသထွက်သွားသည်။ မြန်မာစာကို မကောင်းကျောင်းပို့နေပြီလားဆိုတဲ့ အတွေးနဲ့။

ခေတ်အဆက်ဆက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့သော ပညာရှင်ကြီးများ၏ မျက်နှာကိုမထောက်။ ကိုယ့်စာပေ၊ ကိုယ့်ဘာသာစကားကို မြတ်နိုးရကောင်းမှန်းမသိဘဲ ဘွဲ့တစ်ခု အလွယ်ရရင်ပြီးရောဆိုသည့်စိတ်နှင့် တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေ မြန်မာစာမေဂျာမှာ ဒုနဲ့ဒေးပါ။

မည်သို့ပင်ဆိုစေ ကမ္ဘာပေါ်ရှိလူမျိုးတိုင်းသည် မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင် တန်ဖိုးထားရမည်မှာ ပြောဆိုရေးသားဆိုဆုံးမစရာပင် မလိုအပ်လောက်အောင် အသိတရားရှိနေရမည်။

မြန်မာလူမျိုးများသည်လည်း မြန်မာစာပေကို မချစ်မနှစ်သက်လေသည်ရှိလေသည့်တိုင်အောင် တန်ဖိုးထားမြှင့်တင်ရမည်။ **"မကောင်းကျောင်းပို့"** ပုံစံမျိုးတော့ မဖြစ်သင့်ဟု တွေးနေရင်း လိုရာခရီးရောက်ပြီမို့

"မှတ်တိုင်ပါတယ်ဗျို့"ဟု ကားပေါ်မှဆင်းခဲ့သည်။ ထိုနေ့အတွက်တော့ ပြဿဒါးနေ့ပင်။ ။

သစ္စာတံခါး၏နောက်ကွယ်

အသိတွေဖောက်လို့
မျက်ရည်ဝေနေရတဲ့ခေတ်ကြီးထဲမှာ
လွမ်းချင်းတွေမဆိုပါရစေနဲ့တော့
ဖွေးဖွေးဥ နုပြနေတာတောင်
မင်းက ငါ့ကိုချောင်းမြောင်းသတ်ပုတ်ဦးမတဲ့။
လာပါ။ ။ ။ ငါ့သစ္စာတံခါးကိုဖွင့်ထားပါတယ်
နောင်တမရကြေး။ ။ ။
သွေးမလန့်ကြေး။ ။ ။
ထွက်မပြေးကြေး။ ။ ။
ဒီကတိတိုင်တွေတော့
မင်းမယိုင်စေနဲ့ပေါ့။
မင်းမပစ်ခွင်းခင်
ရင်ခွင်တံခါးကို သေချာဆွဲဖွင့်
ငါ့အသည်းကြားမှာ
မင်းနာမည်လှလှလေးတွေရှင်
မင်း။ ။ ။ မင်း။ ။ ။ ထပ်ရှုံးခြင်းများစွာဖြင့်
မထစ်ချုန်းလိုက်နဲ့နော်
အခု ငါ့နေရာမှာ
ဒဏ်ရာမိုးတွေ မတိတ်သေးလို့ပါ
မြားနတ်ရှင်။ ။ ။ ။ ။

သင်းစေမင်း

နောင်မှရသော နောင်တလေးများ

ရွှေရဲ (ရွှေညာမြေ)
အလယ်တန်းအောင်

ကျွန်တော်ကြေးမုံသို့ ဒီစာမူလေးပို့ရခြင်းအကြောင်းမှာ ယခုခေတ်လူငယ်လူရွယ်များအားလုံး ကျွန်တော့်လို မိုက်မဲတဲ့လုပ်ရပ်တွေကို မလုပ်မိစေဖို့အတွက် အဓိကရည်ရွယ်တာပါ။

ကျွန်တော့်အသက် ၁၀ နှစ်အရွယ်လောက်ကပေါ့။ ရွာမှာကျောင်းနေပြီး စတုတ္ထတန်းမှာ ကျောင်းတက်နေတဲ့ အချိန်လေးက ဖြစ်ပါတယ်။

ကျွန်တော်တို့ရွာမှာ အခြေခံပညာမူလတန်းကျောင်းကလေး တစ်ကျောင်းသာရှိပြီး အဲဒီကျောင်းလေးမှာတော့ ကျွန်တော်အပါအဝင် ရွာမှကလေးများအားလုံး ပညာသင်ကြားနေရပါတယ်။ အဲဒီအချိန်တုန်းက ရွာမှာဆိုချမ်းသာတဲ့လူဆိုတာ ရှိတော့ရှိတယ်။ သို့သော် ရှားပါးလှပါတယ်။ ရွာသူရွာသားတွေဆိုရင်လည်း မနက်ခင်းမိုးလင်းတာနဲ့ တောထဲထွက်၊ ယာခင်းတွေထဲမှာ တစ်နေကုန် အချိန်ကုန် ထွန်ယက်စိုက်ပျိုးပြီး ညနေ နေစောင်းမှ အိမ်ပြန်လာကြရတယ်။

သူတို့တွေ ဒီလိုပင်ပင်ပန်းပန်း နေပူမရှောင် မိုးရွာမရှောင် အလုပ်တွေလုပ်ပြီး ပိုက်ဆံရှာကြတယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူတို့ရဲ့သားသမီးတွေ ချမ်းချမ်းသာသာနေပြီး သူတို့မသင်ခဲ့ရလို့ မတတ်ခဲ့တဲ့ ပညာတွေကို သူတို့ရဲ့ သားသမီးလေးတွေကို သင်စေ၊ တတ်စေချင်လို့ဆိုတာကို အဖေပြောပြလို့ ကျွန်တော်သိခဲ့ပါတယ်။ ဒါပေမယ့် သိပ်ပြီးနားမလည်ခဲ့ပါဘူး။ သူတို့ဆိုတဲ့ လူတွေထဲမှာ ကျွန်တော်ရဲ့ အဖေနဲ့အမေလည်း ပါဝင်နေပါတယ်။ အဖေနဲ့အမေက ကျွန်တော့်ကိုပညာတတ်ကြီး အလုန်ဖြစ်စေချင်တာ အဖေကဆို လူပုံအလယ်မှာ ဒါငါ့ရဲ့သွေး ငါ့ရဲ့သားဆိုပြီး လက်မထောင်ပြီး အလွန်ပြောချင်ခဲ့တာ။ ဒါပေမယ့် အဖေမျှော်လင့်တာတွေ ဘာတစ်ခုမှ ဖြစ်မလာခဲ့ပါဘူး။ ကျွန်တော့်ရဲ့ မလိမ္မာတဲ့မိုက်ပြစ်တွေကြောင့် ဆိုပါတော့။

ဒီလိုနဲ့ သိပ်မကြာပါဘူး။ ကျောင်းသုံးလပိတ်ပါတော့တယ်။ လေးတန်းကျောင်းသားလေးကျွန်တော် ကျောင်းပိတ်လိုက်တာနဲ့ ချက်ချင်းပဲ ပြောင်းလဲသွားပါတော့တယ်။ ဘာပြောင်းလဲသွားလဲဆိုရင်တော့ ရာထူးတိုးသွားတာပါ။ အရင်တုန်းက ဆရာမသင်ခဲ့သမျှစာတွေကို လိုက်ဆိုခဲ့တဲ့ ကျောင်းသားရာထူးလေးကနေ အခုကျွန်တော်ရလိုက်တဲ့ ရာထူးက ကျောင်းအုပ်ဆရာကြီးဖြစ်နေပြီလေ။ ဟဟဲ. . . အတော်အထင်ကြီးသွားပြီလား။ သိပ်ပြီးလည်း အထင်မကြီးပါနဲ့ဦး။ ကျောင်းအုပ်ဆိုတာ နွားကျောင်းတာကို ပြောတာပါ။ နွားကျောင်းတယ်ဆိုပြီး လွယ်တဲ့အလုပ်လို့တော့ မထင်လိုက်ပါနဲ့။ ဘာလို့လဲဆိုရင် ဆရာတစ်ယောက်တည်းနဲ့ တပည့်အကောင်ပေါင်းများစွာကို ထိန်းကျောင်းရတာ ထင်သလောက်မလွယ်ဘူးဗျ။ တစ်ခါတလေ သူများယာခင်းထဲဝင်ရင် လျှောကြေးငွေကလေးနဲ့ ပိုင်ရှင်ကျေနပ်တဲ့အထိ တောင်းပန်ရသေးတယ်။ ရဲစခန်းမရောက်တာကံကောင်းတယ်မှတ်ရတယ်။

ဒီလိုနဲ့ မလွယ်လှတဲ့နွားကျောင်းတဲ့အလုပ်ကို လုပ်ရင်းနဲ့ နေ့ရက်တွေကို ဖြတ်ကျော်လာလိုက်တာ ကျောင်းပြန်ဖွင့်ဖို့တောင် ရက်ပိုင်းလောက်သာလိုတော့တဲ့ အချိန်ကလေးကို ပြန်ရောက်လာတယ် ဆိုပါတော့။

ကျွန်တော်အတော်စိတ်ညစ်သွားတယ်။ ကျောင်းဖွင့်တော့မှာ သိနေလို့ အလိုလိုပင်ကြောက်ရွံ့သလို ဖြစ်နေခဲ့ပါတယ်။ ပြောရရင်တော့ ကျွန်တော်ကျောင်းလုံးဝ ဆက်မတက်ချင်တော့ပါဘူး။ စာသင်ရမှာကို သေမလောက်ကြောက်နေခဲ့မိပါတယ်။ အခုလုပ်နေတဲ့ နွားကျောင်းတဲ့ အလုပ်မှာ ပျော်မွေ့နေပြီး နေသားကျနေခဲ့ပါတယ်။ အဖေနဲ့ အမေကလည်း ကျောင်းဆက်တက်ဖို့ တတွတ်တွတ် ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်လုံးဝလက်မခံခဲ့ပါဘူး။ "စာ"ဆိုတာကို ခေါင်းထဲမှာကိုမရှိဘဲ နွားကျောင်းရင်းဌက်ပစ်၊ ကြွက်ထိုးမယ်ဆိုတဲ့ အကုသိုလ်အလုပ်တွေကိုပဲ ကျွန်တော့်ခေါင်းထဲမှာ ရှိနေခဲ့ပါတယ်။ ဒီလိုနဲ့ နေ့တိုင်းတောထဲသွားလိုက်၊ နွားကျောင်းလိုက်နဲ့ တစ်နေ့တော့ ပြဿနာတက်ပါလေရော။

ကျွန်တော်ကျောင်းနေတဲ့ နွားအုပ်ထဲက နွားသိုးတစ်ကောင် ပျောက်ပါလေရော။ ဘယ်ပြောကောင်းမလဲ အိမ်ရောက်တော့ အဖေကရိုက်တော့တာပေါ့။ အသုံးမကျတဲ့ကောင်ဆိုပြီး နွားရိုက်တဲ့ နှင်တံနဲ့ ဆော်တော့တာပေါ့။ ကံဆိုးချင်တော့ အဲဒီနေ့မှ ကျွန်တော်က ဘောင်းဘီအတိုဝတ်ထားတယ်လေ။ အဖေရိုက်ဖို့အတွက် ခြေသလုံးလေးက အသင့်ပြင်ထားသလိုဖြစ်နေလေရဲ့။ အဖေ ပါးစပ်ကလည်း ပြောနေသေးသည်။ ကျောင်းနေပါဆိုတော့ မနေဘူး။ နွားကျောင်းတော့လည်း နွားပျောက်တာနဲ့ လိုက်ပြီးလျှောက်ကြေးပေးနေရတာနဲ့ အလုပ်လုပ်တာက နည်းနည်း၊ မင်းကြောင့်ကုန်တာက များများဆိုပြီး အဖေ အရမ်းစိတ်တိုတိုနဲ့ ရိုက်လိုက်တာ နွားရိုက်တဲ့ နှင်တံလေးလည်းကွဲ။ တင်းပြီးပြောင်နေတဲ့ ခြေသလုံးလေးလည်း ရဲ။ အစင်းရာတွေထပ်တဲ့အထိပေါ့။ အဖေရိုက်တာ မရပ်တဲ့ အဆုံး အမလေးကြောက်ပါပြီဗျလို့ အကျယ်ကြီးအော်ပြီး အမေ့နားထွက်ပြေးလာတယ်။ ဒီတော့မှ အမေက အဖေကို ဝင်တားလို့ ရိုက်တာရပ်သွားပါတော့တယ်။ တော်ပါသေးရဲ့ အမေကယ်လို့ဆိုပြီး စိတ်ထဲတွေးနေမိတယ်။ အဲဒီလိုနဲ့ သိပ်မကြာပါဘူး ရန်ကုန်က အစ်ကို ဦးပဉ္စင်းက ရွာမှာ ပဌာန်းပွဲရှိလို့ ပြန်လာမည်ဖြစ်ကြောင်း သတင်းလေးက အမေ့ရဲ့ ရွှေနားတော်သို့ ကြားတော်မူပါတယ်ဆိုပါတော့။ အဲဒီသတင်းကြားပြီး သိပ်မကြာပါဘူး။ ဦးပဉ္စင်းလည်း ရွာရောက်ရော အမေက ပေါက်ကရတစ်ခုစဉ်းစားမိသွားတယ်လေ။ ဦးပဉ္စင်းရန်ကုန်ပြန်ရင် မင်းလိုက်သွားရမယ်တဲ့။ အမေကတော့ စေတနာနဲ့လိုက်စေချင်တာနေမှာပါ။ ကျွန်တော့်အတွက်တော့ လုံးဝပေါက်ကရလိုဖြစ်နေတယ်။ မဟုတ်ဘူးလားဗျာ။ ကျွန်တော်မှ မလိုက်ချင်တာကိုး။

အရင်ကတည်းက အဖေကဆူရင် အမေ့နားကပ်ပြီး ခွဲနေရတာ။ အခုအမေက မသွားချင်ဘူးဆိုတဲ့ ရန်ကုန်ကို လိုက်သွားရမယ်ဆိုတော့ ဘယ်သူ့နားသွားကပ်ရမလဲတောင် မသိတော့ဘူး။ ဒီလိုနဲ့ ငြင်းပယ်လို့မရတဲ့အဆုံး ရွှေရန်ကုန်မြို့ကြီးကို ရောက်ခဲ့တယ်ဆိုပါတော့။ ရောက်တယ်ဆိုရင်ပဲ အရင်ကတည်းက တောသားဆိုတော့ ကားလမ်းက မကူးတတ်။ အဲဒီလိုနဲ့ အစ်ကိုဦးပဉ္စင်းနေတဲ့ ဘုန်းကြီးကျောင်းမှာကပ်နေရင်း အဲဒီအချိန်တုန်းက ကျောင်းမှာ ဆွမ်းစားကျောင်းဆောက်လုပ်နေတာဖြစ်တဲ့ အတွက် ပန်းရန်အလုပ်ကို ဝင်လုပ်ဖြစ်ခဲ့ပါတယ်။ ကျောင်းမှာပဲနေ၊ ကျောင်းမှာပဲစား၊ ကျောင်းမှာပဲအိပ်နဲ့ အဆင်ပြေနေခဲ့ပါတယ်။ အချိန်အားဖြင့် ခြောက်လလောက်ရှိတော့ ကျောင်းကြီးကလည်းပြီးတော့မှာဖြစ်တဲ့အတွက် အလုပ်တစ်ခုရှာဖို့အတွက် အစ်ကိုဦးပဉ္စင်းကပြောတဲ့အခါ ဘာစာမှမတက်တဲ့ ကျွန်တော့်အဖို့ အရမ်းအခက်အခဲဖြစ်ခဲ့ရပါတယ်။ ရန်ကုန်မှာက အလုပ်အကိုင်ပေါများတာက မှန်ပါတယ်။ သို့သော် ပညာအရည်အချင်းအားဖြင့် အလယ်တန်းလောက်အောင်မှ ဆိုင်အကူ (သို့) ကုန်ထမ်းအဆင့် အဲလောက်သာရကြသည်။ ကျွန်တော့်လို စာမတတ် ပေမတတ်နဲ့ ရန်ကုန်မှာ အလုပ်လုပ်ဖို့ဆိုရင်တော့ ပန်းရန်အလုပ် ဒါမှမဟုတ် စားပွဲထိုး။ အဲလိုနေရာမျိုးသာ ရှိတော့မယ်ထင်မိပါတယ်။ ကျွန်တော်ပြန်စဉ်းစားကြည့်မိတော့ အော် . . . . ဟိုအရင်တုန်းက ငါသာကျောင်းကို ကြည်ကြည်ဖြူဖြူနဲ့ ဆက်တက်ခဲ့မယ်ဆိုရင် ငါအခုအချိန်မှာ အလုပ်ရှာမယ်ဆိုရင်တောင် အလုပ်မရှားလောက်ဘူးပေါ့။ ပြီးတော့ အရင်တုန်းက အဖေ ငါ့ကို ရိုက်လို့နာတာထက် စာမတတ်လို့ လူတစ်ဖက်သားရဲ့ စာမတတ်ပေမတတ်လို့ ရိုက်ပုတ်လာမယ့်စကားတွေက ပိုပြီး နားမခံနိုင်အောင်နာကျင်လှပါလား။ ကျွန်တော် ကိုယ့်အဖြစ်ကို ကိုယ်တွေးပြီး နောင်တကြီးစွာရမိပါတယ်။ အော်. . . နောင်တဆိုတာ နောင်မှရတာပါလား။ ကျွန်တော်တစ်ယောက် နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ မျက်ရည်ပူမျှားစီးကျရင်း ညီငယ်ညီမငယ်လေးတွေကို ကျွန်တော့်လိုမဖြစ်စေဖို့။ ပညာသင်ချိန်မှာ ပညာတွေသင်ယူဖို့။ ငယ်ရွယ်စဉ်မှာ ပညာကိုပဲဦးစားပေးရှာကြဖို့ ကြေးမုံမှတစ်ဆင့် တိုက်တွန်းရင်း ကျောင်းဆင်းလို့ ပြန်လာကြတဲ့ ကျောင်းသားကျောင်းသူတွေကို ဝေးကြည့်ပြီး ကျွန်တော် နောင်တများစွာရနေမိပါတယ်။ ။

လွမ်းဆွေးခြင်းမနက်ဖြန်

မောင်မြင့်ဝင်း

မှတ်မှတ်ရရ ထိုနေ့က တစ်နေ့လုံးဆိုင်ကယ်ကယ်ရီဆွဲခဲ့တာ ညနေ ၆ နာရီထိ။ လမ်းထိပ်တွင် ကျူပ်အပါအဝင် ကယ်ရီမောင်းသူစုစုပေါင်း ၁၅ ဦးရှိပြီး အလှည့်ကျစောင့်နေရတာကြောင့် တစ်နေ့လုံး အိတ်ကပ်ထဲ ငွေ ၁၅၀၀ ခန့်သာ ထည့်နိုင်ခဲ့သည်။

ချစ်ဇနီးလေးတစ်ယောက်တည်း အိမ်တွင် စောင့်နေရှာတော့မည်။ မနှစ်ကမှ လက်ထပ်ထားသော ချစ်ဇနီးနုဆီ စောစောပြန်ချင်သော်လည်း ဒီနေ့အတွက် နေ့တွက်မကိုက်၍ ပြန်လို့မရနိုင်သေး။ စိတ်တွေကတော့ ချစ်ဇနီးဆီရောက်နေပြီ။

သူက ကျူပ်ကိုအရမ်းချစ်သည်။ ထို့ကြောင့် အိမ်ထောင်ကျပြီး သူအရင်လုပ်သော စက်ရုံမှာ အလုပ်ပြန်ဆင်းမည်ဟု ပြောလာသော်လည်း မခိုင်းရက်ခဲ့။ ကျူပ်ရှိနေလျက် သူ့ကို အိမ်မှာသက်သောင့်သက်သာပဲ နေစေချင်သည်။ သူနဲ့ကျူပ်က အလုပ်မသွားခင် ထမင်းအတူစားပြီး နေ့ခင်းဘက်တော့ အခြေအနေအရ အိမ်စားသည့်အခါရှိသလို တစ်ခါတစ်ရံ အော်ဒါလိုက်သွားဖြစ်သောအခါ အပြင်မှာစားဖြစ်သည်များလည်းရှိသည်။ သို့သော် ညစာကိုတော့ အိမ်မှာအမြဲစားဖြစ်သည်သာ။ သူကလည်း ကျူပ်ပြန်လာသည့်အချိန်ထိ ထမင်းမစားဘဲ စောင့်နေတတ်သည်။ တစ်ခါတစ်ရံ အော်ဒါပါသွားချိန် နောက်ကျလျှင် ညဉ့်နက်သည်အထိ ထမင်းမစားဘဲ စောင့်နေတတ်သည်။ ထို့ကြောင့် ပိုက်ဆံများစွာမရှိသော်လည်း ကျူပ်တို့အိမ်ထောင်ရေးလေး အေးချမ်းမှု၊ နွေးထွေးမှုတွေ ရှိခဲ့သည်။

ယနေ့ လူပါးသည်နှင့် အိမ်သို့စောစောပြန်ခဲ့မိသည်။ မပြန်ခင်သူကြိုက်တတ်သော ခေါက်ဆွဲကြော်ကို လမ်းထိပ်ကိုဝတုတ်ဆိုင်မှ ဝယ်လိုက်သည်။

အိမ်ပြန်ရောက်တော့ သူမက အပြုံးလေးနှင့် ကြိုမြဲ။ သူ့အပြုံးတစ်ချက်နဲ့တင် တစ်နေ့တာလုံးပင်ပန်းနွမ်းလျသမျှ ပြေပျောက်သွားခဲ့ရသည်သာ။ ထို့ကြောင့် ပါလာသော ခေါက်ဆွဲကြော်ကိုပေးရင်း သူ့ရဲ့ပါးပြင်လေးကို ဖွဖွလေး မွှေးမွှေးပေးလိုက်မိသလို ပါးစပ်ကလည်း မိန်းမကို အရမ်းလွမ်းနေတာလို့ တိုးတိုးလေး သူ့နှာခေါင်းကပ်ကာ ပြောလိုက်မိသည်။ သူ့ပါးဆီမှ သနပ်ခါးရနံ့လေးက ရင်ထဲထိတိုင် သင်းပျံ့မွှေးကြိုင်လွန်းလှသည်။ သူက အတူတူပဲဟု ပြန်ပြောပြီး ကျူပ်ကိုမွှေးမွှေးပေးပြန်သည်။ သူအနမ်းပေးလိုက်လို့ ခံစားရတဲ့ပီတိသည် ပြောမပြတတ်လောက်အောင် ချိုမြိန်လျက်။

ကျူပ်ပက်လက်ကုလားထိုင်ပေါ် ခဏထိုင်ကာ အနားယူနေတော့ သူမက ဝါးယပ်တောင်လေးနဲ့ နံဘေးမှာ ယပ်ခတ်ပေးပြန်သည်။ ကျူပ်ကိုကြည့်နေတဲ့ သူ့မျက်ဝန်းမှာ စိတ်မကောင်းမှုတွေက အထင်းသား။

“ကိုကြီးရယ် ပင်ပန်းလိုက်တာ။ ဒီအလုပ် မလုပ်ပါနဲ့လား။ ပြီးတော့ ဆိုင်ကယ်ကယ်ရီဆွဲတာ အန္တရာယ်များပါတယ်။ ခိုးလုသူတွေကလည်း ပေါပါဘိနဲ့”

သူ၏ စိုးရိမ်သံကြောင့် ရင်ထဲနွေးခနဲ ဖြစ်သွားရသည်။

“ကိုကြီးက နေ့ခင်းပိုင်းပဲလုပ်တာဆိုတော့ ဘာမှမဖြစ်ပါဘူး။ ချစ်ဘာမှမစိုးရိမ်နဲ့။ စိတ်ချ မိန်းမကိုချစ်တဲ့ယောကျ်ား ဘယ်တော့မှ အန္တရာယ်မဖြစ်ဘူး ဟဟ. . . ”

ကျူပ်ရယ်ပြီးပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ သူ့အတွက် နင့်နေအောင်ခံစားရသည်။ သူ့ကို တခြားသူတွေလို ပြည့်စုံစွာမထားနိုင်ခဲ့။ ကျူပ်အလုပ်သွားတုန်း သူအပျင်းပြေကြည့်ဖို့ TV လေးတစ်လုံးတောင် ဝယ်မပေးနိုင်ခဲ့သော ဘဝ။ အပြင်းပြေဂိမ်းဆော့စရာ ဖုန်းလေးတစ်လုံးမျှတောင် မဖန်တီးပေးနိုင်သောဘဝ။ သို့သော် သူက ဘာမှမပူဆာသလို ရပ်ကွက်စာကြည့်တိုက်မှ စာအုပ်လေးတွေငှားပြီး ဖတ်နေတတ်သည်။

စာဖတ်ချိန်မရတဲ့ ကျူပ်ကိုလည်း ညအခါ အိပ်ရာဝင်တိုင်း သူဖတ်ပြီးစာအုပ်ကလေးတွေအကြောင်း ပြန်ပြောပြနေကျ။ စိတ်ဓာတ်ခွန်အားဖြစ် စကားလေးတွေ ပြောပေးနေကျ။ ကျူပ်ကို သူ့ဘဝအတွက် အိမ်ထောင်ရှင်ယောကျ်ားကောင်းဟု မကြာခဏသူဖွင့်ပြောပြသည်။ တကယ်ဆို မချမ်းသာတာအပြစ်မဟုတ်။ ဆင်းရဲခြင်းက မရှုန်းထွက်ချင်သည့်စိတ်ကသာ အပြစ်ဖြစ်သည်ဟု သူပြောတတ်သည်။ သို့သော် ကျူပ်ပင်ပန်း၊ မောပန်းသည့်အခါတိုင်း သူ့မျက်နှာလည်း ညှိုးနေတတ်သည်။ အပြုံးနှင့် ဟန်ဆောင်ဖုံးကွယ်ထားသော်လည်း သူ့စကားတွေက စိတ်မကောင်းဖြစ်နေမှန်းထင်ရှားသည်။ ယခုလည်း ယပ်ခတ်ပေးနေသည့်သူ့မျက်နှာမှာ ကျွန်တော်ပင်ပန်းတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတာ။ ကျူပ် သူ့စိတ်မကောင်းမဖြစ်စေဖို့ အတတ်နိုင်ဆုံး မျက်နှာကိုပြုံးရွှင်စွာထားပြီး “ရပါပြီညီမလေးရဲ့၊ ကိုကြီးအမောပြေသွားပါပြီ” ကျူပ် သူ့လက်ထဲမှယပ်တောင်ကိုယူရင်း ပြောလိုက်မိသည်။

“ညော့် ခုမှသတိရတယ်။ ကိုကြီး အိမ်ပြန်ချင်ဇော နဲ့ ဆိုင်ကယ်ဆီထည့်ဖို့ မေ့သွားတယ်။ ညီမလေး ထမင်းပွဲပြင်ထားလိုက်လေ၊ ကိုကြီးပြန်လာရင် စားကြတာပေါ့”

ကျွန်တော်ပြောရင်း စားပွဲပေါ်က ဆိုင်ကယ်သော့ကို ယူလိုက်သည်။

“ညီမလေးလည်းလိုက်မယ်။ ညကမှောင်နေပြီ။ ကိုကြီးတစ်ယောက်တည်း စိတ်မချဘူး။ ပြီးတော့ ညီမလေး အိမ်ထဲ တစ်နေကုန်နေရတာ ငြီးငွေ့နေလို့”ဟု သူက မတောင်းဆိုစဖူးတောင်းဆိုတော့ မငြင်းရက်ပြန်။

“အင်း ညီမလေးလိုက်ချင်လိုက်ခဲ့လေ။ ပြန်လာမှ အတူတူ ညစာစားကြတာပေါ့”

“ဟုတ်ကိုကြီး” ကလေးဆိုးတစ်ယောက်လို သူ ပျော်မြူးသွားသည်။

အင်းပေါ့လေ. . . သူလည်းသွားချင်ရှာပေမှာပေါ့။ တစ်နေ့လုံး အခန်းထဲနေရရှာပေတာကိုး။ သူက တစ်နေကုန်အိမ်မှာ၊ ခုလိုတစ်ခါတစ်ရံ အပြင်ထွက်ရတာဆိုတော့ ပျော်ရွှင်နေရှာသည်။

အိမ်နဲ့လမ်းမကြီးနဲ့က နည်းနည်းအလှမ်းဝေးသည်။ ချိုင့်တွေများတဲ့ ရပ်ကွက်လမ်း။ လမ်းကလေးအတိုင်းလာရင်း ချာတိတ်အုပ်စုတစ်စု ဂစ်တာထိုင်တီးနေသည်ကို အဝေးက ဆိုင်ကယ်မီးရောင်ဖြင့် တွေ့လိုက်ရသည်။ ခန့်မှန်းခြေ ဆယ်ယောက်ခန့်ရှိမည်ထင်သည်။ အချို့က လမ်းဘေးအုတ်ခုံပေါ်တွင် ထိုင်နေကြပြီး အချို့က လမ်းမပေါ်မှာ ထိုင်နေကြသည်။ သူတို့က ရပ်ကွက်ထဲမှာ သောင်းကျန်းမှုးရှားနေကြသူတွေ။ ဖြစ်နိုင်လျှင် သူတို့နဲ့ မဆုံတွေ့ချင်။ သို့သော် လမ်းမကြီးထွက်ဖို့က အခြားရှောင်ကွင်းစရာလမ်းမရှိတော့သည်မို့ သူတို့အနားကပဲ ထွက်မှရမည်။

ကျွန်တော့်ဆိုင်ကယ်လာနေသည်ကို မြင်သော်လည်း သူတို့လမ်းဖယ်မပေးကြ။ ထို့ကြောင့် ဟွန်းတီးလိုက်ရသည်။ သူတို့ဆီမှ အရက်နံ့ရသဖြင့် မူးနေသည်ဆိုတာ သိလိုက်သည်။ ထိုစဉ် သူတို့ထဲမှ တစ်ယောက်က ကျူပ်ဆိုင်ကယ်ကိုဆွဲပြီး

“မင့်ဖေဖြစ်လို့ ဟွန်းတီးတာလား ခွေးမသား”

ကျွန်တော် စိတ်ထဲထောင်းခနဲ ဒေါသဖြစ်သွားမိသည်။ မဟုတ်မခံနိုင်ဟု ခံယူထားသည့်စိတ်က အရာရာကို စဉ်းစားဆင်ခြင်မှုမပြုနိုင်တော့။ အဆိုးဆုံးက မိဘကို ဆဲခြင်းကြောင့်ဟု ထင်မည်။ ဆီဆိုင်သို့ ဆက်မသွားတော့ဘဲ အိမ်ကို ပြန်လှည့်မောင်းလာခဲ့သည်။ အိမ်ထဲမှာ လက်နက်တစ်ခုခုကို အမြန်ရှာလိုက်တော့ နံရံတွင် ချိတ်ဆွဲထားသော ဓားရှည်တစ်လက်ကို တွေ့လိုက်ရသည်။ ဓားကို ဖြုတ်ယူလိုက်ချိန် သူကငိုပြီး

“ကိုကြီးမလုပ်ပါနဲ့”လို့ ပြောရင်း လက်ထဲက ဓားကို လုယူနေသည်။ ကျူပ်မျက်စိထဲ ဘာမှမမြင်နိုင်တော့ဘူး။ ဒီချိန် လမ်းထိပ်က ဒင်းတို့တွေကိုသာ မျက်စိထဲမြင်နေသည်။ ကျူပ် သူ့ကို တွန်းထားခဲ့ပြီး ဆိုင်ကယ်လီဗာကုန်နင်းထွက်လိုက်သည်။

ဒင်းတို့ဆီရောက်တော့ တွေ့သမျှဓားဖြင့် လိုက်ခုတ်ပစ်လိုက်သည်။ လမ်းတစ်ခုလုံး အော်ဟစ်သံ၊ ပြေးလွှားသံများ ဆူညံသွားသည်။ ဒေါသစိတ်ကြောင့် အချိန်မည်မျှ ကြာသွားသည်မသိ၊ ရပ်ကွက်လူကြီးနှင့်ရဲများ ရောက်လာမှ ကျွန်တော် ဓားခုတ်ခြင်းရပ်တော့သည်။

ထိုအမှုဖြင့် ကျွန်တော် ထောင်ကျရပေတော့မည်။ အမှုက တရားမဝင်လက်နက်ကိုင်ဆောင်မှု။ ကျူပ် ကံကောင်းသွားသည်က ခုတ်လိုက်သောလူများ ဓားမထိဘဲ ဂစ်တာများကိုသာ ထိမိ၍ တော်သေးသည်။ လူတွေကို မထိသည်ကတစ်ကြောင်း၊ ကျူပ်မဆိုးသည်ကို ရပ်ကွက်က ဝိုင်းထောက်ခံပြီး လူဆိုးစာရင်းမဝင်သည်က တစ်ကြောင်းကြောင့် အမှုပေါ့သည်ဟု သိရသည်။

ထိုနေ့က ကျွန်တော်ရှိရာ အချုပ်ခန်းသို့ သူရောက်လာခဲ့သည်။ သူ့ပါးပြင်ပေါ်တွင် ကျူပ်မမြင်ချင်ဆုံး မျက်ရည်တွေ စီးကျနေပြီ။ ကျူပ်သူ့မကိုကြည့်ရင်း ရင်ထဲစူးနင့်လာသည်။ ကျူပ်မရှိတော့တဲ့ဘဝ သူမည်မျှအားငယ်နေလိမ့်မည်မသိ။ သူမျက်နှာလေးညှိုးနေတာတောင် မကြည့်ရက်ခဲ့သောကျူပ်၊ ခုတော့ သူ့ပါးမှာ မျက်ရည်တွေက အတားအဆီးမဲ့ အဆက်မပြတ်လိမ့်ဆင်းကျနေရပေပြီ။

ကျူပ်ရဲ့ တဒင်္ဂဒေါသအမှားလေးကြောင့် သာယာပျော်ရွှင်ဖွယ်ကောင်းသော မိသားစုကမ္ဘာလေး ပျက်စီးခဲ့ရလေပြီ။ ကျူပ် အခြားပြောစရာစကားမရှိတော့။ ပြောချင်လည်း ပြောဖို့အင်အားမရှိတော့ပါ။

ညီမလေးရေ. . . ကိုကြီးရဲ့ တဒင်္ဂစိတ်အလိုလိုက်မှုကြောင့် ညီမလေးနဲ့ ကိုကြီးဘဝ လွမ်းဆွေးခြင်းမနက်ဖြန်တွေ ဆက်ရှိပေမယ်။ ဘယ်လိုအင်အားသတ္တိမျိုးနဲ့ မနက်ဖြန်နေ့ရက်တွေကို ရင်ဆိုင်နိုင်ပါ့မလဲ။ ကိုကြီးကို ခွင့်မလွှတ်ပါနဲ့တော့။ ။

ဘဝထဲက စာအံသံများ

စား ဝတ် နေ ရေး
မွေးကတည်းက မလှုခဲ့တဲ့သမိုင်း
လူတိုင်းနှာခေါင်းရှုံ့တဲ့အလုပ်
လမ်းတကာလျှောက် အမှိုက်ကောက်။
ငါ့ဝမ်းပူဆာမနေသာလို့
သူတကာပစ်တဲ့အမှိုက်ထုပ်
ငါနေ့စဉ်ကောက်လို့
ဖြေရှင်းရတဲ့ဝမ်းတစ်ထွာ
ဒီလိုနဲ့ နိစ္စဝူဝဖြတ်သန်းခဲ့ရတဲ့ဘဝ
လမ်းတကာအမှိုက်ပုံက
မိသားစုရဲ့ဝမ်းရေးဖြေရှင်းပေးတဲ့
လမ်းဘေးကထမင်းအိုးပေါ့။
ထမင်းတစ်လုတ်အတွက် ရင်းခဲ့ရတဲ့ဘဝတွေ
စာသင်ဖို့အရေး တွေးလို့တော့ရင်ခုန်ဖူးပါရဲ့
ကျောင်းနံဘေးကဖြတ်သွားတိုင်း
ကြားခဲ့တဲ့အသံတွေ
ကဗျာသံလား စာအံသံလား မခွဲခြားတတ်
စာသင်ခန်းဆိုတာ ငါတို့ဘဝတွေအတွက်
အသိုင်းအဝိုင်းတစ်ခုက ပယ်ချခံရတဲ့
နေသားတကျဘဝနဲ့
ဆန့်ကျင်ဘက်ကမ္ဘာတစ်ခုလို
ကံကိုလည်းအပြစ်မဆိုသာ
မပြေလည်တဲ့ဘဝတွေမှာ ရှိုက်သံသဲ့သဲ့နဲ့
တစ်ခါတစ်ရံတော့ တောင်းဆိုဖူးပါရဲ့
သားလည်းကျောင်းတက်ချင်တယ်မေမေ။

လင်းထွဏ်း(မြိုသာ)

ခေတ်ရဲ့ကြေးမုံပြင်

ကမ္ဘာတစ်ဝန်းက အဖြစ်အပျက်များ
ခေတ်ကိုသွယ်ယှက်ထား
အတိတ် ပစ္စုပ္ပန်တို့ရဲ့စားကျက်ဟာ
တို့များသတင်းစာ။
မျက်မှောက်ရဲ့ မှတ်ကျောက်
လတ်လတ်ဆတ်ဆတ်
အကဲခတ်။
ရှောင်ရန်ဆောင်ရန်သတင်းစာ
မျက်မှောက်ခေတ်ရဲ့ သင်ခန်းစာ။
လူထုဗဟုသုတဘဏ္ဍာစိုး
သုတရသအဖြာဖြာတိုး
ပင်ကိုဉာဏ်တွေ ဆထက်ပိုး
တိုင်းကျိုးပြည်ပြု အလင်းတမန်
တစ်မှုဟုတ်ချင်း ဖွံ့ဖြိုးသန်။
တကယ်အမှန် အဲဒီသတင်း
အကျိုးများပြားဖြစ်ထွန်းခြင်း
ခေတ်ကြေးမုံပြင် ရတနာတွင်း။ ။

အထဝါစိုး(မန္တလေး)

ခေတ်ရဲ့ချည်နှောင်ခံ လွတ်လပ်မှုလေးများ

ယုနွယ်
MA (English) YUFL

တနင်္ဂနွေနေ့ တစ်ရက်မှာပေါ့။ များသောအားဖြင့် ဒီလို တနင်္ဂနွေနေ့မှာတောင် ကျွန်မက အိမ်မှာ တစ်နေကုန်နေခဲပါတယ်။ တစ်ပတ်လုံးမှာ ဒီနေ့တစ်ရက် လေးပဲအားရတာမို့ သူငယ်ချင်းတွေနဲ့တွေ့၊ ရုပ်ရှင်ကြည့်၊ မုန့်စား၊ ဈေးဝယ်ထွက်တာမျိုးလုပ်ရတာကိုး။ ဒါပေမယ့် ဒီတစ်ပတ်တနင်္ဂနွေမှာတော့ အပြင်သွားစရာမရှိတာရော မသွားချင်တာကြောင့်ရော ထူးထူးခြားခြား အိမ်မှာ တစ်နေကုန်နေဖြစ်ခဲ့တယ်။

စာအုပ်တစ်အုပ်၊ ကော်ဖီတစ်ခွက်နဲ့ ကိုယ်နဲ့စိတ်ကို အနားပေးမယ်လို့ တွေးမိပြီး ကော်ဖီတစ်ခွက်ဖျော် နှစ်သက်တဲ့ စာအုပ်တစ်အုပ်ဖတ်ရင်း ဇိမ်ကျနေခိုက်မှာပဲ စူးခနဲ ဝါးခနဲ အော်ဟစ်ရယ်မောသံတွေက နားထဲကို တိုးပြီးဝင်လာတယ်။ နားထဲအဲဒီအသံတွေ ဝင်လာတာနဲ့ တစ်ပြိုင်နက်တည်း စာထဲမှာနှစ်ထားတဲ့ အာရုံတွေက လွင့်သွားလို့ မျက်မှောင်ကြုတ်လိုက်မိတယ်။ ဆူညံသံတွေ ရပ်သွားမလားလို့ ခဏစောင့်နေမိပါသေးတယ်။ မရပ်တဲ့အပြင် ရန်ဖြစ်ငြင်းခုံသံတွေကပါ အဆစ်တိုးပြီး နားကိုဒုက္ခပိုပေးလာပါတယ်။ ဒီတော့ ဒေါသပါ တစ်ဆက်တည်း ထွက်မိတော့တယ်။ ဖတ်လက်စစာအုပ်ကို စားပွဲပေါ်မှာ ချလိုက်ပြီး ဝရန်တာဆီထွက်ခဲ့တယ်။ ဆူညံသံတွေရဲ့ ပင်မ အရင်းအမြစ်ကိုသိရဖို့ တိုက်အောက်ကို ငုံ့ကြည့်လိုက်တော့-ညောင်-ကျောင်းပိတ်ရက်မို့ လမ်းကြားလေးထဲမှာ ကလေးငယ်တွေ ပြေးလွှားကစားနေကြတာကိုး။ ဘောလုံးကန်သူကကန်၊ လိုက်တမ်းပြေးတမ်းကစားသူက ကစားနဲ့။ ကျွန်မရဲ့ဒေါသကြောင့် သုန်မှုန်နေတဲ့မျက်နှာက သူတို့တွေကိုကြည့်ရင်း အလိုလို ပြုံးလာမိတယ်။ ညောင် သူတို့လေးတွေ ကစားကြပါစေ။

ကျွန်မနေတဲ့လမ်းထဲမှာ ကလေးတွေ ဒီလောက်များလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ဘယ်အိမ်မှာ ဘယ်သူတွေနေလို့ ကလေးဘယ်နှယောက်ရှိမှန်းလည်း မသိကြတဲ့ခေတ်ကိုး။ ရန်ကုန်မြို့တော်ကြီးရဲ့ လူနေမှုစနစ်က အထပ်မြင့်တိုက်တွေ၊ တိုက်ခန်းတွေချည်းဖြစ်လာတော့ အကွာအဝေးအရ တွက်မယ်ဆိုရင် အိမ်နီးချင်းတွေဆိုတာ ခြေသုံးလေးလှမ်းနဲ့ နံရံတစ်ချပ်သာသာလောက်သာခြားကြတဲ့ အနီးဆုံးသူတွေလို့ပြောလို့ရပေမယ့် ခင်မင်ရင်းနှီးမှုတွေကတော့ အလုံပိတ်ထားတဲ့ တံခါးချပ်တွေလိုပါပဲ။ သူစိမ်းပြင်ပြင်။ ဒါပေမယ့်လည်း လူတိုင်းလိုလို ခေတ်ရဲ့ပြောင်းလဲမှုကြားမှာ နေသားတကျရှိကြပါတယ်။ သီးသန့်ဆန်တယ်၊ လွတ်လပ်မှုပိုရတယ်ဆိုပြီးတောင် ဒီလိုနေထိုင်မှုစနစ်ကိုမှ နှစ်သက်ကြသူတွေကလည်း အများကြီးပါပဲ။ ဒါပေမယ့် လွတ်လပ်မှုတွေကို ချုပ်နှောင်ခံလိုက်ရသလို မလွတ်မလပ်ဖြစ်နေကြရရှာတဲ့ လူတစ်စုလည်းရှိနေပါသေးတယ်။ သူတို့တွေကတော့ ကလေးတွေပါပဲ။ အထူးသဖြင့် ရန်ကုန်လို မြို့ကြီးပြကြီးမှာ ရှင်သန်ကြီးပြင်းရတဲ့ ကလေးတွေပဲပေါ့။

ကလေးဆိုတာမျိုးက သဘာဝကကို လွတ်လပ်မှုကို နှစ်သက်ကြတာချည်းပါပဲ။ ပြေးချင်လွှားချင်ကြတယ်၊ ဆော့ချင်ပျော်ချင်ကြတယ်။ ခုနပေါက်မြူးထူးနေချင်ကြတယ်။ အဲဒီလို အပြုအမူတွေကပဲ သူတို့ရဲ့ ခန္ဓာကိုယ် ထွားကျိုင်းသန်မာလာမှုကို အထောက်အပံ့ဖြစ်စေနိုင်တယ်။ ဒါ့အပြင် စိတ်ပိုင်းဆိုင်ရာမှာလည်း အပေါင်းအသင်းတွေနဲ့ ဆော့ကစားရတာမို့ တစ်ကိုယ်ကောင်းဆန်စိတ်တွေကို လျော့နည်းလာစေမယ်။ ပတ်ဝန်းကျင်ကို ထိတွေ့ခံစားနိုင်လာမယ်။ ပြီးတော့ အဲဒီလို လွတ်လွတ်လပ်လပ် ကစားနေရတာကပဲ ကလေးဘဝရဲ့အဓိပ္ပာယ်၊ အပျော်ရွှင်ရဆုံး အချိန်ပဲမဟုတ်လား။

ကျွန်မတို့ငယ်ငယ်တုန်းကလည်း ပြေးလွှားဆော့ကစားခဲ့ကြတာပဲလေ။ တစ်ခုရှိတာကတော့ ကျွန်မက နယ်မြို့လေးတစ်ခုမှာ ကြီးပြင်းလာခဲ့ရသူဆိုတော့ ကျွန်မတို့အတွက် ဆော့ကစားရတဲ့နေရာတွေက ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ မိဘတွေကလည်း ကစားတာအလွန်အကျွံဖြစ်မှသာ ဆူကြတာ။ ပုံမှန်ဆော့ကစားတာမျိုးကြောင့်တော့ မဆူကြဘူးလေ။ ကျောင်းကပြန်ရောက်တာနဲ့ အကျီတောင်မလဲဘဲ ခြံကျယ်ကြီးတွေထဲမှာ ခြေကုန်လက်ပန်းကျတဲ့အထိ ပြေးလွှားကစားခဲ့ရဖူးတယ်။ ပတ်ဝန်းကျင်ကို ထိတွေ့စူးစမ်းရတာတွေလည်း ပိုများတယ်။ သစ်ပင်ကြီးတွေ ဆိုလည်း တွယ်တက်ကြတာပဲ။ ပန်းပင်ပန်းပွင့်လေးတွေ ဆိုလည်း ခူးယူနမ်းရှိုက်ခဲ့ဖူးတာပဲ။ အကောင်သတ္တဝါလေးတွေကိုလည်း စူးစမ်းခဲ့ကြတာပေါ့။ ကစားကြရင်း ထိတွေ့မိတဲ့အရာတိုင်းအပေါ်မှာ ပျော်ရွှင်စိတ်တစ်ခုနဲ့ ကလေးသဘာဝ စူးစမ်းကြတာမျိုးပေါ့။ ကစားကြရင်းနဲ့မှ ဒဏ်ရာအနာတရ ဖြစ်ခဲ့ရတာတွေလည်း ရှိတယ်။ ဒါပေမယ့် ကစားမြဲပါပဲ။ သူငယ်ချင်းတွေနဲ့ ရန်ဖြစ်စိတ်ကောက်ကြတာတွေလည်းရှိတယ်။ သူ့ဘက်ကလျှောလိုက် ကိုယ့်ဘက်ကသည်းခံပေးလိုက်နဲ့ ချစ်ခင်မြဲပါပဲ။ အဲဒီလိုဆော့ကစားရင်းနဲ့ပဲ ပတ်ဝန်းကျင်နဲ့လူတွေ အပေါ်မှာ ဘယ်လိုလိုက်လျောညီထွေစွာ ဆက်ဆံရမယ်ဆိုတာကို တစ်စိတ်တစ်ပိုင်း သိနားလည်ခဲ့ရတယ်ဆိုရင်လည်း မမှားပါဘူး။

အခုခေတ် ကျွန်မသိတဲ့ဝန်းကျင်က ကလေးတွေ တော်တော်များများကတော့ အဲဒီလို လွတ်လပ်ခွင့်တွေ မရကြတော့ဘူး။ မြို့ပြကြီးမှာ နေထိုင်ကြီးပြင်းရတာလည်းပါသလို မိဘတွေရဲ့ အုပ်ထိန်းစောင့်ရှောက်မှုပုံစံတွေကလည်း ကွာခြားခဲ့ပါပြီ။ သူတို့လေးတွေခမျာ မြေကြီးပေါ်မှာ ခြေဗလာနဲ့ ပြေးလွှားဆော့ကစားဖို့ဆိုတာ ဝေးစ၊ အထပ်မြင့်တိုက်တွေပေါ်မှာသာ အချိန်ကုန်ရရှာတယ်။ မိဘတွေ ဝယ်ပေးထားတဲ့ အရုပ်တွေနဲ့သာ အိမ်ပေါ်မှာပဲ ရှာကြံပြီး

ကလေးဆိုတာမျိုးက သဘာဝကကို လွတ်လပ်မှုကို နှစ်သက်ကြတာ ချည်းပါပဲ။ ပြေးချင်လွှားချင်ကြတယ်၊ ဆော့ချင်ပျော်ချင်ကြတယ်။ ခုနပေါက်မြူးထူးနေချင်ကြတယ်။ အဲဒီလို အပြုအမူတွေကပဲ သူတို့ရဲ့ခန္ဓာကိုယ် ထွားကျိုင်းသန်မာလာမှုကို အထောက်အပံ့ဖြစ်စေနိုင်တယ်။ ဒါ့အပြင် စိတ်ပိုင်းဆိုင်ရာမှာလည်း အပေါင်းအသင်းတွေနဲ့ ဆော့ကစားရတာမို့ တစ်ကိုယ်ကောင်းဆန်စိတ်တွေကို လျော့နည်းလာစေမယ်။ ပတ်ဝန်းကျင်ကို ထိတွေ့ခံစားနိုင်လာမယ်။ ပြီးတော့ အဲဒီလို လွတ်လွတ်လပ်လပ် ကစားနေရတာကပဲ ကလေးဘဝရဲ့အဓိပ္ပာယ်၊ အပျော်ရွှင်ရဆုံး အချိန်ပဲမဟုတ်လား။

ပျော်ကြရရှာတယ်။ ဒါတောင် မိသားစုများတဲ့အိမ်ဆိုသူတို့အတွက် ကစားရမယ့်နေရာကရှားလို့ မလွတ်မလပ်နဲ့ပဲ ဆော့ကြရသေးတယ်။ ခုနပေါက်ပြေးလွှားကစားချင်စိတ်ဆိုတာက ဘယ်ခေတ်ရဲ့ကလေးတိုင်းမှာမဆို ရှိကြပေမယ့် ကလေးတော်တော်များများက အဲဒီလိုစိတ်တွေပျောက်သွားတာကတော့ ခေတ်ဝန်းကျင်က ပုံသွင်းပေးလိုက်တာလို့ပဲ ပြောရမှာပဲ။ ဒီကြားထဲ နည်းပညာတွေကလည်း တိုးတက်လာလေတော့ ကလေးတွေရဲ့ ပြေးလွှားဆော့ကစားချင်တဲ့ စိတ်နေရာမှာ ဖုန်းနဲ့ဂိမ်းကစားဖို့သာ အာရုံကျလာကြတယ်။ တစ်နေရာတည်းမှာငြိမ်ပြီး ဆော့ကစားရတဲ့အတွက် တချို့ မိဘတွေကတော့ မျက်စိအောက်မှာတင် သားသမီးလေးတွေရှိနေတာမို့ ကျေနပ်ကောင်းကျေနပ်နေကြမှာပါပဲ။ ဒါပေမယ့် ကိုယ်လက်လှုပ်ရှားမှုနည်းသွားတာ၊ ပေါင်းသင်းဆက်ဆံရေးမှာ အားနည်းလာတာ၊ တစ်ကိုယ်ကောင်းဆန်တတ်လာတာမျိုးကိုတော့ သတိပြုသင့်ပါတယ်။ မြေမထိ၊ နေမထိ၊ လေမထိ ရလေအောင်ကို ပိုးမွေးသလို တယုတယနဲ့ မွေးတာက တကယ်တော့ ချစ်ရာမရောက်ပါဘူး။

ဒီနေရာမှာကြုံလို့စဉ်းစားမိတာလေးရှိတယ်။ ကိုရီးယားနိုင်ငံက ပရိုဂရမ်တစ်ခုပါ။ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်ဖခင်တွေက မိမိရဲ့ကလေးငယ်လေးတွေကို ဘယ်သူ့အကူအညီမှမပါဘဲ ၄၈ နာရီကြာအောင် ပြုစုစောင့်ရှောက်ရတဲ့ အစီအစဉ်လေးတစ်ခုပေါ့။ ကလေးတွေရဲ့ ကိုယ်ပိုင်ရောစိတ်ပိုင်းဆိုင်ရာပါ ဖွံ့ဖြိုးတိုးတက်လာအောင် သူတို့တွေ ဘယ်လိုနည်းတွေနဲ့ ပျိုးထောင်နေကြလဲဆိုတာကို စိတ်ဝင်စားလို့ စောင့်ကြည့်မိပါတယ်။ အစားအသောက်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုတော့ မပြောတော့ပါဘူး။ ကျွန်မအဓိကပြောချင်တာကတော့ ကလေးတွေကို ကိုယ့်အားကိုယ်ကိုးတတ်လာအောင် လေ့ကျင့်ပေးမှုနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ထိတွေ့ပေးမှုတွေပါပဲ။ အဲဒါကတော့ သူတို့နဲ့ကျွန်မတို့ အကွာကြီးကွာသွားပါတယ်။ ပြောင်းပြန်ဖြစ်နေတယ်လို့တောင် ပြောလို့ရပါတယ်။

သူတို့က ကလေးတွေကို နေရာတိုင်းမှာ သည်းသည်းလှုပ်လိုက်ပြီးဂရုမစိုက်ကြဘူး။ ဥပမာဆိုရရင် ကလေးတွေ နည်းနည်းကြီးလာပြီဆိုတာနဲ့ ကိုယ့်ဇွန်းကိုယ်ကိုင်ပြီး ထမင်းစားခိုင်းတာပဲ။ ဖိတ်တာတွေညစ်ပတ်ပေရေတာတွေ ရှိပေမယ့် လွတ်ထားလိုက်တယ်။ ကလေးတွေကလည်း ခွံ့ကျွေးတာထက် သူတို့ဘာသာကိုင်စားရတာကိုပဲ နှစ်သက်လာကြတယ်။ ကျွန်မတို့မှာက ကလေးအရွယ်ရောက်လို့ တော်တော်ကြီးတဲ့အထိ တယုတယလိုက်ပြီး ခွံ့ကျွေးနေကြတုန်းပဲ။ ဒီတော့ ကလေးတွေက အမေမရှိရင်ဘဲ ထမင်းမစားတတ်တော့သလို ဖြစ်ကြပြီပေါ့။ နောက်ပြီး ကလေးတွေ ချော်လဲကျတာမျိုးဆိုရင် ချက်ချင်းပြေးမထူကြဘူး။ ကလေးက ပတ်ဝန်းကျင်ကိုကြည့်လို့ ဘယ်သူမှရှိမနေဘူးဆိုရင် ကိုယ့်ဘာသာကိုယ် ကုန်းရုန်းထတာပါပဲ။ ငိုလည်းမငိုဘူး။ ကျွန်မတို့ဆီမှာက ကလေးက ဖြစ်တာနည်းနည်းမိဘတွေက သည်းသည်းလှုပ်ပြတာများများ ဖြစ်လေတော့ မိဘအကူအညီမပါဘဲ မထတတ်တော့ဘူး။ ကိုယ့်အားကိုယ်မကိုးချင်တော့ဘူး။ ဒါပေမယ့်လည်း မိဘတွေ ကိုယ်တိုင်ကလည်း သားသမီးက ကိုယ့်အပေါ်အားကိုးနေတာကိုပဲ ကျေနပ်နေကြပြန်ရော။ ကိုယ့်အားကိုယ်ကိုးစိတ်ဆိုတာ အရွယ်ရောက်မှ ဝုန်းခနဲ ထဖြစ်လာတဲ့ စိတ်မျိုးမဟုတ်ပါဘူး။ မိဘရဲ့ ပြုစုပုံသွင်းမှုအပေါ်မှာ မူတည်ပြီးဖြစ်လာရတဲ့အတွက် အသေးအဖွဲကစလို့ သူတို့က သူတို့ရဲ့ ကလေးတွေကို ပုံသွင်းလေ့ကျင့်ပေးနေကြတာလို့ မြင်မိပါတယ်။

သူတို့နိုင်ငံက တိုးတက်ချမ်းသာပြီးသားနိုင်ငံတစ်ခု ဆိုတာကတော့ ပြောနေစရာမလိုပါဘူး။ ခေတ်မီပစ္စည်းအစုံ အလင်တွေနဲ့ ဘဝနေထိုင်မှုကလည်း အဆင့်အတန်းမြင့်ကြတယ်။ သူတို့တွေလည်း မိုးမျှော်တိုက်ကြီးတွေပေါ်မှာ တသီးတသန့်နေကြရတာပါပဲ။ ပုံမှန်ဆို သူတို့ရဲ့ ကလေးတွေလည်း သဘာဝနဲ့ အလှမ်းဝေးပါတယ်။ ဒါပေမယ့် သူတို့က ကလေးတွေကို သဘာဝနဲ့ ဆက်သွယ်ခံစားနိုင်ရေးမှာ လျစ်လျူရှုမထားဘဲ အသားပေးပျိုးထောင်နေကြတာကို တွေ့ရတယ်။ ဥပမာ- ကျွန်မတို့မှာဆိုရင် ကလေးတွေမြေကြီးပေမှာကိုတောင် ကြောက်နေကြတဲ့ အချိန်မှာ သူတို့က ကလေးတွေကို ရွှံ့ညွှန်အိုင်တွေဆီမှာ ရွှံ့တွေနဲ့လူးပြီး ဆော့ကစားခိုင်းတာမျိုး၊ အရွက်လေးတွေကို ကိုယ်တိုင်ခူး၊ သတ္တဝါလေးတွေကို ကိုယ်တိုင်အစားကျွေး၊ ကိုယ်တိုင်ထိတွေ့ခိုင်းတာမျိုး စတာတွေနဲ့ ကလေးတွေကို ပြုစုပျိုးထောင်ပေးနေကြတယ်။ ကလေးတွေကလည်း အဲဒီလို သဘာဝကြီးနဲ့ထိတွေ့မှုတွေကနေ ကောင်းမွန်တဲ့ စိတ်ထား၊ အပြုအမူတွေနဲ့ ကိုယ်စိတ်ကျန်းမာခြင်းတွေကို တဖြည်းဖြည်းနဲ့ ရလာတော့တာပါပဲ။ နာမည်ကြီးတွေမှ ပိုက်ဆံအများကြီးချမ်းသာမှ လိုက်လုပ်နိုင်တဲ့အရာတွေလည်း မဟုတ်ပါဘူး။ သူတို့မှာတောင် နည်းပညာအားကိုးနဲ့ ဖန်တီးထားရတာတွေရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ အဲဒီလို သဘာဝတွေက အများကြီးရှိနေပါသေးတယ်။

မိဘတွေအနေနဲ့ ကလေးတွေကို ပညာရေးဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့တော့ လွတ်လပ်ပျော်ရွှင်စွာ ပြေးလွှားကစားခွင့်ကို မပိတ်ပင်သင့်ပါဘူး။ မြို့ကြီးမှာ နေတဲ့မိဘတွေလည်း အချိန်ပေးပြီး ပန်းခြံလိုက်ပို့တာပဲ ဖြစ်ဖြစ်၊ ကစားကွင်းမှာ ကလေးတွေကိုကစားစေတာမျိုးပဲ ဖြစ်ဖြစ်၊ သဘာဝတရားတွေနဲ့ ရင်းနှီးကျွမ်းဝင်စေတာပဲ ဖြစ်ဖြစ် လုပ်လို့ရတာတွေရှိပါတယ်။ ပညာသာတော်ပြီး ရှုံ့နာရှိုက်ကုန်းဖြစ်နေတဲ့ ကလေးတွေထက် ပညာရေးမှာ လည်းတော် ကိုယ်စိတ်နှစ်ပါးစလုံးလည်း အဘက်ဘက်မှာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာတဲ့ ကျန်းမာထက်မြက်တဲ့ ကလေးတွေကသာ ဘဝကို ပိုပြီးအောင်မြင်ပျော်ရွှင်စွာ ဖြတ်သန်းနိုင်မှာပါ။

ဒါကြောင့်လည်း ကျွန်မရဲ့ အနားယူချိန်ကို နှောင့်ယှက်ဖျက်ဆီးလိုက်တဲ့ ကလေးတွေရဲ့ ရယ်သံမောသံ အော်သံဟစ်သံတွေက ကျွန်မကို ပြုံးမိစေတာပါပဲ။ အမြဲတမ်း အခန်းကျဉ်းလေးထဲမှာ စာကျက်လိုက်၊ ဂိမ်းဆော့လိုက် လုပ်နေရတာပဲများတဲ့ သူတို့လေးတွေအဖို့ အခုလို ကားအသွားအလာရှင်းတဲ့နေရာလေးကို အပိုင်စီးပြီး ပြေးလွှားကစားနေချိန်က အပျော်ရွှင်ဆုံးဖြစ်နေမှာပါ။ သူတို့လေးတွေရဲ့မျက်နှာပေါ်က အပြုံးတွေမပျောက်ပါစေနဲ့။ သူတို့လေးတွေ လွတ်လပ်ပျော်ရွှင်စွာ ကစားကြပါစေ၊ ကစားနိုင်ကြပါစေ။ ။

အစာနှင့်စာ

ခန္ဓာဖွံ့ထွား အစာစားသို့
ဦးနှောက်ဖွံ့ထွား သိဉာဏ်ပွားဖို့
စာပေဖတ်ရှု မှတ်တမ်းပြုလော့။
လောကလူ့ရှာ ဤကမ္ဘာဝယ်
ဥစ္စာမရ သိဉာဏ်မတိုး
ဤလူ့မျိုးကား
အန္ဓအမှောင် ပိတ်ကာလှောင်သည်
ဘယ်မှာလူပြောင်ဖြစ်အံ့နည်း။ ။

အရှင်ဣန္ဒဝံသ(ရွှေမောက်သားလေး)

ချိုးဌက်ကူသံ သာပါစေ

သံလွင်ခက်ပျောက်နေတဲ့
ချိုးဌက်ကလေးထအပျံမှာ
သေနတ်သံတွေ ဝဲရဲပွက်သွားတယ်
ငြိမ်းချမ်းရေးဝတ်ရုံမှာ
အပေါက်တွေ ဗဒုပ္ပနဲ့။
ပြန့်ကျဲနေတဲ့ ကျည်ဆန်တွေကြား
နှလုံးသားတွေ သေ သွားတယ်
သေနတ်ကိုင်လက်တွေကြားမှာ
မြေစာမြက်တွေ ကြေမွလို့
အနီဌာရုံကြားမှာ
အိပ်ပျက်ရသူတွေ များခဲ့ပြီ။
အာယာတ ဝေတွေကိုလျှော့
အားလုံးကသွေးချင်းတွေပဲ
တွဲလက်တွေ ညီညာပြီး
ငြိမ်းချမ်းရေးဝတ်ရုံသစ်မှာ
အတူ ခိုလှုံကြမယ်။
ညီညွတ်ခြင်းတေးသံကြားမှာ
ချိုးဌက်ကူသံ သာပါစေ။ ။

မေစကားဝါ
တတိယနှစ်(P&O)၊ ဆေးဘက်ဆိုင်ရာ
နည်းပညာတက္ကသိုလ်(ရန်ကုန်)

ကိုတံဝါ

မြစ်လယ်လှေ ပျိုင်းရိုက်
အမ္ပိုက်ဒိုက် ယှက်လိမ်
တိမ်မင်တွေ နေ ပိတ်(ဝေတော့)
မိုးရိပ်ကမည်း။
ငါးမုတ်နဲ့ ငါးတံခွန်
ပုစွန်၊ ကဏန်းရယ် ချိုချို
ကိုတံဝါ ဝမ်းစာအတွက်မိုက်(ရတယ်)
ပိုက်ကွန်ကို ဝဲ။ ။

ဝိုင်ပြာ
နောက်ဆုံးနှစ်၊ အင်္ဂလိပ်စာ၊
အနောက်ပိုင်းတက္ကသိုလ်(ရန်ကုန်)

ကြေးမုံ ကြော်ငြာ ADVERTISEMENT

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်၊ တနင်္ဂနေနေ့

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ ထ(ခွဲ)၊ သရက်တောကျေးရွာမှ မအိသူ လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမော်(၁၄/၀ခမ(နိုင်)၁၄၈ ၁၃၂၂) ဖြစ်ပါသည်။

မြေကွက်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ(၂)လမ်း၊ ပေ(၄၀×၆၀)၊ ဂရန် အမည်ပေါက်၊ ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

ဖုန်း-၀၉-၅၁၀၁၆၆၀၊ ၀၉-၉၆၅၁၀၁၆၆၀

မြန်မာပြည်ထိုက်ဂွမ် အောင်အမျိုးအနွယ်အသင်း (၁၀၆)ကြိမ်မြောက်နှစ်ပတ်လည်အခမ်းအနား ဖိတ်ကြားလွှာ

(၁၀၆)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး (ညစာစားပွဲ)နှင့် ဘိုးတော်မွေးနေ့ကန်တော့ပွဲ (လက်ဖက်ရည်ပွဲ)ကို ကျင်းပမည် ဖြစ်ပါ၍၊ အောင်အမျိုးအနွယ်များအားလုံး တက်ရောက်ပါဝင်ဆင်နွှဲကြပါရန်၊ ဧလေးစားခင်မင်လျှာ ဖိတ်ကြားအပ်ပါသည်။

ဘိုးတော်မွေးနေ့ကန်တော့ပွဲ(လက်ဖက်ရည်ညှော်ခံပွဲ)

အချိန် -------- နံနက် (၇း၃၀ မှ ၁၀း၃၀)

နေ့စွဲ -------- ၁၂-၁၀-၂၀၁၆ (စုဒွေဟူးနေ့)

နေရာ -------- အမှတ်(၆၉)၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၊ရန်ကုန်မြို့၊

နှစ်ပတ်လည်အသင်း စုံညီအစည်းအဝေး (ညစာစားပွဲ)

အချိန် -------- ညနေ (၆း၀၀)နာရီ

နေ့စွဲ -------- ၁၅-၁၀-၂၀၁၆ (စနေနေ့)

နေရာ -------- ကုက္ကိုင်းဘုရားဧကျောင်း၊ ရန်ကုန်မြို့။

- မိတ်ဆုံညစာစားပွဲလက်မှတ်ကို အသင်းသားများအားလုံး ၂၀-၉-၂၀၁၆ မှ ၅-၁၀-၂၀၁၆ အထိ ပွန်းလွဲ(၂း၀၀)မှ ညနေ(၈း၀၀)အထိ အသင်းတည်နေရာ အမှတ်(၆၉)၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၌ လာရောက်ထုတ်ယူနိုင်ပါကြောင်း။
- အသင်းဝင်မဟုတ်သေးသော အောင်အမျိုးအနွယ်များလည်း အသင်းဝင်ပုံစံ ပြည့်ရွက်ကာ မိတ်ဆုံညစာစားပွဲလက်မှတ် ထုတ်ယူနိုင်ပါကြောင်း။
- ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သော အောင်အမျိုးအနွယ် သားသမီးများကို ဆုချီးမြှင့်နိုင်ရန် ၃၀-၉-၂၀၁၆မနေ့ နောက်ဆုံးထား၍ စာရင်းပေးပို့ပါရန်။

ပွဲမြစ်မြောက်ရေးကော်မတီ

အမှတ်(၆၉)၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၀၁-၂၃၁၄၃၃၄

စုံစမ်းရန်

(ဦးလှဝင်း) ၀၉-၄၃၁၁၅၁၃၉၉၊ (ဦးလှထွန်း) ၀၉-၅၁၁၄၁၃၀၅၊
(ဦးခင်မောင်လှ) ၀၉-၅၀၈၆၇၀၄၆)

Manpuku

JAPANESE BBQ
BUFFET STYLE

 လူကြီး 12,800 Ks
ကလေး (၃ပေခွဲ မှ ၄ပေ) 7,000 Ks
ကလေး (၃ပေခွဲအောက်) FREE

အဝသောက် 4,800Ks
Promotion ရိုးသားတယ်နော်

(၁)သိန်းကျပ် သုံးစွဲတိုင်း 5,000 Ks Coupon လက်ဆောင်ပေးနေပါသည်
ဆိုင်ဖွင့်ချိန် (3:00pm ~ 11:00pm) Last Order နောက်ဆုံးမှာကြားရန် (10:00pm)
အမှတ် (26/26B) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရထားသံလမ်းအနီး။
Ph: 099 6155 5966, 099 6155 5977, 09 8300 426

Cambridge English - 4 skills English Speaking
TOEFL IELTS SAT GRE GMAT

MAY EDUCATION CENTRE
91 (A) Banyadala Road, Bahan Township, Yangon, Myanmar. Tel: (01) 544 224, (01) 545 375
Mobile : (09) 964 544 224, (09) 964 545 375, (09) 785 003 978
Weekdays Class
Weekend Class

FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၄၃
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၅၂၄
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇
ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျငယ်ယူနိုင်ပါသည်

ATH Engineering Group
AIR-CON SERVICES

ပြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး၃၁-ဥပဒေအမိန့် - ၅)၊ နည်းဥပဒေ - ၂၁)
ပဲခူးခရိုင်တရားရုံး
၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၃
(တရားလို)
နှင့်
(တရားရို)
(တရားမြို့နှင့်များ)
(ပေးရေးဝေါဟာရ)

Golden Heir Trading Co., Ltd.
金承贸易有限公司 (Ming Lea Tape)
Sunshade
Design
(Discount 10%)
G-mail : goldenheir.myanmar@gmail.com

Billon Gain ကုမ္ပဏီလီမိတက်၏
အစုရှယ်ယာများ လွှဲပြောင်းခြင်းနှင့် ရှယ်ယာဝင်များ
နုတ်ထွက်ကြောင်း
အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကုန်သည်လမ်း၊ အမှတ်(၁၄၀)တွင် ဖွင့်လှစ်ထားသည့် Billon Gain ကုမ္ပဏီလီမိတက်၌ အစုရှယ်ယာရှင်များအဖြစ်ပါရှိသော ကုမ္ပဏီ၏ ဒုဥက္ကဋ္ဌဦးဝေစိုး၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးအောင်စိုး၊ ဒါရိုက်တာဦးဝင်းဝဏ္ဏဝင်း၊ ဒါရိုက်တာဦးကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁၄-၉-၂၀၁၆ရက်နေ့ Billon Gain ကုမ္ပဏီ၏ အစုရှယ်ယာဝင် ဒါရိုက်တာများအားလုံး ပါဝင်ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ဝင်(အထူး) အစည်းအဝေးတွင် ကုမ္ပဏီ၏ ဒုဥက္ကဋ္ဌ ဦးဝေစိုး၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးအောင်စိုး၊ ဒါရိုက်တာ ဦးဝင်းဝဏ္ဏဝင်း၊ ဒါရိုက်တာ ဦးဝင်းကျော်တို့က ၎င်းတို့၏ပိုင်ဆိုင်သော အစုရှယ်ယာများကို ကုမ္ပဏီ၏ဥက္ကဋ္ဌ ဒေါ်ဥမ္မာလွင်နှင့် ဒါရိုက်တာများဖြစ်သည့် ဦးဇော်လှိုင်၊ ဦးအောင်ကို ကိုလှိုင်တို့အား အပြီးအပိုင်လွှဲပြောင်းပေးအပ်၍ ကုမ္ပဏီမှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခြင်းကို ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဒေါ်ဥမ္မာလွင်နှင့် ဒါရိုက်တာများဖြစ်သည့် ဦးဇော်လှိုင်၊ ဦးအောင်ကိုလှိုင်တို့က လက်ခံပါကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ အစုရှယ်ယာများ လွှဲပြောင်းလက်ခံခြင်း၊ သဘောတူစာချုပ်ကိုလည်း ၁၄- ၉- ၂၀၁၆ ရက်နေ့တွင်ပင် ချုပ်ဆိုလွှဲပြောင်းခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် Billon Gain ကုမ္ပဏီ၏ ရရန်/ပေးရန်ရှိသည်များနှင့်ပတ်သက်၍ ဦးဝေစိုး၊ ဦးမျိုးအောင်စိုး၊ ဦးဝင်းဝဏ္ဏဝင်း၊ ဦးဝင်းကျော်တို့သည် မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အစုရှယ်ယာလွှဲပြောင်းပေးသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ထွေး(L.L.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂/၁၃-၁၀-၉၈)
အမှတ်(၃၁-ယ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)
ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁)ဒေါ်နွဲ့နွဲ့ရီ(၇/မလန(နိုင်)၀၀၀၇၇၆)၊ (၂) ဦးမြင့်ချို(၁၂/ခရန(နိုင်)၁၀၅၃၈၉)၊ (၃) ဦးသောင်းမြင့်(၁၂/သကတ(နိုင်)၀၅၃၆၆၀၂)၊ (၄) ဒေါ်သန်းသန်းဝင်း(၁၂/သကတ(နိုင်)၀၂၀၉၂၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်နွဲ့နွဲ့ရီပိုင်အမှတ်(၆၇၀/က)၊ ဦးမြင့်ချိုနှင့် ဦးသောင်းမြင့် (၂)ဦးပိုင်အမှတ်(၆၈၆/ဂ+ခ)၊ ဒေါ်သန်းသန်းဝင်းပိုင် အမှတ်(၆၈၇/က)၊ ဝေဃန္ဓာ(၁၅)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော မြေပေါ်ရှိ အဆောက်အအုံ အဟောင်းများကို ဖြိုဖျက်၍ အနန်းပေးအခန်းယူနစ်ဖြင့် (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာဟုအဆိုရှိသူ ဦးကျော်ရွှေ(၁၂/ပဘတ(နိုင်)၀၁၈၂၇၉)နှင့်စာချုပ် ချုပ်ဆိုထားရာ ဆောက်လုပ်မည့်ကာလကို (၂)ကြိမ်မျှ တိုးမြင့်ပေးခဲ့သော်လည်း စာချုပ်ပါစည်းကမ်းချက်များ အတိုင်း ပြီးစီးခြင်းမရှိပါ၍ ၂၀-၂-၂၀၁၄ရက်စွဲပါ စာချုပ်နှင့် နောက်ဆက်တွဲ ၁၈-၅-၂၀၁၅ ရက်စွဲပါ စာချုပ်များသည် ပျက်ပြယ်ချုပ်ငြိမ်းပြီးဖြစ်သည့်အပြင် မှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာများကိုလည်း သတင်းစာကြေညာခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ တရားဝင်အကြောင်းကြားခြင်းများ၊ တာဝန်ယူဆောက်လုပ်မည့် ကန်ထရိုက်တာအမည်ပါ အစိမ်းရောင်ဆိုင်းဘုတ်များကိုလည်း ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်၍ ကျွန်ုပ်တို့၏ မိတ်ဆွေ(၃) ဦးပိုင်မြေများအား ပိုင်ရှင်များကိုယ်တိုင် လက်ရောက်ရယူပြီး လွတ်လပ်စွာ စီမံခန့်ခွဲခြင်း ပြုနေပြီဖြစ်ပါကြောင်းနှင့် ကြိုပြိုင်ဝယ်ယူထားသူများရှိပါက နောက်နောင်ဖြစ်ပေါ်လာမည့် ကိစ္စအဝဝတို့သည် ကန်ထရိုက်တာနှင့်သာသက်ဆိုင်ပါကြောင်း မြေပိုင်ရှင်များနှင့် လုံးဝ(လုံးဝ) သက်ဆိုင်မှုမရှိပါကြောင်း ကန်ထရိုက်တာ ဦးကျော်ရွှေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့ဝေ	**ဒေါ်တင်ဇာကျော်**
LL.B, D.B.L	**LL.B, D.B.L, YUFL(Eng;)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၇၈၉၂)	**(စဉ်-၄၄၁၀၆)**

အမှတ်-၂၀၃၊ ၃-လွှာ၊ မဟာပန္ထလေယန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

a|unmc;uf

နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နယ်စပ်အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဌာနများတွင် လစ်လပ်လျက်ရှိသော ၃-ကြိုးကြပ်ရေးမှူး(အစားအသောက်)၊ ဆေးဘက်ဂျွမ်းကျင်-၂(ဆေးဝါး)၊ ဓာတ်ခွဲကျွမ်းကျင်-၂၊ ဓာတ်ခွဲကျွမ်းကျင်-၃နှင့် ဓာတ်ခွဲကျွမ်းကျင်-၄ ရာထူးနေရာများအတွက် လျှောက်လွှာပြိတ်ရက်ကို ၁၄-၉-၂၀၁၆ရက်အစား ရပ်ဝေးမှ အမှုထမ်းလိုသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ သိရှိမှုနှောက်ကျသူများအတွက် လျှောက်လွှာပိတ်ရက်ကို ၂၈-၉-၂၀၁၆ရက်သို့ ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

pl|ly|yd&;ar;jrLa&;EdSqnf|rmif|Dedu|D|me &Sdynf , ful;vufa'ozl|dvl|vufa&;OD|D|me tvdrfifwif|ac: , l&;vkdef|aumfwD (tvdrfifwif|ac: , lcif)

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အောက်ဖော်ပြပါ မြို့နယ်ရုံး(၁၂)ရုံး တည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က)ကလော၊ ရပ်စောက်၊ ဟိုပုံး၊ ဆီဆိုင်၊ ရွာင်း၊ နမ့်စန်၊ မိုးနဲ၊ သိန်းနီ၊ နောင်ချို၊ မဘိမ်း၊ နမ့်ခမ်း၊ မိုင်းဖြတ်

၂။ (က) တင်ဒါစတင်ရောင်းချမည့်နေ့ရက် -၁၂-၉-၂၀၁၆(တနလာနေ့)

(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းရက် -၁၀-၁၀-၂၀၁၆(တနလာနေ့)

(ဂ) တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်-၁၁-၁၀-၂၀၁၆(အင်္ဂါနေ့)

၃။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ်(၀၈၁-၂၁၄၂၅၀၊ ၀၈၁-၂၁၄၄၈၁)များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

tvdrfOD|ifwif|ac: , l&;vkdef|aumfwD (tvdrfifwif|ac: , lcif)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန(လမ်းတံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Thermoplastic (အဖြူ/အဝါ) (၅၀၀) တန်

(ခ) ယာဉ်ထိန်းလုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများ 1 Lot

၂။ စေ့းနှုန်းလွှာပိတ်ရက်မှာ ၂၃-၉-၂၀၁၆ရက်၊ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်း၀ယ်ယူရေးဌာနစုတွင် ၀ယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃စ၈၇၃၂၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်း၀ယ်ယူရေးအဖွဲ့

j|iifc;uf kwf|efqif|rm (w&m;rusifkd|dya' trel|5 enf|Dya'-20) &efukd|ta&;|Ed|kc½|kd|vw&m;½|kd 2016ck|Sdw&m;rusD|tr|Sif 616

ဦးနေဝင်းအောင်(ခ)ကျူတန်ဖောင်	နှင့်	ဦးခင်မောင်သန်း
တရားလို		တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၄၅)နေ ဦးခင်မောင်သန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနေဝင်းအောင်(ခ)ကျူတန်ဖောင်က ကတိပဋ္ဌာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်(၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ကိုကိုနိုင်)**

ဒုတိယခရိုင်တရားသူကြီး(၁၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

tvdrfOD|ifwif|ac: , l&;vkdef|aumfwD

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၅၅) ဟု ခေါ်တွင်သော မြေပေါ်၌ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တိုက် အဆောက်အအုံ၏ အခန်းအမှတ်(002)၊ ပထမထပ်၊ အကျယ်ပေ(၁၀၈၁) စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုအောင်က အဖိုးစားနားပေးချေကာ ဝယ်ယူထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်နှင်းယုအောင်၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ပါးထံသို့ လွှဲပြောင်းရောင်းချ စွန့်လွှတ်ပေးကမ်းမှု တစ်စုံတစ်ရာမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းထွန်(အထက်တန်းရှေ့နေ)

(စဉ်-၂၄၉၀၈)

ဖုန်း-၀၉-၇၉၈၂၂၁၃၇၆၊ ၀၉-၄၃၂၀၁၀၅

ar;Gu|ufZtrSif

ကချင်ပြည်နယ်၊ မိုးကောင်းမြို့ အထက(နမ္မတီး) ဒသမတန်း (F)မှ မစန္ဒာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၂၀၀၀ ဖြစ်ပါသည်။

zciftrnfefSif

မိုးကောင်းမြို့၊ အထက(၁) ဒသမတန်း(B_1)မှ မသက်သက်မိုး၏ ဖခင်အမည်မှန်မှာ ဦးစောမိုးထွန်းဦး [၅/ရဥန(နိုင်)၀၀၃၅၄] ဖြစ်ပါသည်။

zciftrnfefSif

မြစ်ကြီးနားမြို့၊ အထက(၁) ဒသမတန်း(A_1)မှ မောင်လရှီးဆိုင်း ထွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးနော်ဆိုင်း [၁၃/ကခန(နိုင်)၀၃၀၁၃၀] ဖြစ်ပါသည်။

1965ck|Sdw&m;rusif|Sif;vkH;k(pif&k&,ftx.u(1)vom au;mif|fom;a[mifr;m;\(24)|udk|jrmufrwfq&m|ykZmf|yEdSifwif|ac: , l&;vkdef|aumfwD

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ (စင်ထရယ်) အ. ထ. က(၁)လသာ ကျောင်းသားဟောင်းများသည် (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၆ရက် (သီတင်းကျွတ်လပြည့်နေ့) (တနင်္ဂနွေနေ့) နံနက် စနာရီတွင် အ. ထ. က(၁) လသာ(ဗဟိုစံပြခန်းမဆောင်)၌ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ယခင် (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ၌ ဆရာ၊ ဆရာမ (၇၁)ဦးအား တစ်ဦးလျှင် ငွေသား ၃၃၀၀၀၀၀/(သုံးသိန်းသုံးသောင်း) နိုင်ငံခြားဆေးသေတ္တာတစ်လုံး၊ တိုင်းရင်းဆေးများနှင့် သစ်သီးများ၊ အဝတ်အထည်များဖြင့် ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။

ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ယခင်နှစ်ကကဲ့သို့ ထိုက်ထိုက်တန်တန် ပူဇော်နိုင်ရန်အတွက် အလျှုငွေများကို အောက်ဖော်ပြပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လျှုဒုါန်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) ဦးအောင်ခိုင်	၀၉-၅၁၆၈၉၆၈	(၇) ဦးအေးထွန်း	၀၉-၅၁၅၉၂၇၂
(၂) ဗိုလ်မှူးချစ်ညွှန့်(ငြိမ်း)	၀၉-၂၅၀၃၇၆၂၉	(၈) ဗိုလ်မှူးခင်ညိ(ငြိမ်း)	၀၉-၂၅၀၃၇၅၅၄၆
(၃) ဦးနိုင်ငြေးဝင်း	၀၉-၅၁၈၇၂၁၂	(၉) ဦးစိန်ထွေး	၀၉-၃၂၂၂၅၃၃၆
(၄) ဦးခင်မောင်ကြီး	၀၉-၇၉၈၄၀၂၄၉၂	(၁၀) ဦးအမင်း	၀၉-၂၅၄၀၁၆၀၁၅
(၅) ဦးခင်မောင်စိန်	၀၉-၅၀၀၄၀၅၂	(၁၁) ဦးထင်ကျော်	၀၉-၅၁၈၆၀၂၁
(၆) ဦးခင်မောင်ဘို	၀၉-၄၃၀၅၁၁၁	(၁၂) ဦးအောင်မြင့်	၀၉-၃၁၂၉၃၁၅

wwm;tokd|cau|mufc|Sif|vkdef|aqmif|ufef tvdrfifwif|ac: , l&;vkdef|aumfwD (tvdrfifwif|ac: , lcif)

မွန်ပြည်နယ်အတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော စစ်တောင်းတံတား၏ ၁-၁၀-၂၀၁၆ရက်မှ ၃၀-၉-၂၀၁၉ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား- စစ်တောင်းတံတား (မြန်မာ့မီးရထား သိမ်ဇရပ်၊ မီးရထားတံတား)

(ခ) စေ့းနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ၀ယ်ယူနိုင်သောနေရာ - မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့။

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေ့ရက်နှင့် အချိန် - ၂၇-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ - မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့။

(င) အိတ်ဖွင့်တင်ဒါဖွင့်လှန်မည့် နေ့ရက်နှင့် အချိန် - ၂၇-၉-၂၀၁၆ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီ

(စ) အိတ်ဖွင့်တင်ဒါဖွင့်လှန်မည့်နေရာ - မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့။

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါ၀ယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် ၂၁-၉-၂၀၁၆ရက်မှ ၂၆-၉-၂၀၁၆ရက်၊ ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်-၀၅၇-၂၄၈၂၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးတွန့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့

v|ykppf|ESif|rf;t i|Ed|kufu|D|me jref|mk&e|Hwk|A' v|ykdef| wif|ac: , l&;vkdef|aumfwD

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့/ဖြန့်ဖြူးရေးဌာနမှ အသုံးပြု၍ မရတော့သည့် စက်ပစ္စည်းဟောင်း(၄၉)မျိုးတို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစရောင်းချမည့်ရက် - ၁၉-၉-၂၀၁၆ရက်မှ ၁၄-၁၀-၂၀၁၆ရက် အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၇)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဇိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါတင်သွင်းရန်နောက်ဆုံးရက်-အချိန်နှင့် နေရာ ၁၄-၁၀-၂၀၁၆(သောကြာနေ့)၊ ၁၂း၀၀ နာရီ ရုံးအမှတ်(၄၇)၊ နေပြည်တော်

၅။ တင်ဒါဖွင့်ပွဲပြုလုပ်မည့် နေ့ရက်နှင့် အချိန် - ၁၄-၁၀-၂၀၁၆(သောကြာနေ့) ၁၄း၀၀ နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၉၁၂၅၀၊ ၀၆၇-၄၁၁၃၃၉၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

0|D|Dit|ykd|Ed|k2^r*'(E|k|D004300|ESif|h trm;o|d|&e|f|unm|if|m|cif

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကမ္ဘဏ္ဍာန်းကျောင်းလမ်း၊ အမှတ်(၃၀၇)တွင်နေထိုင်သော ဦးအယ်စိုး [၁၄/ဓနဖ(နိုင်)၁၀၃၄၆၆] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စထပ(၁)ရွာ၊ ရကက(၄)၊ ခြံအမှတ် (၄/၂/၉)ဖြစ်သော မြေအကျယ်အဝန်း ပေ(၁၂၀×၄၀)ရှိ အိမ်ခြံမြေကို ဗိုလ်ကြီးမောင်ထွန်းထံမှ ၂၈-၂-၂၀၀၄ရက်တွင် ဦးကြင်ခဝ်တွမ်မှ ဝယ်ယူခဲ့ပြီး နောက် ၂၀-၁၁-၂၀၁၃ရက်တွင် ဦးအယ်စိုးထံသို့ ပြန်လည်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်သဖြင့် အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်သူမှာ ဦးအယ်စိုးဖြစ်သဖြင့် ယင်းမြေကွက်ပေါ်တွင် ဦးအယ်စိုး၏ခွင့်ပြုချက်မရဘဲ ကျူးကျော်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းများမပြုလုပ်ရန် ဤကြော်ငြာစာဖြင့် တားမြစ်ပါသည်။ လိုက်နာရန်ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်(ဥပဒေဘွဲ့)

(စဉ်-၆၈၄၈)

တရားလွှတ်တော်ရှေ့နေ

အင်းစိန်ရှေ့နေများအသင်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။

မြန်မာ့ဆက်သွယ်ရေးကွန်ယက် အများပိုင်ကုမ္ပဏီလိမိတက်

တတိယအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာ့ဆက်သွယ်ရေးကွန်ယက် အများပိုင်ကုမ္ပဏီလိမိတက်၏ တတိယအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ရှယ်ယာရှင်များအားလုံးထံသို့ စာတိုက်မှတဆင့်ဆင့်ဖိတ်စာများ ပေးပို့မည်ဖြစ်ပါ ကြောင်း အကြောင်းကြားအပ်ပါသည်။ အစည်းအဝေးသို့ ဖိတ်စာနှင့်တကွ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့် နေ့ရက် - ၁၅-၁၀-၂၀၁၆ (စနေနေ့)

ကျင်းပမည့်အချိန် - နံနက် (၁၀း၃၀) နာရီ မှ (၁၂း၃၀) နာရီထိ

ကျင်းပမည့်နေရာ - ဇမ္ဗူရစ်ရွှေစင်ခန်းမ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရန်ကင်းစင်တာအနောက်ဖက်၊ စက်မှု (၁) လမ်း၊ ရန်ကင်းမြို့နယ်

မြန်မာ့ဆက်သွယ်ရေးကွန်ယက်အများပိုင်ကုမ္ပဏီလိမိတက်



trm;o|d|&e|f|unm|if|m|cif

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၂၉၉/ခ၊ မြေကွက်တည်နေရာ အမှတ်-၂၉၉/ခ၊ မာန်ပြေ(၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရွှတီ [၁၂/သကတ(နိုင်)၁၁၇၃၉၈] အမည်ပေါက် နှစ်(၆၀)ဝန်ထမ်းအား အမည်ပေါက် ဒေါ်ရွှတီ(မိခင်)နှင့် ဦးချိုဟက်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါက်တလုလုဌေး(ခ)ဒေါက်တာသန်းသန်းဌေး[၁၂/သကတ(နိုင်)၁၁၈၃၃၅]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၈-၂-၂၀၁၆ရက်စွဲပါကျမ်းကိုနိုင်လွှာအမှတ်စဉ် (၁၇၃၇/၂၀၁၆)၊ ပုဇွန်တောင်မြို့နယ်တရားရုံး ၏ ၅-၂-၂၀၁၆ ရက်စွဲပါ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကိုနိုင်လွှာမှတ်ပုံတင်အမှတ် (၁၂၅/၂၀၁၆)နှင့် သေစာရင်းများတင်ပြ၍ (ဂရန်မူရင်းပျောက်ဖြင့်)ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုမြစ်မင်းနန့်နှင့်မြေစီမံခန့်ခွဲဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

trm;o|d|&e|f|unm|if|m|cif

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၅၅) ဟု ခေါ်တွင်သော မြေပေါ်ရှိ ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တိုက် အဆောက်အအုံ၏ အခန်းအမှတ်(002)၊ ပထမထပ်၊ အကျယ်ပေ(၁၀၈၁) စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုအောင်က အဖိုးစားနားပေးချေကာ ဝယ်ယူထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်နှင်းယုအောင်၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ပါးထံသို့ လွှဲပြောင်းရောင်းချ စွန့်လွှတ်ပေးကမ်းမှု တစ်စုံတစ်ရာမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းထွန်(အထက်တန်းရှေ့နေ)

(စဉ်-၂၄၉၀၈)

ဖုန်း-၀၉-၇၉၈၂၂၁၃၇၆၊ ၀၉-၄၃၂၀၁၀၅

ue|Sif|Ed|kufu|D|mif|a|umif|m

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၂၉၉/ခ၊ မြေကွက်တည်နေရာ အမှတ်-၂၉၉/ခ၊ မာန်ပြေ(၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရွှတီ [၁၂/သကတ(နိုင်)၁၁၇၃၉၈] အမည်ပေါက် နှစ်(၆၀)ဝန်ထမ်းအား အမည်ပေါက် ဒေါ်ရွှတီ(မိခင်)နှင့် ဦးချိုဟက်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါက်တလုလုဌေး(ခ)ဒေါက်တာသန်းသန်းဌေး[၁၂/သကတ(နိုင်)၁၁၈၃၃၅]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၈-၂-၂၀၁၆ရက်စွဲပါကျမ်းကိုနိုင်လွှာအမှတ်စဉ် (၁၇၃၇/၂၀၁၆)၊ ပုဇွန်တောင်မြို့နယ်တရားရုံး ၏ ၅-၂-၂၀၁၆ ရက်စွဲပါ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကိုနိုင်လွှာမှတ်ပုံတင်အမှတ် (၁၂၅/၂၀၁၆)နှင့် သေစာရင်းများတင်ပြ၍ (ဂရန်မူရင်းပျောက်ဖြင့်)ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုမြစ်မင်းနန့်နှင့်မြေစီမံခန့်ခွဲဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

trm;o|d|&e|f|unm|if|m|cif

၁။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်း၊ အမှတ်(၂၁)၊ (တစ်နည်းအားဖြင့်)ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/A၊ မြေကွက်အမှတ်(၆၆)၊ လူနေနေရပ်ကွက်အမှတ်(၃၆)၊ ဧရိယာအကျယ်အဝန်းပေ(၄၅/၅၀×၁၅/၂၅)ရှိ နှစ်(၉၀)ဝန်ထမ်းကြီး ဒေါ်သန်းခင်(ခ) Ma Bi Bi ဝန်ထမ်းပေါက်ခြေနှင့် ၎င်းမြေပေါ်ရှိအိမ်တွင် (၁) ဦးစိန်ဝင်း[၁၂/တမန(နိုင်)၀၄၃၆၈၈]၊ (၂)ဒေါ်ဌေးဌေးချို [၁၂/တမန(နိုင်)၀၄၃၃၂၂]၊ (၃)ဒေါ်စောဌေးရီ[၁၂/တမန(နိုင်)၀၄၃၃၂၂]တို့သည် ယခုတိုင် အတူနေထိုင်နေကြသည့် မောင်နှမ(၃)ဦးဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ လိပ်စာတွင်နေထိုင်နေကြသော ကျွန်တော်၏မိတ်ဆွေများ၏ မြေဝန်ထမ်းပေါက်သူမှာ ၎င်းတို့၏အတွား ဒေါ်သန်းခင်(ခ) Ma Bi Bi ဖြစ်ပါသည်။ အဘွားဒေါ်သန်းခင်(ခ) Ma Bi Bi နှင့် အဘိုးဦးမောင်ကြီးတို့တွင် တစ်ယောက်တည်းသောသမီး ဒေါ်အုံးကြည်ကိုမွေးဖွားခဲ့ပါသည်။ ထိုတစ်ယောက်တည်းသောသမီး ဒေါ်အုံးကြည်သည် ဦးသိန်းဟန်နှင့်အိမ်ထောင်ကျပြီး ဦးစိန်ဝင်း၊ ဒေါ်ဌေးဌေးချို၊ ဒေါ်စောဌ

IT COMPUTER TRAINING CENTER အိုင်တီကွန်ပျူတာ သင်တန်း HOT LINE - 395353, 253293, 0949290778

GRAPHIC DESIGN
လုပ်ငန်းခွင်သင်ခန်းစာများ ဖြစ်သော Magazine, Journal, Pamphlet,Vinyl,CD\VCD\DVD Cover, Calendar, Wallsheet, Sticker , Logo, Silk Screen နိုင်ငံများ ထေ့ဆွဲခြင်း၊ ကုန်းမျှင်းအမှတ်တံဆိပ်များ၊ မန်တီးစရေးဆွဲခြင်း၊ ဘူးနှံ့နိုင်း ဖိတ်ကြေးပြုပြင်ခြင်း အခြေခံ ကလာသိုဒီဇိုင်းများအကြောင်း အခြေခံ အရောင်များ၊ အကြောင်း၊ အလင်းအမှောင်၊ အရောင်အနေအရင့်သိုဒီဇိုင်း အထားအသို၊ CTP ခွဲခြင်း ပုံနှိပ်ခေတ် ကလာခွဲခြင်း ပုံနှိပ်မှိုက်နိပ်ပြင်ခြင်းများ အကြောင်းကို သင်ကြားပေးပါမည်။

AutoCAD-3ds Max
AutoCAD-3ds Max တွင် Civil Drawing Interior Project တစ်ခု နှင့် Exterior Project တစ်ခုကို Lighting, Texture, Exterior, Interior Concept များနှင့် တကွ Finalized သင်ကြားပေးမည်။ Construction Fields များတွင် လုပ်ကိုင်နေသော Civil Engineer များ၊ Design Fields များတွင် ဝင်ရောက်လုပ်ကိုင်လိုသော Archi Engineer များ၊ မိမိ၏ Design ကို Finalized ချပြုလိုသော Design Engineer များ၊ Home Decoration Designer အဖြစ် သွားရောက်လေ့လာ ဆည်းပူးလိုသူများအထူးတက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။

Service Technician
Comp TIA A+, N+ Book ကို သင်မိုးအဖြစ်ထားပြီး၊ သင်ကြားပေးသည်။ Computer တစ်လုံး၏ Software,Hardware အပိုင်းများကို သင်ကြားပေးမည်အပြင် အင်တာနက်ဆိုင်၊ ဂိမ်းဆိုင်၊ ရုံး၊ ကုမ္ပဏီများတွင် Network ချိတ်ဆက်မှု အပိုင်း Server အပိုင်းများကိုကျွမ်းကျင်ပြီး Professional Service Technician တစ်ယောက် ဖြစ်သောင့် သင်ကြားပေးသော တန်းခွဲ ဖြစ်ပါသည်။ တစ်ရက်လျှင် (၃) နာရီစာမပတ်(၆)ရက်၊ သင်တန်းကာလ (၃လ) ကြာမြင့်မည်။ သင်တန်းပြီးဆုံး၍ ကျွမ်းကျင်မှုမရှိပါက ခေတ်တန်ခွဲသို့ အခမဲ့ ကျွမ်းကျင်သင့်အထိ တက်ရောက်သင်ကြားနိုင်ပါသည်။

MOBILE PHONE
မိုဘိုင်းလေးကတိ နာမည်အကြီးဆုံး နှင့် အသုံးပြုသူအများဆုံး Apple ၏ IOS နှင့် Google ၏ Android OS ပိုင်းကို ကျွမ်းကျင်မှုရှိအောင်ရုံမျှသာ မသုံးပေါင်းမှုကျော်ပြီး Software ပိုင်းအားသင်ကြားရုံမျှမက Hardware အတန်းတွင် Electronic ကျွမ်းကျင်ရန်ကို ဦးစားပေးသင်ကြားပြီး အင်တာနက်ကွန်ယက်များ၊ အခြေခံ အသုံးပြုနည်းများကို သင်ကြားပေးသည်။ သင်တန်းပြီးဆုံး၍ မကျွမ်းကျင်သေးပါက တန်ခွဲသင်ကြားပေးခြင်း ရှင်းပညာနှင့်ထုံးစံအောက်လမ်းများအသေးကျည်ပေးခြင်း ဆိုတဲ့ပုံစံဝန်ခံကုန်နှင့် အပ်ချည်ချွေပြင်ကတ်ဆင်ကဒ်လျှောရောင်းယူသူများ၊ ပြင်ဆိုရာတွင်ကပေးပေး ခြင်းများဖြင့် သင်ကြားပေးမည်။

ADVANCED EXCEL
စာရင်းသင်များအတွက် ကွန်ပျူတာပြင်ဆင်ခင်းစာရင်းသွင်းစာတွင်အသေးဆုံးကျသော Microsoft Excel သည်ကျမ္ဘာတိုများ ရုံးများတွင်အသုံးများသော Software တစ်ခုဖြစ်သည်။ စာရင်းသွင်းခြင်းအခြေခံမှစ၍ စာရင်းများ၊ ကျမ်းကျင်စွာ အသုံးပြုနိုင်သည်အထိ လေးကျင့် သင်ကြားပေးမည်။ Adv Excel တွင် Table များ၊ ဘယ်အောက် စာရင်းသွင်းခြင်းမှ စ၍ Formula များ၊ Function များ၊ အသုံးပြုပ်ကျက်ချက်ခြင်း၊ Database များ ရေးဆွဲခြင်း၊ လေ့ကျင့်စာရင်း ပြုလုပ်ခြင်း၊ လုပ်ငန်းစားများတွက်ချက်ခြင်းများ ပြုလုပ်ခြင်း၊ စာရင်းကိုက် အသုံးပြုလိုသူများ၊ အလွှာ ပြန်မာစာ အင်္ဂလိပ်စာကို ကျွမ်းကျင်ကျင်မိုက်တက်ရေးနှင့်သင်ကြားပေးသည်။

Computer Basic
ကွန်ပျူတာ ဘေင်းလေးထလိုသူများအနေဖြင့် အခြေခံမူရေး၊ Software များ ဖြစ်သည့် Word, Excel, Power Point, PageMaker များကို လုပ်ငန်း လိုအပ်ချက်အပေါ်၊ ဒီဇိုင်းကဏ္ဍ အသုံးပြုနိုင်ရန် သင်ကြားပေးပါသည်။ ကျူတီများ နှင့် ရုံးများတွင် ရုံးစာများ ရိုက်ခြင်း၊ စာရင်းဇယားများ ဆွဲခြင်း၊ လေ့ကျင့်စာရင်းများ ရိုက်ခြင်း နှင့် Power Point ဖြင့်လုပ်ငန်း Project များကို Presentation ပြုလုပ်ခြင်း၊ စာတိုစာရိုက် အသုံးပြုလိုသူများ၊ အလွှာ ပြန်မာစာ အင်္ဂလိပ်စာကိုကျွမ်းကျင်ကျင်မိုက်တက်ရေးနှင့်သင်ကြားပေးသည်။

ပုံစံ၊ ကြေငြာ၊ ကိုးကားချက်

